ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 April 2020 ၉၈၇၉

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၂၀)ကြိမ်မြောက် အစည်းအဝေး တက်ရောက်

## နိုင်ငံနှင့်ပြည်သူအကျိုးကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များကိုသာ စိစစ်ခွင့်ပြု



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၇

ဘဏ္ဍာရေးကော်မရှင် (၁/ ၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးဝင်းမြင့် တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Quarantine မှ ထွက်လာသူများနှင့် ပတ်သက်၍ သတင်းစကားပါး

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Quarantine မှ ထွက်လာသူများနှင့်ပတ်သက်၍ ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည်-

Quarantine က ထွက်လာသူတွေ၊ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းနဲ့ ညွှန်ကြားချက်တွေကို မလိုက်နာရင် ရောဂါဖြစ်ဖို့ အန္တရာယ်ကြီးတယ်ဆိုတာ မမေ့ကြပါနဲ့။

COVID-19 စိန်ခေါ်မှုကို တာဝေးအပြေးသမားစိတ်ဓာတ်နဲ့ ရင်ဆိုင်ရမှာပါ။ ရေရှည်ရပ်တည်နိုင်ဖို့ အားတွေမွေးရပါမယ်။ တစ်ရက်ချင်း၊ တစ်ရက်ချင်းကို မှန်ကန်တည်ငြိမ်စွာ၊ အင်အားမပြုန်းတီးအောင် သတိနဲ့ ဖြတ်သန်းသွားကြဖို့လိုပါမယ်။

အစိုးရိမ်လွန်ခြင်းဟာ သတိရှိခြင်း မဟုတ်ပါဘူး။ သတိအားနည်းလို့ အစွန်းဘက်ကို ချော်သွားတာပါ။ တာဝန်အရ ဆောင်ရွက်တာတွေကို မကျေနပ်လို့ ကြမ်းကြမ်းတမ်းတမ်းပြုမူမှုတွေကြောင့် ဥပဒေအရ အရေးယူရတာတွေ တောင်ရှိပါတယ်။

Masks တွေ လုံလုံလောက်လောက်ရနိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်နေပါတယ်။ အိမ်မှာချုပ်ကြတာကော အဆင်ပြေနိုင်မလား၊ ဒါတွေလည်းစဉ်းစားရပါတယ်။ ကျွန်မတစ်ခုစမ်းချုပ်နေပါတယ်။

အခက်ခဲဆုံးကာလတွေဟာ ဖြူစင်တဲ့မေတ္တာ၊ စေတနာရဲ့အရောင် အတောက်ပဆုံးအချိန် ဖြစ်ပါတယ်။

တတ်နိုင်တဲ့နည်းနဲ့ COVID-19 ရောဂါ ကာကွယ်နှိမ်နင်းရေးမှာ ပါဝင်ပံ့ပိုးကူညီနေတဲ့ ကျွန်မတို့ ပြည်သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။

မေတ္တာခြုံလို့ လုံပါစေ၊

စေတနာဆောင်လို့ အောင်ပါစေ။

- **COVID-19 စိန်ခေါ်မှုကို တာဝေးအပြေးသမား စိတ်ဓာတ်နဲ့ ရင်ဆိုင်ရမှာပါ။**
- **အခက်ခဲဆုံးကာလတွေဟာ ဖြူစင်တဲ့ မေတ္တာ၊ စေတနာ ရဲ့အရောင် အတောက်ပဆုံးအချိန်ဖြစ်**

ကြေးမုံ ယနေ့ ဖတ်စရာ

■ မြန်မာနိုင်ငံသူ နိုင်ငံသားများ ကပ်ရောဂါ ဘေးအန္တရာယ် ကင်းဝေးစေဖို့...... စာမျက်နှာ » ၆

■ Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားနှစ်ထောင်ကျော်တစ်လတာ အခမဲ့ ပြသလျက်ရှိ စာမျက်နှာ » ၈

■ COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅



## ကြေးမုံ

## ပူးပေါင်းဆောင်ရွက်၍ မေတ္တာ၊ ကရုဏာပွားစေလို

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံကာ အရှိန်အဟုန်မပျက်ဆောင်ရွက်နေရာ လက်ရှိအချိန်အထိ အနေအထားကောင်းများရှိနေသည်။ ကိုဗစ် - ၁၉ ရောဂါပြန့်ပွားခြင်းမရှိစေရန် ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများလုပ်ကိုင်ရာ၌ အခြေအနေအရ စီးပွားရေးလုပ်ငန်းများကို ကန့်သတ်မှုများပြုလုပ်ခဲ့ရာ ပြည်သူတို့၏ လူမှုစီးပွားထိခိုက်နစ်နာမှုများ ရှိမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ စီးပွားရေးနှင့် ကျန်းမာရေးအခြေအနေများ မထိခိုက်အောင်၊ ကာကွယ်ထားနိုင်အောင် အချိန်ပြည့်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အခြေခံပြည်သူများ၏စားဝတ်နေရေးထိခိုက်မှုမရှိအောင်အလေးထားစီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့ရေးအစီအစဉ်တစ်ခုကို ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ဧပြီလ ၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ရာ ပြည်သူများအတွက် ဝမ်းမြောက်မိသည်။

မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလသည် နိုင်ငံ့ဝန်ထမ်းများအတွက်သာမက အခြေခံပြည်သူများအတွက် အရေးကြီးသောကာလဖြစ်သည်။ အဓိကအားဖြင့် ရောဂါတွေ့ရှိမှုများအပေါ် သင်ခန်းစာယူ၍ ရုံးပိတ်ရက်ရှည်ကာလတွင် ရောဂါဖြစ်ပေါ်မှုကို ဟန့်တားနိုင်ရန်အတွက် ကန့်သတ်မှုများ ပိုမိုပြုလုပ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ထိုကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ၊ စုစုပေါင်းထောက်ပံ့ကူညီမှု ငါးမျိုးစီကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်နေ့မှ စတင်၍ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆိုပါအစီအစဉ်ကို ဆောင်ရွက်ရာတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုစာရင်းကို တိတိကျကျ မှန်မှန်ကန်ကန် ကောက်ယူနိုင်ရေးမှာ အရေးကြီးသော အချက်ဖြစ်သည်။ မလိုလားအပ်သော လေလွင့်မှုများ၊ ကြန့်ကြာမှုများ၊ ကျန်ရစ်မှုများ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှုဖြင့် စာရင်းကောက်ယူခြင်း၊ ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း စသည်တို့ကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတလူငယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

ထို့အပြင် ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမပါ) အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ် ၁၅၀ အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ကို ဧပြီလကုန်အထိ ခံစားခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ကိုဗစ်-၁၉ ရောဂါဘေး နောက်ဆက်တွဲ လူမှုစီးပွားဂယက်ရိုက်ခတ်မှုကြောင့် ပြည်သူလူထု အခက်အခဲဖြစ်ပေါ်နေချိန်တွင် နိုင်ငံတော်အစိုးရက ယခုကဲ့သို့ ထောက်ပံ့မှုပြုလုပ်ခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါသည်။

နိုင်ငံတော်အစိုးရက ပြည်သူလူထုအတွက် ဤသို့အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေသလို ပြည်သူလူထုအားလုံးကလည်း ရောဂါကာကွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ပြည်သူအချင်းချင်းကြား ညီညွတ်မှုတည်ဆောက်ရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ အများအတွက် အန္တရာယ်၊ အများအတွက် အခက်အခဲများကို ဖြေရှင်းပေးနေ ချိန်တွင် ပူးပေါင်းပါဝင်ခြင်းမရှိဘဲ နှောင့်ယှက်ဟန့်တားမှုများ၊ ကိုယ်ကျိုး အတွက် စီးပွားရေးအမြတ်ထုတ်မှုများ မပြုလုပ်ကြရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး မေတ္တာ၊ ကရုဏာပွားစေလိုပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် မတ်လမှစ၍ နိုင်ငံ့ဝန်ထမ်းများနှင့် ငွေသွင်း၊ ငွေထုတ်ရောက်ရှိလာသူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။



### ကူညီဆောင်ရွက်

"ကျွန်မတို့ မြန်မာ့စီးပွားရေးဘဏ်မှာတော့ ငွေသွင်း၊ ငွေထုတ်လာရောက်သူအားလုံးကို အပြင်မှာ လက်သန့်စင်စေခြင်း၊ အပူချိန်တိုင်းတာပေးခြင်းများဆောင်ရွက်ပြီးမှ အထဲဝင်ရောက်စေပါတယ်။ ကိုဗစ်-၁၉ ရောဂါကင်းစင်စေရန်အတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သက်ဆိုင်ရာမြို့နယ်၊ ဌာနအဖွဲ့အစည်းတွေက ကူညီဆောင်ရွက်ပေးမှုနဲ့အတူ ပိုးသတ်ဆေးဖျန်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)မှ ဘဏ်ခွဲမန်နေဂျာ ဒေါ်ခင်လေးငယ်က ပြောသည်။

မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာက ကြီးကြပ်၍ မြန်မာ့စီးပွားရေးဘဏ် (တိုင်းဒေသကြီးရုံး)၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘဏ်ခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ ငွေစုဘဏ်ခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ မြောက်ဥက္ကလာ၊ တာမွေ၊ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မှော်ဘီ၊ ထန်းတပင် (အင်းစိန်)၊ တိုက်ကြီး၊ မင်္ဂလာဒုံ၊ လှည်းကူး၊ သန်လျင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ ကိုကိုးကျွန်းဘဏ်ခွဲများသို့ လာရောက်ကြသည့် ပြည်သူများ၊ ပင်စင်စားများနှင့် ဘဏ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရန် ကျန်းမာရေးစစ်ဆေးမှုများ၊ ပိုးသတ်ဆေးဖျန်းပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းသစ်**

❑

## ဟားခါးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဌာနဆိုင်ရာရုံးများအား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

ဟားခါး ဧပြီ ၇

ချင်းပြည်နယ် ဟားခါးမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးနှင့် အရေးပေါ်



ကာလအတွင်း ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ချင်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အတူ ဟားခါးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသျှန်နွမ်မောင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီတွင် ဟားခါးမြို့ရှိ ဌာနဆိုင်ရာရုံးများအား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ပိုးသတ်ဆေးဖျန်း

မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်ရှစ်ဦးတို့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်နယ်၊ မြို့နယ်စာရင်းစစ်ရုံး၊ ခရိုင်၊ မြို့နယ်တရားရုံး၊ မြို့နယ်အခွန်ရုံး၊ မြို့နယ်ရဲစခန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့ရုံးတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**

❑

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၁၀,၅၀၀ | ၁,၄၇၂ | ၁၅,၁၄၉,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၇၀၀ | ၄,၀၇၆ | ၁၄,၈၇၃,၃၅၀ |
| MCB | ၈,၁၀၀ | ၈,၀၀၀ | ၃၁၉ | ၂,၅၅၂,၂၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၅၀၀ | ၂၈၅ | ၅,၉၈၆,၅၀၀ |
| TMH | ၂,၆၅၀ | ၂,၇၅၀ | ၃,၀၆၅ | ၈,၄၂၈,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၇

ရန်ကုန်(ရွှေဈေး) ၁၁၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၇၀/၄၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၈၀/၄၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၃၅/၃၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၉.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၅.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၂၉၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၃.၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၁၈၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၀.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၃၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၄.၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၇.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတည်ပြုပေးရန်**

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်(၁/ ၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များက ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုထောက်ခံပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေး ဆွေးနွေးဆုံးဖြတ်ကြရန်ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေသည် အသုံးစရိတ်တစ်ခုအတွက် မူလခွင့်ပြုငွေနှင့် လုံလောက်မှုမရှိခြင်း၊ မူလခွင့်ပြုငွေဘောင်အတွင်းမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲရန် မလုံလောက်ခြင်းတို့ကြောင့် လိုအပ်သည့် ငွေရပ်ကိုသာ တောင်းခံရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖြည့်စွက် ခွင့်ပြုငွေတောင်းခံရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်ပြီး ရန်ပုံငွေ မလုံလောက်သည့် ကိစ္စများအတွက် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့် ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ မူလခွင့်ပြုချက်ရရှိပြီးသည့် လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်သည့် ငွေရပ်ကိုသာ တောင်းခံရမည်ဖြစ်ပါကြောင်း၊ ဖြည့်စွက် ခွင့်ပြုငွေကို သုံးစွဲခြင်းမပြုနိုင်၍ ပြန်လည်အပ်နှံရပါက ဌာန၊ အဖွဲ့အစည်းများအတွက် ကြီးလေးသည့် ချို့ယွင်းချက်ဖြစ်သည့်အတွက် မဖြစ်မနေသုံးစွဲရန် လိုအပ်သည့်အသုံးစရိတ်များကိုသာတောင်းခံကြရမည်ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုတွင် အဓိကအားဖြင့် ဝန်ထမ်းများအတွက် ထပ်မံလိုအပ်သည့်လစာငွေ၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပင်စင်၊ အတိုးပေးငွေများ၊ အရင်းပေးဆပ်ရန် ထပ်မံလိုငွေများ၊ နိုင်ငံတော်သို့ ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ခြင်းကြောင့် ထပ်မံလိုငွေ၊ ထပ်မံရရှိမည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေတို့နှင့် ဆောင်ရွက်မည့် အသုံးစရိတ်များ၊ ဆောင်ရွက်ဆဲတည်ဆောက်ရေးလုပ်ငန်းများ၊ မြေယာလျော်ကြေးများအတွက် တောင်းခံထားသည်ကို တွေ့ရှိရပါကြောင်း။

**စိစစ်ထားပြီးဖြစ်**

ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယသမ္မတ (၁) က ထပ်ဆင့်စိစစ်ထားပြီးဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုကိုလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဒုတိယသမ္မတ(၂)တို့က စိစစ်ထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထပ်မံခွင့်ပြုပေးမည့် အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရန် တာဝန်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံခြားသုံးငွေနှင့် သုံးစွဲမှုများကိုလည်း ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တတ်နိုင်သမျှ နိုင်ငံခြားသုံးငွေဖြင့် သုံးစွဲမည့်အစား ပြည်တွင်းကျပ်ငွေဖြင့်သာ သုံးစွဲကြရန် အထူးမှာကြားလိုပါကြောင်း။

**ကြိုတင်သုံးသပ်တွက်ချက်**

လက်ရှိအခြေအနေတွင် COVID-19 ကြောင့်ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ကမ္ဘာ့ကပ်ရောဂါဆိုးတစ်ခုအနေဖြင့် ဖြစ်ပေါ်နေခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေးအပေါ် သက်ရောက်မှုများ ရှိလာပါကြောင်း၊ ကမ္ဘာ့စီးပွားရေး ကျဆင်းမှုသည် မိမိတို့နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းအပေါ် သက်ရောက်မှုရှိမည် ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ကျဆင်းမှုရှိနိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအပေါ် ထိခိုက်နိုင်မှုကိုလည်း ကြိုတင်သုံးသပ် တွက်ချက်ထားရမည်ဖြစ်ပါကြောင်း။

အခွန်အကောက်ရငွေ လျာထားချက်အပေါ်တွင်လည်း သက်ရောက်မှုရှိနိုင်သဖြင့် အသုံးစရိတ်များကို ပိုမိုပြီး စိစစ်သုံးစွဲကြစေလိုပါကြောင်း၊ ရငွေပေါ်မူတည်ပြီး အသုံးစရိတ်ကို ခွဲဝေပေးရသည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာတွင် လိုငွေပမာဏမများစေရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များကိုသာ စိစစ်ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ထပ်မံရရှိသည့် ဖြည့်စွက်ခွင့်ပြုငွေများကို ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းဖြစ်စေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုကြရန်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေး ပြည့်မီစေရန်အတွက် စစ်ဆေးကြပ်မတ် စီမံဆောင်ရွက်သွားကြရန်ကိုလည်း အထူးမှာကြားလိုပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေကိုတတ်နိုင်သမျှ လျာထားချက်ပြည့်မီအောင် ရှာဖွေကြရမည်ဖြစ်ပြီး အသုံးစရိတ်များကို သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ထိရောက်စွာ အလေအလွင့် မရှိအောင် စိစစ်သုံးစွဲကြရန် လိုအပ်ပါကြောင်း။

**အထူးသတိပေးမှာကြားလို**

ထို့ပြင် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများအားလုံးကို အထူးသတိပေး မှာကြားလိုသည်မှာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်မညီသော တင်ဒါခေါ်ယူမှုများ၊ တင်ဒါစည်းမျဉ်းများအတွင်း လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်မှုများကို ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် ၁/ ၂၀၁၇ နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ ယင်းသို့တောင်းခံမှုအပါအဝင် ရငွေ၊ သုံးငွေပြောင်းလဲမှုများအရ ပြန်လည်ရေးဆွဲထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြုပြင်ပြီးရသုံးမှန်းခြေစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန် ပြောကြားသည်။

ဆက်လက်၍ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားမှုမှာ သာမန်အသုံးစရိတ်တွင် ငွေကျပ် ၂၁၀၀ ဒသမ ၄၇၆ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ငွေကျပ် ၄၂၁ ဒသမ ၄၇၈ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ်တွင် ငွေကျပ် ၈၈ ဒသမ ၈၅၈ ဘီလီယံ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဌာန၊ အဖွဲ့အစည်းများ၏ ထပ်မံတိုးမြှင့်သုံးစွဲငွေမှာ ငွေကျပ် ၅၀ ဒသမ ၁၇၅ ဘီလီယံဖြစ်ပြီး စုစုပေါင်းဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုမှာ ငွေကျပ် ၂၆၆၀ ဒသမ ၉၈၇ ဘီလီယံဖြစ်ပါကြောင်း။

**လိုငွေနှင့် ဂျီဒီပီ အချိုး**

ဌာနအဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး မိမိအနေဖြင့်လည်း ထပ်မံစိစစ်ပြီးချိန်တွင် လိုငွေနှင့် ဂျီဒီပီ အချိုးသည် ၅ ဒသမ ၅၃ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေအတွက်ထောက်ပံ့ငွေကို ခွင့်ပြုခဲ့ရာတွင်လည်း ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းများနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ထောက်ပံ့ငွေကျပ် ၅၉ ဒသမ ၅၁၈ ဘီလီယံကို ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေမှ ပိုလျှံငွေအပ်နှံမှု များစွာမရှိစေရန်၊ ဘတ်ဂျက်ခန့်မှန်းမှု အားကောင်းလာစေရန်တို့အတွက် ဌာန၊ အဖွဲ့အစည်းများက တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၉၈၇ ဒသမ ၆၅၆ ဘီလီယံ အနက် ငွေကျပ် ၂၆၆၀ ဒသမ ၉၈၇ ဘီလီယံကိုသာ စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

**ရငွေအခြေအနေ**

ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ရငွေပိုင်းတွင် မူလခန့်မှန်းခြေစာရင်းတွင် ငွေကျပ် ၂၅၁၉၉ ဒသမ ၇၆၀ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေတွင် ငွေကျပ် ၂၇၂၂၇ ဒသမ ၉၈၀ ဘီလီယံဖြစ်သည့်အတွက် ရငွေအခြေအနေသည် မူလခန့်မှန်းခြေစာရင်းထက် ငွေကျပ် ၂၀၂၈ ဒသမ ၂၂၀ ဘီလီယံ တိုးလာပါကြောင်း။

အသုံးစရိတ်ပိုင်းအနေဖြင့် မူလခန့်မှန်းခြေစာရင်းတွင် ငွေကျပ် ၃၁၉၁၈ ဒသမ ၈၉၁ ဘီလီယံဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များကို လိုငွေအတွက် ထပ်မံထောက်ပံ့ငွေကျပ် ၅၉ ဒသမ ၅၁၈ ဘီလီယံ အပါအဝင်ခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေမှာ ငွေကျပ် ၂၆၆၀ ဒသမ ၉၈၇ ဘီလီယံဖြစ်သည့်အတွက် ပြုပြင်ပြီးခန့်မှန်းခြေအသုံးစရိတ်သည် ငွေကျပ် ၃၃၈၀၅ ဒသမ ၈၃၅ ဘီလီယံဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေရေးဆွဲချိန်တွင် ဂျီဒီပီတန်ဖိုးမှာ ငွေကျပ် ၁၁၈၉၃၅ ဒသမ ၁၀၆ ဘီလီယံ၊

စာမျက်နှာ ၄ သို့ ☆

# သံအမတ်ကြီး ဦးမျိုးသန့်ဖေအား မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးသန့်ဖေအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန် လိုငွေနှင့် GDP အချိုးကို ငါးရာခိုင်နှုန်းထက် ကျော်လွန်ခွင့်ပြုခဲ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေမည့် လျှပ်စစ်မီးရရှိရေး၊ လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ အသုံးစရိတ်ကို ပိုမိုတိုးမြှင့်သုံးစွဲထား**

☆ စာမျက်နှာ ၃ မှ

အသားတင်လိုငွေမှာ ငွေကျပ် ၆၅၇၇ ဒသမ ၈၅၅ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည် ၅ ဒသမ ၅၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအပါအဝင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး ထောက်ခံအတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

### ထောက်ပံ့ငွေအဖြစ် ခွင့်ပြု

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေ ငွေစာရင်းတွင် တိုင်းဒေသကြီး/ပြည်နယ်များ အရအသုံး လျာထားမှုအခြေအနေမှာ စုစုပေါင်းရငွေကျပ် ၁၂၁၀ ဒသမ ၇၀၄ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၃၃၂၅ ဒသမ ၀၉၀ ဘီလီယံ၊ အသားတင်လိုငွေ ငွေကျပ် ၂၁၁၄ ဒသမ ၃၈၆ ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေ ငွေစာရင်းတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကျပ် ၂၁၁၄ ဒသမ ၃၈၆ ဘီလီယံကို ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အခွန်ဝေစုများကို ခွဲဝေပေးလျက်ရှိပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်များက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် ၎င်းတို့၏ ရငွေရရှိမှု၊ အခွန်ဝေစုရရှိမှု၊ မူလခန့်မှန်းခြေ လျာထားချက်စသည်တို့အပေါ်အခြေခံပြီး မူလခန့်မှန်းခြေငွေစာရင်းအရ ထောက်ပံ့ပေးခဲ့သည့် ပမာဏအပေါ် ၃ ရာခိုင်နှုန်း အမြင့်ဆုံး ညွှန်းကိန်းထားပြီး စိစစ်လျှော့ချခဲ့ပါကြောင်း။

စိစစ်မှုများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု၊ စိစစ်လျှော့ချမှုနှင့် ခွင့်ပြုနိုင်မှု အခြေအနေများမှာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု ငွေကျပ် ၃၉၉ ဒသမ ၆၅၈ ဘီလီယံ၊ စိစစ်လျှော့ချမှု ငွေကျပ် ၉၅ ဒသမ ၅၅၄ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုမှု ငွေကျပ် ၃၀၄ ဒသမ ၁၀၄ ဘီလီယံ ဖြစ်ပါကြောင်း။

### အရည်အသွေးပြည့်မီ

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဒေသအတွင်းတွင်ရရှိမည့် ဘဏ္ဍာငွေအရင်းအမြစ်နှင့် ပြည်ထောင်စုမှ ခွဲဝေပေးထားသည့် ဘဏ္ဍာငွေများကို မိမိဒေသအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုသွားကြရန်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန် လိုအပ်သည့်အပြင် ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ တင်ဒါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအပေါ် စိစစ်ခွင့်ပြုထားသော ဖြည့်စွက်ခွင့်ပြုငွေကျပ် ၃၀၄ ဒသမ ၁၀၄ ဘီလီယံနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုက ထပ်မံထောက်ပံ့ပေးရမည့် ငွေကျပ် ၅၉ ဒသမ ၅၁၈ ဘီလီယံတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဆွေးနွေးကြပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### စစ်ဆေးကြပ်မတ်

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လျာထားသည့် အသုံးစရိတ်နှင့် အမှန်တကယ်သုံးစွဲသည့် အသုံးစရိတ်များသည့် နီးစပ်မှုရှိသင့်သည့်အပြင် သုံးစွဲသည့်အသုံးစရိတ်များသည် ပြည်သူကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် လုပ်ငန်းများဖြစ်ရန်၊ မိမိဒေသအတွက်နှင့် ဒေသခံပြည်သူများအတွက် ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများတွင်သုံးစွဲရန်၊ ပြည်ထောင်စုအနေဖြင့် ခွဲဝေပေးသည့် အသုံးစရိတ်များကို ရုံးချုပ်က ချုပ်ကိုင်ထားခြင်းမျိုး မဖြစ်စေဘဲ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အသုံးစရိတ်ကို စနစ်တကျ စီမံခန့်ခွဲပြီး လုပ်ပိုင်ခွင့်များ ခွဲဝေပေးရန်၊ ထပ်မံခွဲဝေရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲကြသည့်အခါ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန် လိုငွေနှင့် GDP အချိုးကို ငါးရာခိုင်နှုန်းထက် ကျော်လွန်ခွင့်ပြုခဲ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေမည့် လျှပ်စစ်မီးရရှိရေး၊ လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ အသုံးစရိတ်ကို ပိုမိုတိုးမြှင့်သုံးစွဲထားပြီး တစ်ဖက်တွင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ယခင်နှစ်များကထက် အသုံးစရိတ် ပိုမိုသုံးစွဲခဲ့ပါကြောင်း။

ဌာနအဖွဲ့အစည်းများအနေဖြင့် မူလခန့်မှန်းခြေငွေစာရင်းတွင် တစ်နှစ်စာ ခွဲဝေချထားပေးပြီးဖြစ်သည့်အတွက် မိမိတို့ရရှိသည့် အသုံးစရိတ် ခွင့်ပြုငွေအတွင်းတွင် စိစစ်သုံးစွဲနိုင်ရန် အားထုတ်ကြိုးပမ်းသင့်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ တောင်းခံရန်မလိုအပ်လေ ကောင်းလေဖြစ်သည့်အတွက် တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေတိုင်းကိုလည်း ခွင့်ပြုပေးမည် မဟုတ်ကြောင်း၊ ရငွေအမှန်တကယ် ပိုမိုရရှိနိုင်ခြင်းမရှိဘဲ ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံတောင်းခံလိုသည့်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် ရငွေကို တိုးမြှင့်လျာထားခြင်းမျိုးများ မဖြစ်သင့်ပါကြောင်း၊ မူလခွင့်ပြုချက် ရရှိထားပြီး မဖြစ်မနေသုံးစွဲရန် ထပ်မံလိုအပ်သည့် အသုံးစရိတ်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဦးစားပေးသုံးစွဲရမည့် အသုံးစရိတ်၊ အချိန်မီလည်း ပြီးစီးနိုင်မည့် အသုံးစရိတ်များကိုသာ ခွင့်ပြုပေးနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏မူဝါဒ၊ ဦးတည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက လျာထားချက်ပါ အသုံးစရိတ်များကို ထိရောက်စွာသုံးစွဲ အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

### ဘဏ္ဍာရေးစည်းမျဉ်းတွင် ပြဆို

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် အသုံးစရိတ်များအတွက် ခွင့်ပြုချက်ရရှိပြီးပါက သုံးစွဲနိုင်မည့်ကာလသည် လေးလခန့်သာရှိသည့်အတွက် လုပ်ငန်းပြီးပြတ်အောင် မဆောင်ရွက်နိုင်ပါက ပိုလျှံငွေပြန်အပ်ရသည့်အခါ ဘတ်ဂျက်လျာထားမှုစွမ်းရည် အားနည်းမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမှန်တကယ် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအတွက်သာ တောင်းခံသင့်ပါကြောင်း၊ ရရှိထားသည့် ခွင့်ပြုငွေကို မသုံးစွဲနိုင်ပါက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးမရှိသလို လာမည့် ဘဏ္ဍာနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရန်လည်း အချိန်မီဆောင်ရွက်နိုင်ခြင်းရှိမည် မဟုတ်သည်ကို သတိပြုကြစေလိုပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေကို အခြားခေါင်းစဉ်တစ်ခုသို့ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခွင့်မရှိသလို ပြန်လည်အပ်နှံပါကလည်း ကြီးလေးသည့် ချို့ယွင်းချက်ဖြစ်ကြောင်း ဘဏ္ဍာရေးစည်းမျဉ်းတွင် ပြဆိုထားပါကြောင်း။

### အလေအလွင့်မရှိအောင်

ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများရှိသည့် ဌာနများအနေဖြင့်လည်း အမှန်တကယ်ရရှိနိုင်မည့် ပမာဏကိုသာ ခန့်မှန်းလျာထားရန်နှင့် ပြည်ပအကူအညီများကို အချိန်ဇယားနှင့်အညီ ထုတ်ယူသုံးစွဲနိုင်အောင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ပြည်ပချေးငွေများသည် ပြန်လည်ပေးဆပ်ရမည့်ငွေများဖြစ်သည့်အတွက် ဂရုစိုက်ပြီး အလေအလွင့်မရှိအောင် သုံးစွဲကြရန်လည်း လိုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြထားသည့်အတိုင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိအောင် ထိရောက်စွာ သုံးစွဲကြရန် အလေးအနက်ပြောကြားလိုပါကြောင်း ပြောကြားသည်။

သတင်းစဉ်

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



**ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]*



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်



ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်

**✳ ကျောဖုံးမှ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်၊ ဒေါက်တာမင်းရဲပိုင်ဟိန်း၊ ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် ဗဟိုကော်မတီ အစည်းအဝေးသည် (၁၀)ကြိမ်မြောက်ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ၂၀၂၀ပြည့်နှစ်၏ ပထမအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း။

ဒီမိုကရေစီလူ့အဖွဲ့အစည်း တည်ဆောက်နိုင်ရေး၊ အစိုးရဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့်စာရင်းအင်းများသည် မရှိမဖြစ် လိုအပ်သည့် အစိတ်အပိုင်းဖြစ်သည့်အတွက် အခြေခံစည်းမျဉ်းများနှင့်ကိုက်ညီပြီး ပွင့်လင်းမြင်သာစွာ ဆုံးဖြတ်ချက်ချမှတ်နိုင်သော အကျိုးရှိစွာ ဆန်းစစ်နိုင်သည့် စာရင်းအင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အချက်အလက်နှင့် မူဝါဒချိတ်ဆက်မှုသည် အလွန်အရေးပါသည့်အတွက် စာရင်းအင်းထုတ်ပြန်သူနှင့် အသုံးပြုသူအကြား အပြန်အလှန် ဆွေးနွေးမှုများကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံတကာကတိကဝတ်များနှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ(Sustainable Development Goals–SDGs)ကို အကောင်အထည်ဖော်ဆောင်နေကြသကဲ့သို့ မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လျော်ညီသည့် ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ထည့်သွင်းထားသည့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan–MSDP) (၂၀၁၈–၂၀၃၀) ကို အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှုနှင့်ထိရောက်မှုများကို စောင့်ကြည့်အကဲဖြတ်နိုင်စေရေးအတွက် အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework–NIF)တစ်ရပ် ပေါ်ထွက်လာစေရေးကို ဗဟိုစာရင်းအင်းအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုကာလတွင် အမျိုးသားညွှန်ကိန်းမူဘောင် လုပ်ငန်းစဉ်သည် ညွှန်ကိန်းများ၏ တူညီသည့် အဓိပ္ပာယ်သတ်မှတ်ချက်၊ သဘောတရားနှင့် တွက်ချက်နည်းများပါဝင်သောအချက်အလက် Metadata များကို ဖော်ထုတ်နိုင်ရန် အဆင့်အထိ ရောက်ရှိနေပြီ ဖြစ်ကြောင်းနှင့် တတိယအကြိမ်မြောက် Metadata အကောင်အထည် ပေါ်ပေါက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဗဟိုစာရင်းအင်းအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်ပြီးဖြစ်သည်ကို သိရှိရကြောင်း။

မြန်မာနိုင်ငံ၏ စာရင်းအင်းစနစ်သည် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် စာရင်းအင်းစနစ် (Decentralized Statistical System)ဖြစ်သည့်အတွက် ယခု အမျိုးသားညွှန်ကိန်းမူဘောင်လုပ်ငန်းစဉ်တွင် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာညွှန်ကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အပိုင်းများ အလိုက် တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားညွှန်ကိန်းမူဘောင်တွင် ပါဝင်သည့် ညွှန်ကိန်းများသည် MSDP တွင် ပါဝင်သည့်စီမံကိန်းများ၏ Outputs Level, Outcomes Level မှသာမက Strategic Level, Impact Level အထိ တိုင်းတာနိုင်အောင် ရေးဆွဲထားခြင်းဖြစ်သည့်အတွက် အချို့ညွှန်ကိန်းများကို တွက်ချက်ရာတွင် ဌာနတစ်ခုတည်းက တာဝန်ယူဆောင်ရွက်ခြင်းအပြင် ဌာနသုံးခု၊ လေးခု ပူးပေါင်းဆောင်ရွက်ရခြင်းများလည်း ပါဝင်သည့်အတွက် ဌာနများအကြား Cooperation and Coordination ကို ပိုမိုလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ One Country, One Source, One Data ဖြစ်ပေါ်လာမည်ဖြစ်သကဲ့သို့ အစိုးရနှင့် ပြည်သူအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြားတွင် ခိုင်မာသည့်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်ပြီး ကောင်းမွန်သည့် User–provider Relationship ကို လျင်လျင်မြန်မြန် တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် ဌာနဆိုင်ရာများအကြား စာရင်းအင်းလုပ်ငန်းကိစ္စရပ်များ ချိတ်ဆက်ဆောင်ရွက်ရာတွင် အပြန်အလှန် ယုံကြည်မှုရရှိရေးနှင့် မှန်ကန်သည့် Data များ အချိန်မီ ရရှိစေရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ (၂)ရပ်လုံးအနေဖြင့် စာရင်းအင်းနှင့်သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများအားလုံး လိုက်နာကျင့်သုံးရမည့် အချက်များကိုပြုစုပေးထားသည့် စာရင်းအင်းဆိုင်ရာ ကျင့်ဝတ်(Code of Practice–CoP) တစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။

စာရင်းအင်းနှင့် သက်ဆိုင်သူအားလုံး စာရင်းအင်းဆိုင်ရာကျင့်ဝတ်ကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းများဆောင်ရွက်မည်ဆိုပါက Data သုံးစွဲသူများအနေဖြင့် နိုင်ငံတော်မှထုတ်ပြန်သည့်စာရင်းအင်းဆိုင်ရာအစီရင်ခံစာများနှင့် Data များကို ရာနှုန်းပြည့် ယုံယုံကြည်ကြည် ပိုမိုအသုံးပြုလာကြမည်ဖြစ်၍ ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝနေမှသာ မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် လူမှု–စီးပွား သုတေသနဆောင်ရွက်သူများစသည်ဖြင့် အားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများနှင့် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်သည့်အပြင် ရှားပါးသည့် သယံဇာတများကို အကျိုးရှိထိရောက်သည့် ခွဲဝေမှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အမျိုးသားစာရင်းအင်းစနစ် ဖြစ်ပေါ်လာရေးဆောင်ရွက်ရာတွင် အကျိုးရှိထိရောက်သောရင်းနှီးမြှုပ်နှံမှုဖြစ်စေရန် နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားမူဝါဒနှင့် မဟာဗျူဟာအပေါ် အကျိုးသက်ရောက်မှုရှိစေပြီး စာရင်းအင်းအသုံးပြုသူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ရင်းမြစ်များနှင့် ဆက်စပ်မှုရှိရန် အရေးကြီးပါကြောင်း။

ပြည်သူလူထုထံမှ ရရှိလာသည့် အချက်အလက်များမှ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များကို ထိန်းသိမ်းထားရှိရန်၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်မှလွဲ၍ အခြားကိစ္စရပ်များတွင် အသုံးမပြုရန်နှင့် လိုအပ်သလိုရရှိလာသည့် အချက်အလက်များကို တရားဝင်စာရင်းအင်းအဖြစ် ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ ထုတ်ပြန်သည့်အချိန်တွင်လည်း ခေတ်သစ်အမြင်နည်းလမ်းများဖြင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရာတွင် ဗဟိုစာရင်းအင်းအဖွဲ့တစ်ခုတည်းဆောင်ရွက်၍ မရသည့်အတွက် ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါကြောင်း။

ခိုင်မာသည့် အချက်အလက်များက အထောက်အထား အခြေပြုမူဝါဒအဖြစ် ပြောင်းလဲနိုင်ခြင်း "Evidence Based Policy" ဖြစ်သည့်အတွက် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ ရလဒ်သည် အလွန်ကြီးမားသည့်အတွက် မိမိတို့နိုင်ငံ၏ အရင်းအနှီးလုပ်အားနှင့် အခြေခံအဆောက်အဦ စသည်တို့သည် အကန့်အသတ်ဖြင့် တည်ရှိနေသည့် ရင်းမြစ်များ ဖြစ်သော်လည်း စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် တတ်နိုင်သမျှရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံး အသုံးချနိုင်ရန် အရေးကြီးသည့်အတွက် ကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စာရင်းအင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးနှင့် ထုတ်ပြန်နိုင်ရေး၊ စာရင်းအင်းနည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ စာရင်းအင်းအချက်အလက်များကို ဌာနဆိုင်ရာများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် စာရင်းအင်းဆိုင်ရာအချက်အလက် စစ်တမ်းများ ကောက်ယူရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၁၉) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းအဖွဲ့များအလိုက် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာရင်းအင်းကောက်ယူခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ စွမ်းအင်ဆိုင်ရာ စာရင်းအင်းနှင့်စပ်လျဉ်းသည့် ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၁၉) ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုများ၊ ပြည်သူ့အင်အားဆိုင်ရာ စာရင်းအင်းကောက်ယူရေး၊ အလုပ်သမားဆိုင်ရာ စာရင်းအင်းကောက်ယူရေးနှင့်

**စာမျက်နှာ ၆ သို့ ✳**

# မြန်မာနိုင်ငံသူ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ် ကင်းဝေးစေဖို့......

ဝင်းထွဋ်ဦး

နေ့စဉ်ထုတ်သတင်းစာတွေနဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေပေါ်မှာ မင်္ဂလာရှိလှတဲ့သတင်းတစ်ပုဒ်ကို ဖတ်ရှုမိလိုက်တယ်။ ဧပြီလ ၁ ရက်နေ့က "မြန်မာနိုင်ငံသူ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ် ကင်းဝေးစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များ လေကြောင်းခရီးဖြင့် နိုင်ငံတစ်ဝန်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်" ဆိုတဲ့ သတင်းဖြစ်ပါတယ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကိုယ်တိုင်ကြွရောက်ပြီး လေယာဉ်နဲ့မြန်မာနိုင်ငံတစ်ဝန်း လှည့်လည်ပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကာ မေတ္တာပို့သခဲ့ကြခြင်း ဖြစ်ပါတယ်။ သာဓု၊ သာဓု၊ သာဓုဟု ခေါ်ဆိုမိပါတယ်။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှာ စတင်ဖြစ်ပွားခဲ့ပြီး အခုဆို ကမ္ဘာ့နိုင်ငံပေါင်းများစွာကို ကူးစက်ပြန့်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါရဲ့ အခြေအနေတွေဟာ ရပ်တန့်မသွားဘဲ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ကူးစက်မှုများလာပါတယ်။ ဇန်နဝါရီလ ၃၀ ရက်နေ့မှာတော့ WHO ဟာ ဒီရောဂါသည်"ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ" (Public Health Emergency of International Concern-PHEIC) ဖြစ်ကြောင်း ကြေညာခဲ့တယ်။ ဒီလိုကြေညာခဲ့ပေမယ့် ကူးစက်မှုနှုန်းဟာ ပိုမိုမြန်ဆန်စွာမြင့်တက်လာတာကြောင့် မတ်လ ၁၁ ရက်နေ့မှာ ကမ္ဘာအနှံ့ဖြစ်ပွားသော ကပ်ရောဂါ (Pandemic Disease) အဖြစ် ကြေညာခဲ့ရတဲ့အထိ ဆိုးရွားလာခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်းစုံကို ကူးစက်ပျံ့နှံ့မှုမြန်ဆန်စွာရောက်ရှိလာသလို ကျွန်တော်တို့နိုင်ငံကိုလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားလာခဲ့ပါပြီ။ မတ်လ ၂၃ ရက်နေ့မှာ ရောဂါပိုးတွေ့ လူနာ နှစ်ဦးနဲ့ စတင်ကူးစက်လာခဲ့တာယခုချိန်အထိ ရောဂါရှိကြောင်းတွေ့ထားပြီး ဆေးရုံတင်ကုသနေတဲ့ လူနာ ၂၂ ဦးအထိရှိလာခဲ့ပါတယ်။ ရက်တိုအတွင်း လူနာ ၂၂ ဦးအထိ ကူးစက်ခံရတာဟာ စိုးရိမ်စရာအနေအထား ဖြစ်လာရပါတယ်။ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာတွေ တွေ့ရှိလာတာကြောင့် အဲဒီလူနာတွေနဲ့ အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူတွေကို ရှာဖွေ ဖော်ထုတ်ပြီး အသွားအလာ တားမြစ်ပိတ်ပင်ကာ စောင့်ကြည့်တာတွေကို ပြုလုပ်နေပါတယ်။ ရောဂါပိုး ကပ်နေနိုင်ခြေရှိသူတွေကို Quarantine ထားရှိပြီး ကျန်တဲ့သူတွေ မကူးစက်ဖို့ ကန့်သတ်လိုက်တာတွေကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ကူးစက်ပျံ့နှံ့မှုအလွန်မြန်နေတဲ့အတွက် ကပ်ရောဂါဖြစ်ပွားဖို့ အလားအလာများနေတဲ့ သဘောဖြစ်နေလို့ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို အထိရောက်ဆုံးဖြစ်အောင် နိုင်ငံတော်အဆင့်မှ အောက်ခြေ ရပ်/ကျေးအဆင့်အထိ စနစ်တကျတင်းကျပ်စွာ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ အဲဒီလိုလုပ်ငန်းများကို စဉ်ဆက်မပြတ် အားကုန်စွမ်းဆောင်လုပ်ကိုင်နေသလို ကပ်ရောဂါကြီးလိုမျိုး မကျရောက်စေရအောင် မြန်မာနိုင်ငံတစ်ဝန်းလုံး နေရာဒေသအားလုံးလိုလိုမှာ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်တွေ ရွတ်ဖတ်သရဇ္ဈာယ်ကာ မေတ္တာပို့သပေးကြတယ်။ အခုလို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နေဆဲ ကာလအတွင်း ရပ်ကွက်/ကျေးရွာအုပ်စု နယ်မြေအတွင်းမှာ အများနဲ့သက်ဆိုင်တဲ့ ဓမ္မာရုံ၊ ဘုန်းတော်ကြီးကျောင်း၊ လမ်းစုံနေရာတွေမှာ ရဟန်းသံဃာတွေကို ပင့်ဖိတ်ကာ လူ၊ ဧည့်ပရိသတ်မပါဘဲရတနသုတ်ပရိတ်တရားတော် ပူဇော်ရွတ်ဖတ်တာတွေကို ပြုလုပ်နေကြတာ မြင်တွေ့နေရတယ်။

ရတနသုတ်တော်ကို မြတ်စွာဘုရားရှင်လက်ထက် ကပ်ရောဂါဆိုက်ခဲ့တဲ့အချိန်မှာ ရွတ်ဖတ်ပူဇော်မှုတွေ ပြုခဲ့လို့ ကပ်ဆိုးကြီးကျော်လွှားနိုင်ခဲ့တာကို စာပေမှတ်တမ်းတွေမှာ ဖတ်ရှုသိရှိရပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်ကပါ။ ဝေသာလီပြည်လို့ အမည်ရတဲ့ တိုင်းပြည်မှာ မိုးခေါင်ရေရှားပြီး ကောက်ပဲသီးနှံတွေစိုက်ပျိုးလို့မဖြစ်ဘဲ ငတ်မွတ်ခေါင်းပါးဖြစ်ကာ ကပ်ကြီးဆိုက်ခဲ့ရပါတယ်။ အငတ်ဘေးကြောင့် တိုင်းသူပြည်သားတွေ သေကျေပျက်စီးကုန်ကြတယ်။ သေဆုံးသူတွေများသည်ထက် ပိုများလာပါတယ်။ သေဆုံးမှုတွေ များလာလို့ ရုပ်အလောင်းတွေ ပုံထပ်နေတာ မြင်မကောင်းပင် ဖြစ်လာတယ်။ တိုင်းပြည်ထဲက မြို့တွေ၊ ရွာတွေထဲမှာ အပုပ်နံ့တွေတောင် နေရာအနှံ့က လှိုင်လှိုင်ထွက်လာပါတယ်။ အဲဒီလိုလည်းဖြစ်ရော မြို့ပြင်၊ ရွာပြင်မှာရှိတဲ့ ဘီလူး၊ သရဲ၊ သဘက်တွေဟာ မြို့ရွာထဲကိုဝင်ပြီး အသေကောင် ရုပ်အလောင်းတွေကို ဝိုင်းဖွဲ့စားသောက်ကြတယ်။ ဘီလူး၊ သရဲတွေကိုမှီပြီး ကပ်ရောဂါဘေးဟာ ပိုဆိုက်ရောက်လာပါတယ်။ တစ်တိုင်းပြည်လုံး တုန်လှုပ်ချောက်ချားဖွယ်မြင်ကွင်းတွေဖြစ်လာတယ်။ ဒီလိုကပ်ရောဂါဘေးဆိုက်လာတာကြောင့် ဝေသာလီပြည်အုပ်စိုးတဲ့မင်းဟာ ဝေသာလီပြည်ကြီးနဲ့ ရှစ်ယူဇနာဝေးတဲ့ ဂင်္ဂါမြစ်တစ်ဖက်ကမ်းက ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို ဗိမ္ဗိသာရမင်းကြီးကတစ်ဆင့် ပင့်ဖိတ်ပြီး ဒီကပ်ရောဂါဆိုးကြီးက ကယ်ဆယ်ပေးဖို့ တောင်းပန်လျှောက်ထားပါတယ်။ ဒီအခါမှာ မြတ်စွာဘုရားဟာ ညီတော်အာနန္ဒာနဲ့အတူ ရဟန္တာငါးရာခြံရံပြီး ဝေသာလီပြည်ကို ကြွချီတော်မူပါတယ်။

မြတ်စွာဘုရားနဲ့ ရဟန္တာငါးရာ ဝေသာလီကို ရောက်တယ်ဆိုရင်ပဲ တိုင်းပြည်ပေါ်မှာ မိုးတိမ်တွေ ရုတ်တရက် အုံ့ဆိုင်းလာပြီး မိုးထစ်ချုန်းစွာ ရွာချပါတော့တယ်။ မိုးသဲသဲမဲမဲ သည်းထန်စွာရွာသွန်းလိုက်လို့ ပုပ်ပွအနံ့ထွက်ကာ သေဆုံးနေသူတွေရဲ့ ရုပ်အလောင်းတွေအားလုံးဟာ မိုးရေနဲ့မျောပါသွားသလို မကောင်းတဲ့ အပုပ်နံ့တွေလည်း ကင်းစင်သွားပါတယ်။ အဲဒီလို မိုးကြီးရွာသွန်းပြီးတဲ့အခါမှာ မြတ်စွာဘုရားဟာ ညီတော်အာနန္ဒာနဲ့အတူ ရဟန္တာငါးရာခြံရံပြီး ဝေသာလီမြို့အဝင်မှာ ရတနသုတ်ကို ရွတ်ဖတ်တော်မူပါတယ်။

ရတနသုတ်ကို သိကြားမင်း၊ နတ်မင်းတွေ၊ နတ်ကောင်းနတ်မြတ်တွေအားလုံးလည်း စုဝေးပြီး နာကြားကြလို့ မြို့မှာကပ်နေကြတဲ့ ဘီလူး၊ သရဲ၊ သဘက်တွေဟာ နေလို့မရတော့ဘဲ မြို့နဲ့ဝေးရာကို ထွက်ပြေးကြပါတော့တယ်။ အခုလို မကောင်းတဲ့ ကပ်ဆိုးကြီးတွေ ကျော်လွှားပပျောက်ကင်းစင်စေတာကြောင့် ရတနသုတ်တော်ဟာ ဘေးအန္တရာယ်ကင်းစေတဲ့၊ မကောင်းဆိုးရွားတွေကို ထုတ်ပယ်နိုင်တဲ့ တန်ခိုးအစွမ်းတွေရှိတယ်လို့ ယုံကြည်စွာ ရွတ်ဖတ်ပူဇော်မှုတွေ ပြုလာကြတာဟာ ယနေ့ထိတိုင် အောင်ပဲ ဖြစ်ပါတယ်။

"ပဏိဓာနတော ပဋ္ဌာယတထာဂတဿဒဿပါရမီယော, ဒသဥပပါရမီယော ဒသပရမတ္ထ ပါရမီယောတိ၊ သမတိံသပါရမီယော ပဉ္စမဟာပရိစ္စာဂေ, အစရိုပြီး ယာနိစ ဘူတာနိ သမာဂတာနိ၊ ဘုမ္မာနိဝါယာနိဝ အန္တလိက္ခေ။ တထာဂတံ ဒေဝမနုဿ ပူဇိတံ။ သံဃံ နမဿာမ သုဝတ္ထိ ဟောတု။ ရတနသုတ္တံ နိဋ္ဌိတံ" ဟု အဆုံးသတ်ရွတ်ဖတ်ပူဇော်ကြသည့် ရတနသုတ်တော်၏ တန်ခိုးအစွမ်းကားကြီးမားလှပါတယ်။ တန်ခိုးစွမ်းပကားကြီးမားတော်မူတဲ့ ရတနသုတ်တော်ကို ကျွန်တော်တို့ အခုလိုကပ်ရောဂါဘေးကျရောက်ခံစားနေရချိန်မှာ ရွတ်ဖတ်ပူဇော် နာကြားကြရတော့မှာ ဖြစ်ပါတယ်။

**အခုအချိန်မှာ ကျွန်တော်တို့အားလုံးဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို အပြင်းအထန် ရုန်းကန်ရင်ဆိုင်နေရပြီဖြစ်လို့ ကူးစက်ပြန့်ပွားနေမှုထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ ထုတ်ပြန်ထားတဲ့ လိုက်နာစရာတွေကို လိုက်နာပါ။ လက်ကို မကြာမကြာဆေးပါ။ လူစုလူဝေးနေရာတွေကို လုံးဝရှောင်ပါ။ မိမိအိမ်မှာ နေတာဟာ အကောင်းဆုံးပါ။ ဒါ့အပြင် အိမ်မှာနေတဲ့အချိန်တွေမှာ ဆရာတော်တွေရွတ်ဖတ်ပူဇော်ကြတဲ့ ရတနသုတ်တော်အပါအဝင် အန္တရာယ်ကင်းပရိတ်တရားတော်တွေကို နာကြားကြပါ။ ကိုယ်တိုင်လည်း ကပ်သုံးပါးကျော်လွှားနိုင်တဲ့ တန်ခိုးအစွမ်းရှိတဲ့ ရတနသုတ်တော်ကို ရွတ်ဆိုပွားများကြပါလို့ . . .**

ဘယ်လိုပဲဖြစ်ဖြစ်ပါ အခုအချိန်မှာ ကျွန်တော်တို့အားလုံးဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို အပြင်းအထန် ရုန်းကန်ရင်ဆိုင်နေရပြီဖြစ်လို့ ကူးစက်ပြန့်ပွားနေမှုထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ ထုတ်ပြန်ထားတဲ့လိုက်နာစရာတွေကိုလိုက်နာပါ။ လက်ကို မကြာမကြာဆေးပါ။ လူစုလူဝေးနေရာတွေကို လုံးဝရှောင်ပါ။ မိမိအိမ်မှာနေတာဟာ အကောင်းဆုံးပါ။ ဒါ့အပြင် အိမ်မှာနေတဲ့အချိန်တွေမှာ ဆရာတော်တွေရွတ်ဖတ်ပူဇော်ကြတဲ့ ရတနသုတ်တော်အပါအဝင် အန္တရာယ်ကင်းပရိတ်တရားတော်တွေကို နာကြားကြပါ။ ကိုယ်တိုင်လည်း ကပ်သုံးပါးကျော်လွှားနိုင်တဲ့ တန်ခိုးအစွမ်းရှိတဲ့ ရတနသုတ်တော်ကို ရွတ်ဆိုပွားများကြပါလို့ တိုက်တွန်းချင်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ်ကင်းဝေးစေဖို့ ကျွန်တော်တို့အားလုံး ဆရာတော်ကြီးတွေ ရွတ်ဖတ်သရဇ္ဈာယ်တဲ့အန္တရာယ်ကင်းပရိတ်တရားတော်တွေကိုနာကြားပူဇော်ရင်း ရောဂါဘေးကာကွယ်ထိန်းချုပ်နိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို အသိတရားရှိရှိ နားလည်မှုရှိရှိနဲ့ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါစို့။ ။

---

* စာမျက်နှာ ၅ မှ
လုပ်သားအင်အား စစ်တမ်းကောက်ယူရေးဆိုင်ရာများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အခြေခံအဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး စာရင်းအင်းဆိုင်ရာများ၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုင်ရာများ၊ သတင်းအချက်အလက်များ မှန်ကန်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ Social management information system အကောင်အထည်ဖော်ရေးဆိုင်ရာများ၊ မေခရိုစီးပွားစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငွေရေးကြေးရေးစာရင်းဆိုင်ရာများ၊ ဗဟိုဘဏ်နှင့် သက်ဆိုင်သည့် ညွှန်ကိန်းဆိုင်ရာများ၊ မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းအင်းဆိုင်ရာများ၊ စာရင်းဇယားများ ကောက်ယူထိန်းသိမ်းရာတွင် ဝန်ကြီးဌာနများအချင်းချင်း ဆက်စပ်ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းအင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ စွမ်းအင်ဆိုင်ရာ စာရင်းအင်း လုပ်ငန်းအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၊ မေခရိုစီးပွားရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငွေရေးကြေးရေးစာရင်းအင်း လုပ်ငန်းအဖွဲ့နှင့် လူဦးရေဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက စာရင်းအင်းအချက်အလက်များ ကောက်ယူခြင်း၊ စုစည်းခြင်း၊ ထုတ်ပြန်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အဆိုပါစာရင်းအင်းအချက်အလက်များသည် မူဝါဒ၊ လမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်နှင့် သုံးသပ်ချက်များ ချမှတ်နိုင်ရန်အတွက် အရည်အသွေးရှိရမည် ဖြစ်ပါကြောင်း၊ လတ်တလော ကြုံတွေ့နေရသည့် COVID-19 ကိစ္စနှင့်ပတ်သက်၍ သာမန်လက်လုပ်လက်စား မိသားစုများကို အခြေခံစားသောက်ကုန်ထောက်ပံ့ရေး ဆောင်ရွက်ရာတွင်လည်း မိသားစုများကျန်လပ်ခြင်း မရှိစေရေးနှင့် စာရင်းထပ်မသွားစေရေးအတွက် ရပ်ကွက်ကျေးရွာအလိုက် လက်လုပ်လက်စား မိသားစုဝင်များ၏ စာရင်းအင်းများ ပြည့်ပြည့်စုံစုံရှိနေရန် လိုအပ်ပါကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် COVID-19 ကပ်ရောဂါကြောင့် လုပ်ငန်းကဏ္ဍအသီးသီးရှိ ထိခိုက်မှုစာရင်းများ ဖော်ထုတ် ကောက်ယူပြုစုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကောက်ယူထားသည့် စာရင်းများ မှန်ကန်မှသာ ကုစားနိုင်မည့် နည်းလမ်းများကို မှန်ကန်စွာ ဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း၊ အရေးပေါ်ကာလဖြစ်စေ၊ သာမန်ကာလဖြစ်စေ စာရင်းအင်း အရည်အသွေးပြည့်ဝ တိကျမှန်ကန်ခိုင်မာအောင် ဌာနအဖွဲ့အစည်းများအားလုံး ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

---



## လှိုင်ကော်မြို့နယ်အတွင်း ပလက်ဖောင်းနှင့် ရေမြောင်းများ တူးဖော်ဆောင်ရွက်

**လှိုင်ကော် မေ ၇**

လှိုင်ကော်မြို့နယ်အတွင်း ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ကယားပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၅၂၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော တောင်ကွဲစေတီလမ်းဆုံ သံလွင် ဖုန်းဆိုင်ကြားရှိ လမ်းဘေး ဝဲ /ယာ အုတ်စီရေမြောင်း တူးဖော်ဆောင်ရွက်ခြင်းနှင့် အဖုံးပါ ပလက်ဖောင်း အရှည် ပေ ၂၁၀၀ ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေမြောင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန လှိုင်ကော်မြို့နယ် လမ်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကယားငွေသဇင်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလေး(ပြန်/ဆက်)၊ ဓာတ်ပုံ-ခွန်းနော်**



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်။

❍ ကိုဗစ်-၁၉ မှ

ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ချေးငွေလျှောက်ထားခြင်းကို စိစစ်ပေးလျက်ရှိပြီး ချေးငွေ ပထမအသုတ်ကို သင်္ကြန်မတိုင်မီ ထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် နိုင်ငံ၏ စီးပွားရေးအပေါ် ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ဆောလျင်စွာ ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ လူမှုဖူလုံရေး ဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ထားသည့် အစီအစဉ်များ၊ အရန် ရိက္ခာနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ပေါ်ပေါက်နေသည့် အခက်အခဲများနှင့် ပတ်သက်၍ ဆက်လက်ညှိနှိုင်းပေးရန် ကိစ္စရပ်များနှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းနှစ်ခုတို့နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးမှ ကိုဗစ်-၁၉ ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ ထုတ်ချေးမည့် ပထမအသုတ် ချေးငွေအား သင်္ကြန်ရုံးပိတ်ရက်မတိုင်မီ ထုတ်ပေးရန်ဆုံးဖြတ်ခဲ့ပြီး ကျန်ရှိသည့် လျှောက်ထားသူများကိုလည်း ဆက်လက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၇**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှုပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီလ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

## အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်ငါးမျိုး ဝေငှပေးနိုင်ရေးအတွက် ကြိုတင်စာရင်းကောက်ယူရေး ညှိနှိုင်းဆွေးနွေး

**ပွင့်ဖြူ ဧပြီ ၇**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးသွားမည်ဖြစ်ရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စာရင်းကောက်ယူနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက ပြည်သူများ ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်အောင် အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏ စာရင်းကောက်ယူရေးနှင့် ရိက္ခာစုဆောင်းရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟို ကော်မတီက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သည့် ဆန်ရှစ်ပြည်၊ ဆီ ၅၀ သား၊ ပဲတစ်ပိဿာ၊ ဆား ၅၀ သား၊ ကြက်သွန်နီတစ်ပိဿာ တို့ကို ထောက်ပံ့ပေးသွားမည်ဖြစ်၍ မိမိတို့မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများစာရင်းအား စနစ်တကျ ပြုစုကောက်ယူနိုင်ရေးအတွက် ခေါ်ယူညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများအနေဖြင့် တာဝန်ကျရာ နယ်မြေအလိုက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများစာရင်းကို စနစ်တကျ ကွင်းဆင်းကောက်ယူဆောင်ရွက်ကြရန်နှင့် မလိုလားအပ်သော လေလွင့်မှုများ၊ ကြန့်ကြာမှုများ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## "သင်္ကြန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး

**ရန်ကုန် ဧပြီ ၇**

"သင်္ကြန်ရင်ခုန်သံ" အစီအစဉ်အဖြစ် "သင်္ကြန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကား အကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှ တစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံ ပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (FDC) မှတာဝန်ရှိသူများပူးပေါင်း၍ စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။

ထိုသို့ရိုက်ကူးရာတွင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က အစီအစဉ်မှူး အဖြစ်ပါဝင်ဆောင်ရွက်ပြီး "စိန်ဒွေး" ရုပ်ရှင်ထုတ်လုပ်ရေး၏ "သင်္ကြန် ဝေးဝေး" ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ ဦးဝင်းကြည်၊ ဒါရိုက်တာ အကယ်ဒမီညွန့်မြန်မာ ညီညီအောင်၊ သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူနှင့် သရုပ်ဆောင် အကယ်ဒမီ နွဲ့နွဲ့စန်းတို့က သင်္ကြန်ကို ချစ်မြတ်နိုးသဖြင့် ကျော်အောင်မော်၏ ရုပ်ပြဇာတ်လမ်းကို ရုပ်ရှင်ကား ကြီးအဖြစ် ရိုက်ကူးခဲ့ပုံနှင့် ရိုက်ကူးစဉ် အမှတ်တရများ၊ သင်္ကြန်သီချင်းများ၏ မြူးကြွပုံ၊ ဇာတ်ဝင်ခန်းများအလိုက် ပီပြင်အောင် သရုပ်ဆောင်ခဲ့မှုများ၊ သင်္ကြန်တွင်း၌ သေဆုံးခဲ့မှုအပေါ် ရိုးရာဓလေ့နှင့်အညီ သင်္ကြန်မပြီးခင် သင်္ဂြိုဟ်ခဲ့ပုံ၊ ဇာတ်သိမ်းခန်း ဇာတ်ဝင်တေးကို သီးသန့်ရေးသားရိုက်ကူးခဲ့ပုံတို့ကို ဆွေးနွေးကြသည်။

အဆိုပါ "သင်္ကြန်ရင်ခုန်သံ"စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**နီနီမျိုး(FDC)**



"သင်္ကြန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ရိုက်ကူးနေပုံ။

## ရေလုပ်ငန်းရှင်များ သိရှိစေရန်ကြေညာခြင်း

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့် ကမ်းဝေးငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/ Transponder (VMS ကိရိယာ) များကို တပ်ဆင်ခဲ့ပြီးဖြစ်၍ ကမ်းနီးငါးဖမ်းကွက်များ၊ LMMA၊ Co – Management ဧရိယာများ၊ လန်ပိကျွန်းဧရိယာ(MPA)နှင့် တားမြစ်ထားသည့် ငါးဖမ်းကွက် (F13, F14, F20, F21)များသို့ ဝင်ရောက်ငါးဖမ်းသည့်ရေယာဉ်များအား VMS Control Center များက စောင့်ကြည့်ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိကာ စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများနှင့် သက်ဆိုင်ရာအေးဂျင့်များအား ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဆက်သွယ်သတိပေးခြင်း၊ တားမြစ်ဧရိယာများမှ အမြန်ဆုံးထွက်ခွာစေခြင်းစသည်တို့ကို ပညာပေးကာလအနေဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

၂၁-၄-၂၀၂၀ ရက်နေ့မှစတင်၍ **စည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်း/ငါးသယ်ရေယာဉ်စာရင်းအား** ငါးလုပ်ငန်းဦးစီးဌာန၏ Website ဖြစ်သည့် www.dof.gov. mm မှတစ်ဆင့် နေ့စဉ်ထုတ်ပြန်သတိပေးကြေညာသွားမည်ဖြစ်ပြီး သက်ဆိုင်ရာရေယာဉ် ပိုင်ရှင်များအနေဖြင့် အဆိုပါစာရင်းတွင် ပါဝင်သည့် မိမိတို့၏ရေယာဉ်များအား စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး အထူးအလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များအား ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်အမှတ်-၅/၂၀၁၈ နှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဧပြီ ၇**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၇ နှစ် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ပထမဆုရ စာရေးဆရာ **"လွင်မြန်မာ(မန်းတက္ကသိုလ်)"** ရေးသားသည့် **"မြန်မာ့ရိုးရာ ရွဲကစားခြင်း အတတ်ပညာနှင့် ရွဲအသုံးပဒေသာ"** စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ် ဧပြီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ ပြသလျက်ရှိ

နေပြည်တော်　　မေ　　၇

ABC Content Solution Co.,Ltd (Mahar Mobile Application)မှ ရုပ်ရှင်နှင့်ဗီဒီယို ဇာတ်ကားနှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနေပြီး မေ ၁၀ ရက် အထိ တစ်လတာ ကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App - Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသော ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ -



**နှစ်ပင်လိမ်တဲ့ရည်းစားစာ(ပ+ဒု) ၊ Code No: atr-0064**
ရန်အောင်၊ ရဲအောင်၊ ပြေတီဦး၊ ကျော်ကျော်ဗို၊
မြင့်မြင့်ခိုင်၊ စိုးမြတ်သူဇာ၊ ခိုင်နှင်းဝေ၊ ဝတ်မှုံရွှေရည်



**စုန်းပြူး ၊ Code No: atr-0115**
နေတိုး၊ မင်းရာဇာ၊ မိုးယံဇွန်၊
သက်မွန်မြင့်၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ဝါဆိုမိုးဦး



**မယ်သီတာလို မိန်းကလေး**
**Code No: atz-0002**
ရန်အောင်၊ မို့မို့မြင့်အောင်



**ဘယ်သူပြိုင်လို့ လုပါတော့နိုင် ၊ Code No: atz-0003**
ဇော်ဝမ်း၊ ဝင်းလှိုင်၊ အံ့ကျော်၊ တင်တင်ညို၊ တင်တင်လှ



**ချစ်အမှု ၊ Code No: atz-0004**
ဇော်လင်း၊ ခင်ယုမေ၊ ချိုပြုံး



**စကားပြောသော အသဲနှလုံး ၊ Code No: atz-0005**
စိုးနိုင်၊ တင်တင်နွဲ့၊ ကြည်ကြည်ဌေး



**ရွှေခြည်ငွေခြည်တန်းပါလို့ ၊ Code No: atz-0006**
ညွန့်ဝင်း၊ ခင်ယုမေ၊ ချိုပြုံး



**ကျမမှာ မိန်းမသား ၊ Code No: atz-0007**
စိုးနိုင်၊ ဒေဝီကျော်ဝင်း၊ တင်တင်နွဲ့



**အချစ်ချိုချို သမက်ခါးခါး ၊ Code No: cs-0001**
နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ချစ်စနိုးဦး



**ဘာမီတွန် ၊ Code No: cs-0002**
ရန်အောင်၊ နေတိုး၊
သက်မွန်မြင့်၊ ထွန်းအိန္ဒြာဗို



**အကယ်ဒမီရှော ၊ Code No: cs-0003**
နေတိုး၊ ရဲအောင်၊ ထွန်းထွန်း၊ သင်ဇာဝင့်ကျော်၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊
ချောရတနာ



**ဆဋ္ဌဂံ ၊ Code No: gyr-0002**
လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ မျိုးသန္တာထွန်း၊ ထွန်းအိန္ဒြာဗို၊
ခင်ဇာခြည်ကျော်၊ စိုးမြတ်နန္ဒာ၊ ဆုရှန်းလဲ့



**ဆန်ရေ ၊ Code No: gyr-0003**
လွင်မိုး၊ ညွန့်ဝင်း၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်



**တိုက်ပွဲခေါ်သံ ၊ Code No: kspo-0001**
သီဟတင်စိုး၊ ညွန့်ဝင်း၊ ဇင်မာဦး



**ကျန်စစ်မင်း ၊ Code No: kspo-0002**
လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ

# မဟာသင်္ကြန်ရုံးပိတ်ရက်များအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို အချိန်ပိုဆောင်ရွက်ပေးမည်

**ရန်ကုန် မေ ၇**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနသည် လေဆိပ်၊ ရေဆိပ်၊ နယ်စပ် ဝင်/ထွက်ပေါက် စသည်တို့တွင် အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို အချိန်ကြာမြင့်မှုမရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိရာ မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သော မေ ၁၀ ရက်၊ မေ ၁၃ ရက်နှင့် မေ ၁၆ ရက်များတွင် အကောက်ခွန်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၁၀ ရက်၌ ဆိပ်ကမ်းများအားလုံး အချိန်ပိုဆောင်ရွက်ပေးမည်ဖြစ်ပြီး မေ ၁၃ ရက်နှင့် မေ ၁၆ ရက်များတွင် ဆိပ်ကမ်းလုပ်ငန်းများသာမက ရုံးလုပ်ငန်းများပါ အချိန်ပိုဆောင်ရွက်ပေးမည်ဖြစ်ရာ အချိန်ပိုဆောင်ရွက်ပေးမည့်အချိန်မှာ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိဖြစ်ကြောင်း။

အချိန်ပိုလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဘဏ်ဖွင့်ရက်များတွင် စနစ်အတွင်းသို့ တင်သွင်း/တင်ပို့မည့်ပစ္စည်းများအတွက် ကျသင့်အခွန်အခများ ပေးဆောင်ရန် Deposit ငွေအား လုံလုံလောက်လောက် ကြိုတင်ထည့်သွင်းထားရမည်ဖြစ်ကြောင်း။

လေဆိပ် Export လုပ်ငန်းများ ဆောင်ရွက်ခြင်းကို Mingalardon Cargo Services (MCS) မှ လေကြောင်းခရီးစဉ်ရှိပါက တစ်ရက်ကြိုတင်၍ အကောက်ခွန်တာဝန်ခံ (ထုတ်/သွင်း)/ (ကာကွယ်ရေး) သို့အကြောင်းကြားပြီး လေယာဉ်ရောက်ရှိသည့်အချိန်တွင် တာဝန်ကျဝန်ထမ်းများက အချိန်ပိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လေဆိပ် Import လုပ်ငန်းဆောင်ရွက်လိုပါက Airport Direct Delivery (APDD)ဖြင့် ညွှန်ကြားရေးမှူး (ထုတ်ကုန်/သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ)ထံ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး ခွင့်ပြုချက်ရရှိထားသည့် ကုန်ပစ္စည်းများအား ကတိဝန်ခံချက်လျှောက်လွှာ(Under Taking)ဖြင့် လေဆိပ်တာဝန်ကျအရာရှိမှ တာဝန်ယူစိစစ်၍ ပစ္စည်းထုတ်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အချိန်ပိုလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် အချိန်ပိုဆောင်ရွက်လိုသည့်ရက်အား မေ ၉ ရက် မွန်းလွဲ ၂ နာရီထက်နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ထုတ်ကုန်/သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ)ထံ လျှောက်ထားသွားရန်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း MRTV - 4 နှင့် Channel -7 ရုပ်သံလိုင်းတို့မှ အထူးအစီအစဉ်များ တင်ဆက်သွားမည်

**ရန်ကုန် မေ ၇**

၂၀၂၀ ပြည့်နှစ် မဟာသင်္ကြန် ရုံးပိတ်ရက်ကာလများတွင် မိမိတို့နေအိမ်များ၌ မိသားစုနှင့်အတူ အေးချမ်းစွာဖြတ်သန်းကြမည့် မိဘပြည်သူများအတွက် MRTV–4 နှင့် Channel –7 ရုပ်သံလိုင်းတို့မှ မေ ၁၁ ရက်မှ ၁၈ ရက်အတွင်း မူလပြသနေသည့် ရုပ်သံအစီအစဉ်များ၊ ဇာတ်လမ်းတွဲများအပြင် သင်္ကြန်နှင့်ပတ်သက်သော တေးသီချင်းများ၊ ဗီဒီယိုရုပ်ရှင်ဇာတ်ကားသစ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

Forever Group မှ အထွေထွေမန်နေဂျာ ဒေါက်တာကောင်းဇော်က ''သင်္ကြန်ပိတ်ရက်တွေမှာ ပြည်သူတွေအိမ်မှာ အေးအေးချမ်းချမ်းနေထိုင်ပြီး အပန်းဖြေလို့ရအောင်၊ ပြည်သူတွေကို ဒီအချိန်မှာ အပြင်မထွက်ဘဲနဲ့ အေးအေးဆေးဆေးနားလို့ရအောင် အစီအစဉ်ကောင်းလေးတွေ တင်ဆက်ပေးဖို့ ရည်ရွယ်ပါတယ်''ဟု ပြောသည်။

**MRTV–4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် အစီအစဉ်များ**

မေ ၁၁ ရက်မှ ၁၆ ရက်အတွင်း သင်္ကြန်တေးချစ်သူများအတွက် ယခင်နှစ်များက ပြုလုပ်ခဲ့သော music concert များမှ အကောင်းဆုံးသီချင်းများကို ရွေးချယ်ကာ ''ထာဝရသင်္ကြန် music concert '' အစီအစဉ်ကို နံနက် ၁၀ နာရီ ၁၅ မိနစ်မှ နံနက် ၁၁ နာရီအထိလည်းကောင်း၊ ''ဖြိုးပြည့်စုံနဲ့ သင်္ကြန်သီချင်းများ'' အစီအစဉ်ကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်မှ မွန်းလွဲ ၂ နာရီအထိလည်းကောင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်ကာ ကိုရီးယားရုပ်သံဇာတ်ကားကြိုက်နှစ်သက်သူများအတွက် မေ ၁၁ ရက်မှ ၁၈ ရက်အထိ “ နောက်ကွယ်က အမှန်တရား” အမည်ရှိ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲကို နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိလည်းကောင်း၊ မြန်မာဇာတ်လမ်း ကြိုက်နှစ်သက်သူများအတွက် ''အချစ်ဖွဲ့လေညှင်း'' အမည်ရှိ မြန်မာဇာတ်လမ်းတွဲကို မေ ၁၅ ရက်မှစ၍လည်းကောင်း ထုတ်လွှင့်ပြသပေးသွားမည်ဟု သိရသည်။

**Channel –7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် အစီအစဉ်များ**

မေ ၁၁ ရက်မှ ၁၆ ရက်အထိ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ယခင်နှစ်များက ပြုလုပ်ခဲ့သော music concert များမှ အကောင်းဆုံးသီချင်းများကို ပြန်လည်ထုတ်လွှင့်မည့် ''ထာဝရသင်္ကြန် music concert'' အစီအစဉ်ကိုလည်းကောင်း၊ မေ ၁၁ ရက်မှ ၁၇ ရက်အထိ ''လူ့ဂုဏ်နှင့် မာယာဘုံ'' ကိုရီးယားဇာတ်လမ်းတွဲကိုလည်းကောင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ ပြသပေးမည်ဖြစ်ပြီး Channel– 7 ရုပ်သံလိုင်းမှ သင်္ကြန်ကာလအတွင်း မေ ၁၁ ရက်မှ ၁၈ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီတွင် မြန်မာဗီဒီယို ဇာတ်ကားသစ်များကို ပြသပေးသွားမည်ဖြစ်သည်။

အဆိုပါဇာတ်ကားများကို နံနက်ပိုင်းတွင် မကြည့်လိုက်ရသူများအတွက် ည ၉ နာရီတွင် ပြန်လည်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

**မေ ၁၁ ရက်မှ ၁၈ ရက်အတွင်း နေ့စဉ် နံနက် ၁၀ နာရီတွင် Channel– 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မြန်မာဗီဒီယိုဇာတ်ကားများစာရင်း**

မေ ၁၁ ရက်တွင် နေတိုး၊ ပိုင်ဖြိုးသု၊ ဆူးခက်မင်း စသည့် သရုပ်ဆောင်များ ပါဝင်ထားသည့် ''မိုးရာသီ အက်ဆေး''

မေ ၁၂ ရက်တွင် အောင်မင်းခန့်၊ ဝင့်ယမုံနိုင် စသည့် သရုပ်ဆောင်များပါဝင်သည့် ''အချစ်ကို ကိုက်တဲ့ ဗိုင်းရပ်စ်များ''

မေ ၁၃ ရက်တွင် စည်သူဝင်း၊ ဟေဇယ်ညီညီထွန်း၊ ပြေဇင် စသည့် သရုပ်ဆောင်များပါဝင်သည့် ''ချစ်သူထံသို့''

မေ ၁၄ ရက်တွင် မင်းဘုန်းမြတ်၊ တေဇာကျော်၊ မှူးသီဟသူ၊ သဇင်နွယ်ဝင်း၊ ဆုမွန် စသည့် သရုပ်ဆောင်များပါဝင်သည့် ''escape (လွတ်မြောက်ရာ)''

မေ ၁၅ ရက်တွင် ဒေါင်း၊ ပြည့်ဖြိုး၊ နေ့ဦး၊ ရှင်မွေလ၊ မေ စသည့် သရုပ်ဆောင်များပါဝင်သည့် ''သူငယ်ချင်းများ''


မေ ၁၆ ရက်တွင် မိုက်မိုက်၊ ခြူးလေး၊ အောင်ပိုင်၊ ကြူကြူသင်း စသည့် သရုပ်ဆောင်များပါဝင်သည့် ''ဥဒ္ဒုစ္စ မြစ်တစ်စင်း''


မေ ၁၇ ရက်တွင် နေတိုး၊ အိချောပို၊ ဇွန်သံစဉ် စသည့် သရုပ်ဆောင်များပါဝင်သည့် '' မနက်ဖြန်တိုင်းမှာ''


မေ ၁၈ ရက်တွင် ဇေရဲထက်၊ ခင်ဝင့်ဝါ စသည့် သရုပ်ဆောင်များပါဝင်သည့် ''မြို့သားတောသူ''

**သတင်း–သီသီမင်း**
















# ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရန် ဂျပန်နိုင်ငံမြို့တော် တိုကျိုနှင့် အခြားစီရင်စုခြောက်ခုတွင် အရေးပေါ်အခြေအနေ ကြေညာ

**တိုကျို မေ ၇**
ဂျပန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်တားဆီးရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုကျိုမြို့ အပါအဝင် စီရင်စုခြောက်ခုတွင် အရေးပေါ်အခြေအနေ ကြေညာချက်တစ်ရပ်ကို ယနေ့ ထုတ်ပြန်ကြေညာခဲ့သည်။

တိုကျိုမြို့အပါအဝင် ကာနာဂါဝါ၊ ဆိုင်းတမ၊ ချီဘာ၊ အိုဆာကာ၊ ဟျိုင်ဂို၊ ဖူကူအိုကာ စီရင်စုများတွင် မေ ၇ ရက်မှ မေ ၆ ရက်အထိ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာချက်သည် အသက်ဝင်နေမည်ဖြစ်သည်။

မေ ၇ ရက်တွင် ဂျပန်ဝန်ကြီးချုပ်ရုံး၌ ပြုလုပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အစည်းအဝေးတွင် ဂျပန်ဝန်ကြီးချုပ် အာဘေးက အထက်ပါ ကြေညာချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ နိုင်ငံအတွင်းတွင် ပိုမိုများပြားလာလျက်ရှိသည်ကို တွေ့ရှိရပြီး ဗိုင်းရပ်စ်ကူးစက်မှုသည် ပြည်သူများ၏ အသက်နှင့် စည်းစိမ်ကို ခြိမ်းခြောက်လျက်ရှိသည့်အတွက် အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

ယခုကြေညာချက်သည် အခြားနိုင်ငံများနည်းတူ ခရီးသွားလာမှုကန့်သတ်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ယန္တရားလည်ပတ်မှုများ ရပ်ဆိုင်းသွားမှုမရှိစေဘဲ နိုင်ငံအတွင်း ပို့ဆောင်ဆက်သွယ်ရေးများ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် လူစုလူဝေး ပြုလုပ်ခြင်းကို ပိတ်ပင်သွားမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် အာဘေးက ဆက်လက်ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှုလျော့ကျစေရန်မှာ ပြည်သူများက အဓိကအချက်ပင် ဖြစ်သည်။

ရောဂါကူးစက်မှုများ လျော့ကျစေရန် နေအိမ်အတွင်းမှာသာ နေထိုင်ကြရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် အာဘေးက ပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၄ ဦးသေဆုံး၊ ရောဂါကူးစက်ခံရသူ ၄၄၂ ဦးရှိလာ

**နယူးဒေလီ မေ ၇**
အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၂ ဦးရှိပြီး ၁၁၄ ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာ ၃၂၅ ဦးသည် ပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှ ပြန်ဆင်းသွားကြောင်း၊ ရောဂါကူးစက်ခံရသည့် အဆိုပါလူနာများထဲတွင် နိုင်ငံခြားသား ၆၀ ခန့် ပါဝင်ကြောင်း သိရသည်။


အိန္ဒိယနိုင်ငံ ရာဂျာ့စ်သန်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာသုံးဦး ယနေ့ ထပ်မံသေဆုံးခဲ့ပြီး ထရီပူရပြည်နယ်တွင် ရောဂါကူးစက်ခံရသူ လူနာသစ်တစ်ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းတွင် သေဆုံးသူ ၁၁၄ ဦးနှင့် ရောဂါကူးစက်ခံရသူဦးရေ ၄၄၂ ဦး အထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့အတူ ဂူဂျာရတ်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာ ၁၂ ဦး၊ မာဒယာပရာဒေ့ရှ်ပြည်နယ်တွင် ကိုးဦး၊ တယ်လန်ဂါနာပြည်နယ်နှင့် ဒေလီဒေသတွင် ခုနစ်ဦးစီ၊ ပန်ဂျပ်ပြည်နယ်တွင် ခြောက်ဦးနှင့် တမီးလ်နာဒူး ပြည်နယ်တွင် ငါးဦး စသည်ဖြင့် အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကာနာတာကာပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာလေးဦး၊ အနောက်ဘင်ဂေါလ်၊ ဥတ္တာပရာဒေ့ရှ်၊ အင်ဒရာပရာဒေ့ရှ်နှင့် ရာဂျာ့စ်သန်ပြည်နယ်တို့တွင် သုံးဦးစီ၊ ဂျမူးနှင့် ကက်ရှ်မီးယားနှင့် ကယ်ရားလားပြည်နယ်တွင် နှစ်ဦးစီ၊ ဘီဟာ၊ ဟီမချာလ်ပရာဒေ့ရှ်နှင့် ဟာရီယာနားပြည်နယ်တို့တွင် တစ်ဦးစီ စသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ မဟာရာ့ရှ်ထရာပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၈၄ ဦးရှိပြီး နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှု အများဆုံး ပြည်နယ်ဖြစ်လာခဲ့သည်။ ထို့အတူ တမီးလ်နာဒူးပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၁ ဦး၊ ဒေလီဒေသတွင် ၅၂၃ ဦး၊ ကယ်ရားလားပြည်နယ်တွင် ၃၂၇ ဦး၊ တယ်လန်ဂါနာတွင် ၃၂၁ ဦး၊ ဥတ္တာပရာဒေ့ရှ်တွင် ၃၀၅ ဦး၊ ရာဂျာ့စ်သန်ပြည်နယ်တွင် ၂၈၈ ဦးနှင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၂၂၆ ဦး စသည်ဖြင့် အသီးသီး ရောဂါကူးစက်ခံရသည့်အပြင် အခြားဒေသနှင့် ပြည်နယ်များတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာများလည်း ရှိသေးကြောင်း သိရသည်။

**ကိုးကား - ပီတီအိုင်**
**ဘာသာပြန် - ဂျေတီ**



# ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ ၇၅၀၀၀ ကျော်ရှိလာ

**ပါရီ မေ ၇**
မေ ၆ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် သေဆုံးသူဦးရေ ၇၀၀၀၉ ဦးသာရှိသော်လည်း မေ ၇ ရက်တွင် ယင်းရောဂါကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူဦးရေ ၇၅၀၀၀ ကျော်ရှိလာကြောင်း အေအက်ဖ်ပီ သတင်းဌာနမှ နောက်ဆုံးရယူထားသည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ယခုအခါ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၇၅၅၃၈ ဦးရှိလာပြီး ၅၃၉၂၈ ဦးသည် ဥရောပတိုက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများက ပြသထားသည်။

အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံအတွင်း ပထမဦးဆုံး သေဆုံးမှုကို ဖေဖော်ဝါရီလကုန်ပိုင်းက ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ ၁၆၅၂၃ ဦးရှိလာခဲ့ပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံး နိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့အတူ စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၁၃၇၉၈ ဦး၊ အမေရိကန်ပြည်ထောင်စုတွင် ၁၀၉၉၃ ဦးနှင့် ပြင်သစ်နိုင်ငံတွင် ၈၉၁၁ ဦး စသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြကြောင်း သိရသည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းက တရုတ်နိုင်ငံအလယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့သွားပြီး ဥရောပတိုက်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ ၇၀၈၈၉၈ ဦး၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံရှိ ရောဂါကူးစက်ခံရသူလူနာ ၃၈၄၉၄၇ ဦးနှင့် အာရှတိုက်ရှိ ရောဂါကူးစက်ခံရသူလူနာ ၁၂၂၃၄၈ ဦးတို့ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ စုစုပေါင်း ၁၃၅၀၇၅၉ ဦးရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၀၅၆ ဦးရှိလာ

**ရီယိုဒီဂျနေးရိုး မေ ၇**
ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၂ ဦး ထပ်မံတွေ့ရှိသည့်အတွက် စုစုပေါင်းအရေအတွက် ၁၂၀၅၆ဦး ရှိပြီး သေဆုံးသူ ၅၅၃ ဦးရှိလာပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာ ၅၄ ဦး သေဆုံးခဲ့ပြီး အဆိုပါသေဆုံးမှုသည် မေ ၄ ရက်က သေဆုံးမှုနှုန်းထက် ၁၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရသည်။

နိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သည့် ဘရာဇီးအရှေ့တောင်ပိုင်းပြည်နယ်များတွင် ဗိုင်းရပ်စ်ကူးစက်မှုခံရသူ ၆၆၇၈ ဦး (၆၀ ရာခိုင်နှုန်း) ရှိပြီး သေဆုံးသူ ၃၅၁ ဦး (၇၂ ဒသမ ၂ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။ ဘရာဇီး အရှေ့တောင်ပိုင်းပြည်နယ်များအနက် ဆောပေါလိုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၂၀ ရှိပြီး သေဆုံးသူ ၂၇၅ ဦး ရှိသည်။ ရီယိုဒီဂျနေးရိုးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၉၄ ဦးရှိပြီး ၆၃ ဦး သေဆုံးခဲ့သည်။

လက်တင်အမေရိကနိုင်ငံများအနက် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအမြင့်မားဆုံးနိုင်ငံဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံးအကြိမ်အဖြစ် လူသေဆုံးမှုမရှိသောနေ့ရက်ရှိလာဟု တရုတ် ကြေညာ

**ပေကျင်း မေ ၇**
ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း နေ့စဉ် သေဆုံးမှုအချက်အလက်များ စတင်ထုတ်ပြန်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ယနေ့ ကိုဗစ်-၁၉ ရောဂါကြောင့် လူသေဆုံးမှုမရှိကြောင်း တရုတ်နိုင်ငံက ကြေညာခဲ့သည်။

ယနေ့ အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၃၂ ဦးရှိပြီး ယမန်နေ့က ကူးစက်မှု ၃၉ ဦးထက် လျော့နည်းခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ပြောကြားသည်။ တရုတ်အစိုးရက အမှန်တကယ် အချက်အလက်များထက်လျှော့၍ သတင်းထုတ်ပြန်သည်ဟု ဝေဖန်ခံနေရချိန် ယခုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၃၃၃၁ ဦး သေဆုံးခဲ့ပြီး ၈၁၇၄၀ ကူးစက်ခံခဲ့ရကြောင်း အစိုးရက ပြောသည်။ ယနေ့အတည်ပြုထားသော ကူးစက်လူနာများ အားလုံးမှာ ပြည်ပမှ ရောက်ရှိလာသူများဖြစ်သည်။ ပြည်ပမှရောက်ရှိလာသူများကြောင့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်လာမည်ကို တရုတ်နိုင်ငံက စိုးရိမ်လျက်ရှိသည်။

ဗီဇာရှိသူများ သို့မဟုတ် နေထိုင်ခွင့်ရှိသည့် နိုင်ငံခြားသားများအား နယ်စပ်မှ ဝင်ရောက်ခွင့်ကို တရုတ်နိုင်ငံက ပိတ်ပင်ခဲ့သည်။ နိုင်ငံတကာ လေကြောင်းလိုင်းအရေအတွက်ကို လျှော့ချခဲ့ပြီး တရုတ်နှင့် နိုင်ငံတကာ လေကြောင်းလိုင်းများကို နိုင်ငံတကာ လေကြောင်းခရီးစဉ် တစ်ပတ်လျှင် တစ်ကြိမ်သာ ပြေးဆွဲခွင့်ပြုသည်။

လေကြောင်းခရီးစဉ်များအား ခရီးသည် ၇၅ ရာခိုင်နှုန်းထက်ပို၍ တင်ဆောင်ခွင့်မပြုပေ။ ဇန်နဝါရီလတွင် အသွား၊ အလာကန့်သတ်ချက် စတင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဝူဟန်မြို့တော်က ဧပြီလ ၈ ရက်တွင်ပြည်သူများကို သွားလာခွင့်ပြုတော့မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းလွတ်သည့် လူနေအိမ်ရာများရှိ ပြည်သူအချို့ကို နှစ်နာရီကြာသည်အထိ နေအိမ်များမှ ပြင်ပသို့ ထွက်ခွာခွင့်ပြုမည်ဖြစ်သည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**





# ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုထိန်းချုပ်ရန် နှစ်သစ်ကူးအခမ်းအနားများ ဖျက်သိမ်းကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ကြေညာ

**ဖနောင်ပင် မေ ၇**

ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုထိန်းချုပ်ရန်အတွက် မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပရန် စီစဉ်ထားသော ရိုးရာနှစ်သစ်ကူးအခမ်းအနားများ ဖျက်သိမ်းကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆမ်က ယနေ့ ကြေညာလိုက်သည်။

"ခမာနှစ်သစ်ကူး အခမ်းအနားတွေကိုဆိုင်းငံ့ဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့ပါတယ်။ နိုင်ငံတော်နဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေက ပုံမှန်အတိုင်း အလုပ်လုပ်ဖို့ လိုအပ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ပြီးဆုံးတဲ့အခါ အစိုးရက သူတို့ကို ခွင့်ငါးရက် ပေးသွားမှာဖြစ်ပါတယ်" ဟု ကမ္ဘောဒီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ နောက်ဆုံးအခြေအနေနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ တစ်ခုအတွင်း ဟွန်ဆမ်က ပြောကြားသည်။ ယခုအစီအစဉ်သည် လူစုလူဝေးနှင့် နှစ်သစ်ကူးကာလအတွင်း မွေးရပ်ပြည်နယ်များ သို့မဟုတ် ခရီးသွားနယ်မြေများသို့ ခရီးထွက်မှုများ တားဆီးရန်ရည်ရွယ်ကြောင်း ဟွန်ဆမ်က ဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံက ဈေးများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ အထည်ချုပ်စက်ရုံများကို ပိတ်မည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံက နှာခေါင်းစည်း ၁၀ သန်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် အကာအကွယ်ဝတ်စုံ ၅၀၀၀ နှင့် လက်ဆေးအရက်ပျံ လီတာ တစ်သန်းရရှိအောင် တိုးမြှင့်လုပ်ဆောင်မည်ဟု ၎င်းကဆိုသည်။ ပြည်တွင်းထောက်ပံ့မှု လုံလောက်စေရန် ပြည်ပသို့ ငါးတင်ပို့မှုများ ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့သည်ဟု ၎င်းက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာ စုစုပေါင်း ၁၂၂ ဦးရှိပြီး လူနာ ၅၈ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အစ္စရေးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ၉၀၀၆ ဦးအထိ ရှိလာ

**ဂျေရုဆလင် မေ ၇**

အစ္စရေးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၉၀၀၆ ဦးအထိ ရှိလာကြောင်း အစ္စရေးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။ မေ ၇ ရက် တစ်ရက်တည်းတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ လူနာနှစ်ဦး သေဆုံးခဲ့ကြောင်းလည်း အစ္စရေးနိုင်ငံအလယ်ပိုင်းရှိ အီချီလော့ဗ်နှင့် ဟာရာဇွန် ဆေးရုံတို့က တရားဝင်ကြေညာခဲ့သည်။ အသက် ၉၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၈၀ အရွယ်အမျိုးသားတစ်ဦးတို့သည်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ပြင်းထန်ရောဂါခံစားနေရကြောင်း အဆိုပါဆေးရုံများက ပြောကြားခဲ့သည်။

လက်ရှိတွင် အစ္စရေးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက် ၅၉ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။ အစ္စရေးနိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရသူလူနာ ၇၀၇ ဦး ရှိကြောင်း၊ ၁၅၂ ဦးမှာ ပြင်းထန်သည့်အခြေအနေ ခံစားနေရပြီး ၁၈၁ ဦးမှာ သာမန်အခြေအနေတွင်သာရှိကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အခြားသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာ ၈၂၄၀ အနက်မှ ၅၆၁၁ ဦးမှာ နေအိမ်တွင် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး သီးသန့်ခွဲထားပြီး ဟိုတယ်တွင်ထားရှိသည့် ၈၁၉ ဦးကိုလည်း ဆေးဝါးကုသမှုပေးလျက်ရှိကြောင်းနှင့် ၆၈၃ ဦးမှာ ရောဂါမှ ပြန်လည်သက်သာလာပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ၁၁၂၇ ဦးမှာနေအိမ်၊ ဟိုတယ်နှင့် ဆေးရုံများတွင် အသီးသီးဆေးဝါးကုသပေးလျက်ရှိကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အမေရိကန်ဆေးဝါးကုမ္ပဏီ Inovio က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လူသားများနှင့် စတင်စမ်းသပ်

**နယူးယောက် မေ ၇**

ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုး လက်တွေ့စမ်းသပ်မှုများ စတင်ခဲ့သည်ဟု အမေရိကန်ဆေးဝါးကုမ္ပဏီ Inovio Pharmaceuticals က ပြောကြားလိုက်သည်။ ယခု ဆောင်ရွက်ချက်မှာ လက်တွေ့စမ်းသပ်မှုအဆင့် ရောက်ရှိခဲ့သည့် ကမ္ဘာ့တစ်ဝန်း တီထွင်ဆဲ တတိယမြောက် ကာကွယ်ဆေးဖြစ်သည်။



ကာကွယ်ဆေး ထုတ်လုပ်မှုကို အားပေးသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Coalition for Epidemic Preparedness Innovations ထံမှ ပံ့ပိုးမှုများရရှိပြီးနောက် Inovio Pharmaceuticals က ဇန်နဝါရီလ အစောပိုင်းတွင် ဆေးဝါး တီထွင်မှု စတင်ခဲ့သည်။ တိရစ္ဆာန်များနှင့် ကနဦးလက်တွေ့လေ့လာမှု အရ အလားအလာရှိသော ကိုယ်ခံအား တုံ့ပြန်မှုများ ပြသခဲ့ကြောင်း Inovio Pharmaceuticals က ပြောကြားခဲ့သည်။ ကျန်းမာသန်စွမ်းသော စေတနာ့ဝန်ထမ်း ၄၀ နှင့် ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုကို ယမန်နေ့က ပန်ဆယ်ဗေးနီးယား ပြည်နယ် ဖီလာဒယ်လ်ဖီးယားမြို့နှင့် မစ်ဆော်ရီပြည်နယ် ကန်းဆတ်မြို့တော်တို့၌ စတင်ခဲ့ကြောင်း အဆိုပါ ကုမ္ပဏီက ပြောသည်။

ကနဦး ကိုယ်ခံအားတုံ့ပြန်မှုနှင့် ဘေးအန္တရာယ်ကင်းမှု အချက်အလက်များရရှိရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်မှုတွင် ပါဝင်သူတစ်ဦးစီကို ရက်သတ္တပတ်လေးပတ်ခြား၍ ဆေးဝါး နှစ်ကြိမ် ထိုးပေးမည်ဖြစ်သည်။ စမ်းသပ်မှုက ကျေနပ်ဖွယ်ဖြစ်ပါက နောက်ထပ် စမ်းသပ်မှုများ ပြုလုပ်ရန်နှင့် အရေးပေါ်အသုံးပြုရန် နှစ်ကုန်တွင် ကာကွယ်ဆေး အလုံး တစ်သန်း ထုတ်လုပ်မည်ဟု ကုမ္ပဏီက ပြောသည်။ ယခု ကာကွယ်ဆေးမှာ လူသားတို့၏ ဒီအင်န်အေတွင် စမ်းသပ်သည့် ဆေးဝါးသစ်တစ်မျိုး ဖြစ်သည်။ ဗိုင်းရပ်စ်ကဲ့သို့သော ရောဂါပိုးများအတွက် အသုံးပြုသည့် သမားရိုးကျ ကာကွယ်ဆေးများနှင့် နှိုင်းယှဉ်လျှင် ကာကွယ်ဆေးက ဒီအင်န်အေ ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်ရာတွင် အချိန်ကုန်သက်သာမည်ဟု မျှော်မှန်းရသည်။ ယခုကဲ့သို့သော ကာကွယ်ဆေးကို ယခင်က လက်တွေ့စမ်းသပ်ခဲ့ခြင်း မရှိခဲ့ပေ။

ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုက အလားအလာကောင်းသော ရလဒ်များပြသခြင်း ရှိ၊ မရှိ စိတ်ဝင်စားနေကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုအရ လက်ရှိတွင် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးအမျိုးအစား ၆၀ ကျော် တီထွင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုလေးသန်းအား အီရန်အစိုးရက ချေးငွေများ ပေးအပ်ရန် စီစဉ်

**တီဟီရန် မေ ၇**

အီရန်အစိုးရသည် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဝင်ငွေနည်း အိမ်ထောင်စု လေးသန်းအား ချေးငွေများပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း အီရန်သမ္မတ ဟာဆမ်ရိုဟာနီက မေ ၆ ရက်တွင် ပြောကြားခဲ့ကြောင်း တရားဝင် အိုင်အာရ်အင်န်အေ သတင်းအေဂျင်စီက သတင်းဖော်ပြထားသည်။

အဆိုပါ ချေးငွေပေးအပ်ရေး အခြေအနေများကို မကြာမီ ကြေညာသွားမည်ဖြစ်ကြောင်း သမ္မတ ဟာဆမ်ရိုဟာနီက ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားဌာနချုပ်၏ အစည်းအဝေး တစ်ရပ်တွင် ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းအတွက် အသုံးပြုမည့် ယူရို ၁၆ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈ ဘီလီယံ) ကိုလည်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ခွဲဝေပေးခဲ့ကြောင်း ဟာဆမ်ရိုဟာနီက ပြောကြားခဲ့သည်။

အလုပ်သမား ၅၀ ထက် လျော့နည်းသည့် အခြားသောစီးပွားရေးလုပ်ငန်းများအပါအဝင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ပိတ်ထားခဲ့ပြီး လုပ်ငန်းလုပ်ဆောင်ခွင့် မရတော့သည့် အလုပ်သမားများသည်လည်း ကယ်ဆယ်ရေးဆိုင်ရာ အထောက်အပံ့ ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေစဉ်အတွင်း အလုပ်လက်မဲ့ ဖြစ်ခဲ့သူများအတွက် အီရန်နိုင်ငံ၏ အလုပ်လက်မဲ့အာမခံရန်ပုံငွေအဖွဲ့သို့ ယူရို ၁ ဒသမ ၁ ဘီလီယံခန့်ကို ခွဲဝေပေးခဲ့ကြောင်းလည်း အီရန်သမ္မတ ဟာဆမ်ရိုဟာနီက မှတ်ချက်ပြု ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်း ဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ဒဏ် အဆိုးရွားဆုံးခံခဲ့ရသည့် နိုင်ငံဖြစ်ပြီး မေ ၆ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၆၀၅၀၀ ရှိခဲ့ကာ သေဆုံးသူအရေအတွက် ၃၇၃၉ ဦး ရှိခဲ့သည်။




**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

❏

# အီတလီနှင့်စပိန်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်း လျော့နည်းလာ

**ရောမ မေ ၇**

အီတလီနှင့် စပိန်နိုင်ငံများတွင် နေ့စဉ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုနှုန်း လျော့နည်းလာသော်လည်း ရောဂါကူးစက်ခံရသည့် လူနာအရေအတွက်မှာ စိုးရိမ်ဖွယ် တိုးမြင့်လာနေခြင်းကြောင့် ကျန်းမာရေးလုပ်သားများမှာ စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြ သည်။

အီတလီနိုင်ငံတွင် မေ ၆ ရက်အထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေ ၁၆၅၂၃ ဦးရှိပြီး ယင်းမှာ ကမ္ဘာပေါ်တွင် သေဆုံးသူအရေအတွက် အမြင့်မားဆုံးဖြစ်သည်။

အီတလီနိုင်ငံတွင် မေ ၆ ရက်၌ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူဦးရေသည် ၃၅၉၉ ဦးရှိပြီး ယင်းပမာဏမှာ မေ ၅ ရက်တွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေထက် ၇၁၇ ဦး ကျဆင်းသွားခြင်းဖြစ်သည်။

စပိန်နိုင်ငံတွင်မူ မေ ၆ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းခံရ၍ သေဆုံးသူဦးရေမှာ ၆၃၇ ဦးရှိပြီး ယင်းမှာ မတ် ၂၅ ရက်မှစ၍ နေ့စဉ် သေဆုံးသူဦးရေ အနည်းဆုံးဖြစ်သည်။ စပိန်နိုင်ငံတွင် မေ ၆ ရက်က ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ အသစ် ၄၂၇၃ ဦးရှိပြီး ယင်းအရေအတွက်မှာ လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်အတွင်း ကူးစက်ခံရသူ အသစ်ဖြစ်ပေါ်မှု အနိမ့်ဆုံးဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆေးရုံတက်

**လန်ဒန် မေ ၇**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ကိုရိုနာဗိုင်းရပ်စ် ပြင်းထန်စွာ ခံစားနေရပြီး အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှု ခံယူနေရသည်။ ထို့ကြောင့် ဂျွန်ဆင်၏ ကျန်းမာရေးနှင့် အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ နိုင်ငံခြားရေးဝန်ကြီး ဒေါမနစ်ရပ်စ်အား ၎င်း၏ တာဝန်များကို ခေတ္တထမ်းဆောင်ရန် ဂျွန်ဆင်က ညွှန်ကြားခဲ့သည်။ ကမ္ဘာ့ခေါင်းဆောင်တစ်ဦးဖြစ်သော ဂျွန်ဆင်အနေဖြင့် နိုင်ငံ၏ အရေးပေါ်အခြေအနေတွင် မမျှော်လင့်ဘဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။

ဝန်ကြီးတစ်ဦးဖြစ်သော မိုက်ကယ်ဂိုဗ့်က ပြောကြားရာတွင် ဂျွန်ဆင်အား အောက်ဆီဂျင်ပေးထားရသော်လည်း အသက်ရှူအထောက်အကူပြုကိရိယာကို အသုံးပြုရန် မလိုအပ်သေးကြောင်း ပြောကြားသည်။ အင်တာဗျူးတစ်ခုတွင် မိုက်ကယ်ဂိုဗ့်က အစိုးရအဖွဲ့မှာ လုပ်ငန်းဆက်လက် ဆောင်ရွက်နေကြောင်း ပြောကြားသည်။ အင်္ဂါနေ့တွင် ကျင်းပသည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အစည်းအဝေးတွင် ဂျွန်ဆင်ကိုယ်စား ရပ်စ်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗြိတိန်နိုင်ငံ၏ အခြေခံဥပဒေတွင် ဒုတိယဝန်ကြီးချုပ်ရာထူးကို သတ်မှတ်ထားခြင်းမရှိချေ။ ဗြိတိန်တွင် လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့သော ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန်အတွက် အစိုးရက တင်းကျပ်သော စည်းမျဉ်းများကို သတ်မှတ်ထားခဲ့သည်။ သို့သော် ၎င်းစည်းမျဉ်းများကို ရှေ့သီတင်းပတ်အတွင်း ပြန်လည်သုံးသပ်သွားရန်ရှိသည်။ အမေရိကန်သမ္မတ ထရမ့်က သူ၏ အကောင်းဆုံးမိတ်ဆွေ ဂျွန်ဆင်အတွက် ဆုတောင်းမေတ္တာပို့သခဲ့ပြီး ဥရောပမှ ခေါင်းဆောင်များနှင့် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီတို့ကလည်း ဆုတောင်းပေးခဲ့ကြသည်။ အခြားဥရောပနိုင်ငံများတွင် ပြည်သူများအား နေအိမ်များထဲတွင် နေထိုင်ရန် ညွှန်ကြားနေကြစဉ် ဗြိတိန်အစိုးရက ထိုအချက်ကို ဆောင်ရွက်ရန် ငြင်းဆန်သောကြောင့် ဝေဖန်မှုများ ခံခဲ့ရသည်။

ပြီးခဲ့သော သီတင်းပတ် နှစ်ပတ်အတွင်း တစ်နိုင်ငံလုံး ခရီးသွားလာခွင့်များကို ကန့်သတ်ခဲ့သော်လည်း ဗြိတိန်ပါလီမန်မှာ ရက်ပေါင်းများစွာ ကျင်းပခဲ့သဖြင့် ပါလီမန်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရန် ဖြစ်နိုင်ခြေအများဆုံးနေရာတစ်ခုဖြစ်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်



ဖိလစ်ပိုင်သမ္မတ ဒူတာတေး

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၇၆၄ ဦး ရှိလာ

**မနီလာ မေ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာ ၁၀၄ ဦး ထပ်မံတွေ့ရှိသည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၃၇၆၄ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း သေဆုံးသူအရေအတွက် ၁၇၇ ဦးရှိလာခဲ့ပြီဖြစ်သည်။ ရောဂါကူးစက်ခံရသူများအနက် ၈၄ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်း ကျန်းမာရေးဌာနက ဆက်လက်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်အစိုးရက ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် လူစုလူဝေးပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် နေအိမ်အတွင်းမှာသာ နေထိုင်ရန် ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြည်သူများအား ပြောကြားခဲ့သည်။

ထို့ပြင် ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးအတွက် ချမှတ်ထားသော စည်းမျဉ်းများကို မေ ၃၀ ရက်အထိတိုင် တိုးမြှင့်လိုက်ကြောင်း သမ္မတ ဒူတာတေးက ဆိုသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကိုဗစ်-၁၉ ရောဂါ၏ အကျိုးသက်ရောက်မှုများကို အကာအကွယ်ပေးရန် ထိုင်းနိုင်ငံက အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံ သုံးစွဲမည်

**ဗန်ကောက် မေ ၇**

ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို အကူအညီပေးရေး ဆောင်ရွက်ရာတွင် အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံ(ဘတ်ငွေ ၁ ဒသမ ၉ ထရီလီယံခန့်)ကို သုံးစွဲသွားရန် စီစဉ်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လယ်သမားများနှင့် ဒေသခံကျေးရွာသားများကို အကာအကွယ်ပေးရန် စီမံခန့်ခွဲရေးအမိန့်သုံးရပ်ကိုလည်း ယနေ့တွင် ထိုင်းနိုင်ငံအစိုးရအဖွဲ့က အတည်ပြုပေးခဲ့ကြောင်း ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဆာဗန်နာယာနာက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါစီမံခန့်ခွဲရေးအမိန့်သုံးရပ်သည် စီးပွားရေးကဏ္ဍ အထူးသဖြင့် ဘဏ္ဍာရေးကဏ္ဍ အပါအဝင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စီမံခန့်ခွဲရေးအမိန့်တစ်ရပ်သည် ကျေးရွာသားများနှင့် လယ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုဖြည့်စွမ်းပေးရန်နှင့် ချေးငွေရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅၄ ဘီလီယံခန့် (ဘတ်ငွေ တစ်ထရီလီယံ)ဖြင့် အသုံးပြုရန် စီစဉ်ထားသော ဒေသန္တရစီးပွားရေးလုပ်ငန်းများကို ပုံမှန်အတိုင်းပြန်ဖြစ်စေရန် ထိုင်းအစိုးရအား တောင်းဆိုထားကြောင်း ကဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

အခြားသော စီမံခန့်ခွဲရေးအမိန့်တစ်ရပ်ကမူ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့ရသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အပါအဝင် စီးပွားရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၇ ဘီလီယံခန့်(ဘတ်ငွေ ၅၀၀ ဘီလီယံခန့်)ကို ဖြည့်ဆည်းပေးရန် ထိုင်းဘဏ်အား တောင်းဆိုထားကြောင်း ဘဏ္ဍာရေးဝန်ကြီးက ဆိုသည်။

တတိယမြောက် စီမံခန့်ခွဲရေးအမိန့်တစ်ရပ်သည် ထိုင်းဗဟိုဘဏ်မှ စီမံခန့်ခွဲကာ ထောက်ပံ့ပေးမည့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၁ ဘီလီယံ (ဘတ်ငွေ ဘီလီယံ ၄၀၀ ခန့်) အတွက် ရန်ပုံငွေတစ်ရပ် တည်ထောင်ရေးတောင်းဆိုထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဆာဗန်နာယာနာ

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၂၀ ကျော် သေဆုံး၊ ရောဂါကူးစက်ခံရသူ ၂၇၃၈ ဦး ရှိလာ




**ဂျကာတာ မေ ၇**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂၁ ဦးရှိလာပြီး အရှေ့တောင်အာရှတွင် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာကြောင်း အင်ဒိုနီးရှားအစိုးရက ယနေ့ ကြေညာသည်။

ထို့အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၃၈ ဦးရှိလာပြီး ၎င်းတို့အနက် လူနာ ၂၀၄ ဦးသည် ပြန်လည်ကျန်းမာလာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက်ယူရီယံတိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လူဦးရေ ၁၀ သန်းကျော် နေထိုင်ရာ မြို့တော်ဂျကာတာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀၆ ဦး သေဆုံးခဲ့ပြီး နိုင်ငံအတွင်း သေဆုံးမှုအများဆုံး နေရာဖြစ်လာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် အနောက်ဂျာဗားပြည်နယ်တွင် ၂၉ ဦး၊ အလယ်ဂျာဗားတွင် ၂၂ ဦး၊ ဘန်တာကျွန်းတွင် ၁၈ ဦး၊ အရှေ့ဂျာဗားတွင် ၁၆ ဦး စသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအား ထိန်းချုပ်ရန် မတ် ၃၁ ရက်က အမျိုးသားပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး လူမှုကန့်သတ်ချက်ဆိုင်ရာ အစိုးရ၏ တင်းကျပ်သော စည်းမျဉ်းတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ထို့အတူ အင်ဒိုနီးရှား အာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိခဲ့သည့်နေရာများနှင့် ဒေသများတွင် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသလို ပြည်သူများကိုလည်း နှာခေါင်းစည်းများ ဝတ်ဆင်ထားကြရန် မှာကြားထားကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရသည် ၂၀၁၈ အရှေ့တောင်အာရှအားကစားပွဲတော်တွင် အသုံးပြုခဲ့သည့် ဂျကာတာမြို့လယ်ကောင်ရှိ မိုးမျှော်တိုက်ခန်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာ ၂၄၀၀၀ ခန့် ကုသနိုင်သည့် အရေးပေါ်ဆေးရုံအဖြစ် ပြောင်းလဲအသုံးပြုလျက်ရှိသည်။

ထို့အပြင် အင်ဒိုနီးရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော လူနာများကုသပေးရန်အတွက် ဂါလန်ကျွန်းပေါ်တွင် အရေးပေါ်ဆေးရုံတစ်ရုံ တည်ဆောက်ထားပြီး မေ ၆ ရက်မှစ၍ လုပ်ငန်းလည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မောင်တောမြို့နယ်၌ AA အကြမ်းဖက်အဖွဲ့က အရပ်ဘက်မော်တော်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဧပြီ ၇**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ AA အကြမ်းဖက်အဖွဲ့က ဧပြီ ၅ ရက်တွင် အရပ်ဘက်မော်တော်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာနေ ရေလုပ်ငန်းကုန်သည်တစ်ဦးသည် စစ်တွေမြို့သို့ မော်တော်ယာဉ်တစ်စီးဖြင့် ကဏန်းများတင်ဆောင်၍ သွားရောက်ရောင်းချပြီး အငူမော်-မောင်တောကားလမ်းအတိုင်းပြန်လာစဉ် ည ၈ နာရီခန့်တွင် မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်)ကျေးရွာတံတားအရောက်၌ ကားလမ်းပေါ်မှ မိုင်းတစ်လုံး ပေါက်ကွဲကာ မော်တော်ယာဉ်မှာ လမ်း၏ဝဲဘက်ရှိ မြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း။

၎င်းကုန်သည်မှာ ယာဉ်ပေါ်မှခုန်ဆင်း၍ ကျေးရွာဘက်သို့ ထွက်ပြေးခဲ့ကြောင်း၊ ထိုအချိန်တွင် AA အကြမ်းဖက်သမားလေးဦးခန့်က မော်တော်ယာဉ်အား လက်နက်ငယ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြောင်း အနီးဆုံးနယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းသို့ လာရောက်အကြောင်းကြားခဲ့၍ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ မိုင်း/လက်နက်ငယ် ကျည်ထိမှန်ထားသော မော်တော်ယာဉ်တစ်စီး၊ ကားလမ်းပေါ်၌ အကျယ် ရှစ်ပေ၊ အနက် လေးပေခန့်ရှိ မြေကျင်းတစ်ကျင်း၊ ၎င်းအနီးမှ ၁၀ ပေခန့်ရှိ ဝိုင်ယာကြိုးတစ်ချောင်း၊ ကျည်ခွံတစ်ခုတို့အား တွေ့ရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**








# အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၇**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက် ညနေ ၅ နာရီတွင် အမရပူရမြို့နယ် စွယ်တော်ဘုရားအရှေ့ဘက်မုခ်ဦးအနီး ၆၈ လမ်းတွင် ကျော်ထက်အောင်(ခ)အငယ်ကောင်မောင်းနှင်ပြီး သူရိန်ဝင်း(ခ)ကတုံး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ သူရိန်ဝင်း(ခ)ကတုံး၏နေအိမ်အား သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို ထပ်မံသိမ်းဆည်းရမိသဖြင့် သူရိန်ဝင်း(ခ) ကတုံးနှင့် ကျော်ထက်အောင်(ခ)အငယ်ကောင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၇**
သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁ ရက်မှ ၄ ရက်အထိ တန့်ဆည်မြို့နယ် တောကျင်-ကျောက်လှေခါးသစ်ထုတ်ရေးကားလမ်းအနောက်ဘက် ပျဉ်းတုံးချောင်းဖျားနေရာတို့၌ တရားမဝင် တမလန်း/ပိတောက်/ သစ်ရာခွဲသား ၅ ဒသမ ០၅០၈ တန်၊ ဗန်းမောက်မြို့နယ် မံမော်ကြိုးဝိုင်း အကွက်အမှတ်(၉၆) အတွင်း တရားမဝင်ကျွန်းသစ် ၉ ဒသမ ၂၇၀၀ တန်၊ အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ဘိုကလေးမြို့နယ် ရေကျော်တိုးကျေးရွာရေတံခါးအနီး ပွဲထောင်တစ်စင်းပေါ်မှ တရားမဝင် တောင်သရက်ခွဲသား ၁၁ ဒသမ ၂၁၈၈ တန်၊ အင်ဂျင်တစ်လုံး၊ မဘိမ်းမြို့နယ် ကြိုးပြင်(IX)၊ မိုင်းသာကြိုးဝိုင်း အကွက်အမှတ် (၄၃) နေရာ၌ တရားမဝင် ကျွန်းသစ်/ ၉ ဒသမ ၇၅၂၀ တန်၊ မယ်စဲ့မြို့နယ် သံလွင်မြစ်အရှေ့ဘက်ခြမ်း (၂)ကြိုးပြင်ကာကွယ်တောနေရာ၌ တရားမဝင် ကျွန်း၊ ပိတောက်၊ သစ်ခွဲသား ၄၃၁ ဒသမ ၅၄၈၄ တန်၊ သစ်ဖြတ်စက်သုံးစုံနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ထိရောက်စွာအရေးယူ**

ထို့ပြင် မြိုင်မြို့နယ် လက်ယက်မကျေးရွာအနောက်ဘက် လက်ယက်မ-ကျောက်တောရွာချင်းဆက် လမ်းဘေးနေရာ၌ ယာဉ်တစ်စီး၊ ဆိုင်ကယ်သုံးစီး၊ JIALING Super Cup တစ်စီး၊ Hero Royal စက်ဘီးတစ်စီး၊ သုံးဘီးဆိုင်ကယ်တစ်စီးတို့ပေါ်မှ တရားမဝင် ကျွန်း/ပျဉ်းကတိုး/ အင်ကြင်း/ ယင်းမာ/ ကုက္ကို/ လင်းရှောခွဲသား ၈ ဒသမ ၇၅၃၀ တန်၊ ဟန်းဖုန်းသုံးလုံး၊ အင်ဂျင်တစ်လုံး၊ လွှဝိုင်းနှစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦး၊ ပုတာအိုမြို့နယ် မြို့မ-မကျော့ဝါရွာ ကျေးရွာချင်းဆက်လမ်းပေါ်၌ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် စံကားဝါခွဲသား၄ ဒသမ ၂၆၂၀ တန်နှင့်အတူပြစ်မှုကျူးလွန်သူနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ များအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ရေဦးမြို့ ရှမ်းဆိပ်ရွာတွင် နေအိမ်နှစ်လုံးမီးလောင်

**ရေဦး ဧပြီ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ရှမ်းဆိပ်ကျေးရွာတွင် ဧပြီ ၆ ရက် ညနေ ၅ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူနေအိမ်နှစ်လုံး၊ နွားစာတဲနှစ်လုံးနှင့် အခြားပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဧပြီ ၆ ရက် ညနေ ၅ နာရီခန့်က ရှမ်းဆိပ်ကျေးရွာ ဦးအောင်မြင့်ထွန်း၏နေအိမ်တွင် မီးလောင်နေကြောင်း သတင်းအရ ရေဦးမြို့နယ်မီးသတ်စခန်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်ပိုင် ဖြိုး၊ ဒု-ဦးစီးမှူး ဦးအောင်ကိုနိုင်နှင့် သန္ဓေတပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ မုံတိုင်ပင်နယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ကန့်ဘလူမြို့နယ် ကာဘိုးနယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ဒေသခံရွာသူ ရွာသား ၁၅၀ ခန့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး ၆ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ဦးအောင်မြင့်ထွန်း၏နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် ထန်းရွက်မိုးနွားစာတဲပေါ်သို့ မီးပွားလွင့်စဉ်ကျရောက်ပြီး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဦးကျော်နိုင်ထွန်း၏ နေအိမ်နှင့် နွားစာတဲသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် နှစ်ထပ်နေအိမ်နှစ်လုံး၊ နွားစာတဲနှစ်လုံးနှင့် အခြားပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဦးအောင်မြင့်ထွန်းအား ရေဦးမြို့မရဲစခန်းကအမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းထိုက် (ရေဦး )**



# အင်းတော်မြို့နယ်၌ တရားမဝင်ကျွန်းသစ်များဖမ်းမိ

**အင်းတော် ဧပြီ ၇**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းသစ်လုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၅ ရက် မွန်းလွဲပိုင်းက အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်လင်းဝင်း ဦးစီးသောအဖွဲ့သည် အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်း အကွက်အမှတ် (၄၇) အတွင်း တရားမဝင်သစ်များ ခုတ်လှဲနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင် ကျွန်းသစ်လုံး၂၄ လုံး (၈ ဒသမ ၅၈၂ တန်)ဖမ်းဆီးရမိသဖြင့် တရားမဝင်ကျွန်းသစ်များ ခုတ်လှဲသူများအား စုံစမ်းရှာဖွေဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့က ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၆ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၆၅ စီး၊ သွင်းကုန် ၁၄၆၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၇၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ သန်းတန်ဖိုးရှိ လိုင်စင်မဲ့ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသောညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ငါးရှဉ့်တိုက်ဖမ်းရာမှ ဓာတ်လိုက်သေဆုံး

**မတ္တရာ ဧပြီ ၇**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် သရက္ကန်မြောက်ကျေးရွာအုပ်စု မင်းဂံကျေးရွာတွင် ဧပြီ ၇ ရက် နံနက် ၁၀ နာရီက ငါးရှဉ့်တိုက်ဖမ်းဆီးသူတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ မတ္တရာမြို့မရဲစခန်းက အခင်းဖြစ်သည့် မင်းဂံကျေးရွာအနီး ရေမြောင်းပေါင်သို့ သွားရောက်စစ်ဆေးရာ ငါးရှဉ့်တိုက်ရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးနေသည်ကို တွေ့ရပြီး သေဆုံးသူမှာ မင်းဂံကျေးရွာနေ ကိုဇော်ထူးဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မတ္တရာမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှုခံယူနိုင်စေရေးဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များရရှိနိုင်ရေးအတွက် နေ့စဉ် သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၆-၅-၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီမှ (၇-၅-၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီအထိ စောင့်ကြည့်လူနာအသစ် (၁၉) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၇-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ (၃၂)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (၃၂)ဦးလုံး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀)ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ(၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ(၁၂)ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင်လူနာ(၁)ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့သို့ ပြောင်းရွှေ့လူနာ (၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့သို့ပြောင်းရွှေ့လူနာ (၃)ဦး၊ စုစုပေါင်း (၁၉)ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁) ဦးနှင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးမှ လူနာ(၁)ဦးတို့အား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၇-၅-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၇၁)ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏မိသားစုနှင့်ပတ်ဝန်းကျင်မှလူများအတွက်ပါ ရောဂါကူးစက်မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းဒေသကြီး/ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် အပူပိုင်းဆေးပညာပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေး

**နေပြည်တော် မေ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၁၀ နာရီတွင် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် အပူပိုင်းဆေးပညာပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးသည်။



**များစွာအထောက်အကူပြု**

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများ၏ လှူဒါန်းငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများ လှူဒါန်းနေခြင်းသည် ရှေ့တန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုများ၊ ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲဝန်ထမ်းများအတွက် လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေစေရေးနှင့် လုပ်ငန်းလုံခြုံမှုရှိစေရေးအတွက် များစွာအထောက်အကူပြုပါကြောင်း။

ယခုအချိန်၌ အဓိက လုပ်ဆောင်ရမည့် အချက် (၅) ချက်ဖြစ်သော (က) အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာ (quarantine site) များကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ (ခ) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင်လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ (ဂ) အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း၊ (ဃ) ရောဂါဖြစ်သူနှင့် အနီးကပ်ထိတွေ့သူများ၊ သံသယလူနာများအားလုံးကို COVID-19 ဓာတ်ခွဲစစ်ဆေးခြင်း၊ (င) ဗဟို၊ တိုင်းဒေသကြီး /ပြည်နယ်၊ ဆေးရုံများအနေဖြင့် မိမိတို့နေ့စဉ်နှင့် အပတ်စဉ်လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ အားနည်းချက်၊ လိုအပ်ချက်များရှိပါက မွမ်းမံပြင်ဆင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုရက်ပိုင်းမှစ၍ ကိုဗစ်-၁၉ ဓာတ်ခွဲစမ်းသပ်မှုများကိုလည်း အရေအတွက် ပိုမိုတိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး Rapid Diagnostic Test Kit များ သုံးရန်ကိုလည်း လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာများပို့ဆောင်ရာတွင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ မော်တော်ယာဉ်များကို စနစ်တကျချိတ်ဆက်၊ ဆက်သွယ်ပို့ဆောင်သွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနရှိ အခြားကျန်းမာရေးစီမံချက်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးမှုမရှိစေရေး ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်စနစ် ကောင်းမွန်စေရေးတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကို အကြောင်းပြု၍ ကျန်ကျန်းမာရေးစီမံချက်များ ဆောင်ရွက်မှု လုံးဝမနှောင့်နှေးစေရန် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက တာဝန်ယူရမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကိုသာ လိုရင်းတိုရှင်း တင်ပြသွားရန်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် အပူပိုင်းဆေးပညာပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နေမှုများနှင့် တွေ့ကြုံရသော အခက်အခဲများ၊ အောင်မြင်စွာဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ၊ အထူးကြပ်မတ်ကုသမှုကုထုံးနှင့် အသက်ရှူစက် အသုံးပြုမှု မွမ်းမံသင်တန်းများ ပြုလုပ်နေမှုနှင့်ဆက်လက်၍ ပိုမိုလုပ်ဆောင်မည့်အစီအစဉ်များ၊ Clinical Management အဖွဲ့မှ ကုသမှုပိုင်းဆိုင်ရာ ဆွေးနွေးထားရှိမှုများအပါအဝင် ကိစ္စရပ်များကို အတွေ့အကြုံဖလှယ်၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

**သတင်းစဉ်**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ် -၁၉ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၇**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးမှုနှင့်အတူ ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ နီရိလောန်းကျေးရွာနှင့် ဟားခါးခရိုင် မီးသတ်ဦးစီးဌာနတို့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ လေဆိပ်၊ စည်ပင်သာယာဈေး၊ ပြည်သူ့ဆေးရုံကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ပရဟိတဂေဟာများ၊ အဝေးပြေးယာဉ်ရပ်နားစခန်းများတွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တို့တွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးမှုသရုပ်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက နှိုးဆော်ပေးသည့် အသိပညာပေး နှိုးဆော်ချက်များကို နံရံကပ်ပြဘုတ်များတွင် ခင်းကျင်းချိတ်ဆွဲပြသခြင်း၊ ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရေး၊ တစ်ဦးနှင့်တစ်ဦးသုံးပေအကွာနေထိုင်ရေး၊ နှာခေါင်းစည်းများ တပ်ဆင်သည့် အလေ့အကျင့်များရှိစေရေးတို့ကို အသိပညာပေးခြင်း၊ ကိုဗစ် -၁၉ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ အသွားအလာကန့်သတ်ခြင်းဆိုင်ရာများကို လိုက်နာဆောင်ရွက်ရေး အသံချဲ့စက်များဖြင့်



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်လေဆိပ်၌ လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးခြင်းနှင့် ကိုဗစ် - ၁၉ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

လှည့်လည်နှိုးဆော်ခြင်း၊ ကိုဗစ် -၁၉ ရောဂါနှင့်ပတ်သက်၍ ရပ်ရွာအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းနိုင် (ပြန်/ဆက်)**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | |
|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၇**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် Unilever ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးတို့က လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

**အကျိုးရှိထိရောက်စွာ အသုံးချသွားမည်**

ဆက်လက်၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး လှူဒါန်းသည့် လှူဒါန်းငွေများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို အကျိုးရှိထိရောက်စွာ အသုံးချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) နှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)တို့က အလှူရှင်များ ပေးအပ်လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ပညာရေးဝန်ကြီးဌာနက ငွေကျပ် ၃၇ သိန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းများက ငွေကျပ် ၁၉ သိန်း၊ ဦးမောင်ကြူ (OK ဂျုံမုန့်) + ဒေါ်သန်းသန်းဌေး၊ သား၊ သမီး၊ မြေးများနှင့် ဝန်ထမ်းများက ငွေကျပ် သိန်း ၁၁၀၀၊ ဦးဝင်းမြင့်မောင် မိသားစုနှင့် သူငယ်ချင်းမိသားစုများက ငွေကျပ် သိန်း ၅၀၀၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ငွေကျပ် သိန်း ၁၀၀၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)နှင့် စေတနာရှင်များက ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်လင်း+ ဒေါ်စန်းစန်းမြင့် သား ဦးမျိုးသန့်၊ ဒေါက်တာဇေယျာလင်း၊ မင်းထင်ပဲင်ပြာရည်လုပ်ငန်းက ငွေကျပ်သိန်း ၂၀၀၊ Unilever ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၂၂၀၀ ခန့် တန်ဖိုးရှိ သန့်ရှင်းရေးသုံးပစ္စည်းများ၊ RVK ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၁၀၀ ခန့်တန်ဖိုးရှိ ဆေးပစ္စည်းများ၊ Nebular ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ နှာခေါင်းစည်း ၁၅၀၀၀၊ စော်ဘွားလေးဘိုဘိုမောင် မိသားစုက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ ၄၀ နှင့် လက်သန့်စင်ဆေးရည်များ၊ ဦးအောင်ဇော်ဝင်း မိသားစုက ငွေကျပ် ခုနစ်သိန်းခန့်တန်ဖိုးရှိ နှာခေါင်းစည်း ၂၀၀၀၊ Access Spectrum က ငွေကျပ် ၆၆ သိန်းခန့်တန်ဖိုးရှိ Hand Speaker ၆၀၀၊ Mr. Fahmid Bhulya (PGMF) က ငွေကျပ် ၁၀ သိန်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက ငွေကျပ် ၁၅ သိန်း၊ Miniso ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၂ ဒသမ ၇၅ သိန်း တန်ဖိုးရှိ Surgical Mask and N95 Mask များ၊ MT Golden Denise – on Board Myanmar Seafarers & Friends က အမေရိကန်ဒေါ်လာ ၁၀၅၀၊ Light House မှ ကိုထွန်းဝင်းအောင်နှင့် မောင်နှမများက ငွေကျပ် ၁၀ သိန်း၊ ၁၉၈၂ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသားကျောင်းသူများက ငွေကျပ် ၁၅ သိန်း၊ AA Medical က ငွေကျပ် ၁၂၇ သိန်းခန့် တန်ဖိုးရှိ Oxygen Concentrator ၂၀၊ ဟန်စိန်သန့်ကုမ္ပဏီက ငွေကျပ်သိန်း ၁၅၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာ–တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ အစုရှယ်ယာရှင်ဖြစ်သည့် တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း (CNPC) က မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ နှာခေါင်းစည်း ၂၀၀၀၀၊ ဆေးဆပ်ပြာရည် ဘူး ၅၀၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၁၀၀၊ အဖျားတိုင်းကိရိယာ အခု ၂၀ ပါဝင်သည့် ကူးစက်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို မေ ၆ ရက်တွင် ပေးအပ်လှူဒါန်းသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထိုက်အောင်နှင့် တာဝန်ရှိသူများက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကူးစက်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လက်ခံရယူခဲ့ပြီး ကပ်ရောဂါကာကွယ်တိုက်ဖျက်ရန် အရေးကြီးသည့်အချိန်ကာလတွင် လှူဒါန်းပံ့ပိုးမှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီသည် ပိုက်လိုင်းတစ်လျှောက်ရှိ အစိုးရဌာနများ၊ ကျေးရွာများ၊ မိဘမဲ့ဂေဟာများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ခေါက်ဆွဲ၊ စားသုံးဆီတို့ကို အကြိမ်ကြိမ်ပေးအပ်လှူဒါန်းခဲ့သည်။ မတ် ၂၄ ရက်တွင်လည်း အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့အတွက် ပထမအသုတ်အနေဖြင့် နှာခေါင်းစည်း ၂၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



**တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀ ကို မေ ၇ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၁) ရပ်ကွက် သုခမ္မာဓမ္မာရုံအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်လှူဒါန်းရာ တွဲဖက်ပါမောက္ခ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခိုင်ဇံမြက လက်ခံရယူစဉ်။** အောင်သူရ

## ပန်းတနော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်

**ပန်းတနော် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့နယ်အဆင့် လုပ်ငန်းကော်မတီသို့ ထောက်ပံ့ငွေကျပ်သိန်း ၁၂၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**စနစ်တကျ ဆောင်ရွက်**

အခမ်းအနားတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီပေးပို့ရန်၊ ကာကွယ်ရေးလုပ်ငန်းများကို အဓိကထား စနစ်တကျ ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကိုဗစ်-၁၉ ရောဂါ



ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပန်းတနော်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အတွင်းရေးမှူး ဒေါက်တာအေးမင်းသန်းက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ထောက်ပံ့ငွေကျပ် သိန်း ၁၂၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား ပေးအပ်လှူဒါန်းရာ မြို့နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးရဲမင်းအောင်က လက်ခံရယူခဲ့သည်။ (ဓါတ်ပုံ)

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပန်းတနော်မြို့နယ်ဆေးရုံတွင် အသွားအလာကန့်သတ်ဆောင်ရွက်ထားရှိမှု၊ မြို့မဈေးအတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အသွားအလာကန့်သတ်ဆောင်ရွက်ထားရှိသည့် အထက(၂) တို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## ဇဟိုဝန်ထမ်းတက္ကသိုလ်၌ တည်ဆောက်သည့် ကျန်းမာရေးစင်တာကို မေ ၉ ရက်တွင် အပြီးတည်ဆောက်မည်



**ရန်ကုန် မေ ၇**

ဇဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရှိညှော့ရိပ်သာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် တည်ဆောက်နေသည့် ကျန်းမာရေးစင်တာကို မေ ၉ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားသည်။

"စင်တာမှာ လူ ၄၈၀ အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် ပြင်ဆင်ထားပါတယ်။ လောလောဆယ်မှာ ၂၄၀ အတွက်ကို ပြည့်ပြည့်စုံစုံလုပ်ထားတယ်။ မေ ၉ ရက်နေ့ အပြီးဆောင်ရွက်မှာပါ။ ဒါက ပထမအဆင့်အနေနဲ့ ကနဦးဆောင်ရွက်တာပါ။ လူ ၄၀ အတွက်ကိုလည်း ICU ပုံစံဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားပါတယ်"ဟု လူမှုရေးဝန်ကြီးက ပြောသည်။

အဆိုပါတည်ဆောက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် မေ ၆ ရက် ညနေ ၄ နာရီက အစိုးရအဖွဲ့ရုံးတွင် ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

"အဓိကကတော့ ဖောင်ကြီးမှာ ကျန်းမာရေးစင်တာ ဖွင့်ဖို့အတွက် လိုအပ်တဲ့ အကူအညီတွေကို ပုဂ္ဂလိကဆေးရုံတွေက ပေါင်းစပ်ဆောင်ရွက်ဖို့ပါ။ စင်တာမှာ လိုအပ်တဲ့ပစ္စည်းမှန်သမျှကို ပုဂ္ဂလိကဆေးရုံတွေက ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်းလောက် သူတို့ကူညီပေးမယ်"ဟု လူမှုရေးဝန်ကြီးက ပြောသည်။

ကျန်းမာရေးစင်တာ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကဆေးရုံ ၅၀ ကျော်မှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ပေးအပ်မည့် ဝန်ထမ်းများနှင့် တပ်မတော် ဆေးတပ်မှ အရာရှိ၊ စစ်သည်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အဆင်သင့်ဖြစ်အောင် ပြင်ဆင်**

ထို့အပြင် သင်္ကြန်ကာလတွင် ထားရှိမည့် လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီးက "ဒါကတော့ ဝန်ကြီးချုပ်ရဲ့ အကြံညာဏ်ပါ။ သင်္ကြန်ကာလအတွင်းမှာ လူနာတွေ ထပ်တွေ့လာမယ်၊ များလာမယ်ဆိုရင် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားတာဖြစ်ပါတယ်။ လုံခြုံရေးပိုင်းကတော့ လုပ်မြဲအတိုင်း ဆောင်ရွက်နေမှာပါ။ ပြည်သူလူထုကို ပူးပေါင်း ဆောင်ရွက်ဖို့၊ အိမ်မှာနေကြဖို့ မေတ္တာရပ်ခံတဲ့စာ ထုတ်ထားတယ်။ မဖြစ်မနေ ဈေးဝယ်ရ၊ ကျန်းမာရေးကိစ္စဆောင်ရွက်ရမှ အပြင်ထွက်ကြဖို့ ဆော်ဩထားတာ ရှိပါတယ်" ဟု ပြောသည်။

**ဇာနည်မောင်**
**အေးမင်းသူ**



## ရေးမြို့၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေး စောင့်ကြည့်နေရာများသို့ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**ရေး မေ ၇**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာများသို့ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒထံမှ ပေးပို့လှူဒါန်းသော အလှူငွေဖြင့် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့် စားသောက်ဖွယ်ရာများကို ရေးမြို့နယ်လူမှုရေးအဖွဲ့အစည်းများက ယမန်နေ့က သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါလှူဒါန်းပွဲတွင် ငါးခြောက်ကြော်၊ ဇာလချောင်ကြော်၊ ငါးပိကြော်၊ ပန်းသီး၊ လိမ္မော်သီး၊ ပဲနို့ဘူး၊ မုန့်ခြောက်၊ ကိတ်ခြောက်၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးစသည်တို့ ပါဝင်သောပစ္စည်းများဖြင့် လူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ တန်ဖိုးနှင့်ညီမျှသော ပစ္စည်းများကို ကန့်သတ်စောင့်ကြည့်စခန်းအသီးသီးသို့လှူဒါန်းခဲ့ရာ စခန်းအသီးသီးရှိ ကြီးကြပ်အုပ်ချုပ်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းဝင်များက လက်ခံရယူကြသည်။

လှူဒါန်းပစ္စည်းများကို လူငယ်ယဉ်ကျေးမှုနှင့် ပရဟိတသာသနာပြုဆရာတော် ဒေါက်တာအရှင်ပညာစာရ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်းနှင့် ရေးမြို့ လူမှုရေးအဖွဲ့ဝင်များက စခန်းအသီးသီးသို့ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒထံမှ ပေးပို့လှူဒါန်းသော အလှူငွေကျပ် သိန်း ၄၀ ဖြင့် ပစ္စည်းများဝယ်ယူ၍ ထပ်ဆင့်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဖြိုး(ပြန်/ဆက်)**

## မင်းလှမြို့နယ် သမဝါယမအသင်းစု ဇောတိကကုန်မျိုးစုံအရောင်းဆိုင်မှ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိ

**မင်းလှ မေ ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သမဝါယမအသင်းစု ဇောတိကကုန်မျိုးစုံအရောင်းဆိုင်မှ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း အသင်းသားပြည်သူများသို့ ပုံမှန်ဈေးနှုန်းဖြင့်ရောင်းချနေမှုကို မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊ တိုင်းအသင်းစုချုပ်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ လာရောက်ဝယ်ယူသူ ဒေါ်ညွန့်က "ဝယ်ယူတဲ့ပစ္စည်းတွေက ဈေးမတက်ပါဘူး။ ပစ္စည်းအားလုံး ယခင်ပုံမှန်ဈေးနှုန်းများအတိုင်းဖြစ်ပါတယ်။ လိုအပ်လို့ မှာရင်လည်း ကျပ် ၃၀၀၀၀ နှင့်အထက် ဝယ်ယူသူကို အိမ်အရောက်ပို့ပေးတယ်" ဟု ပြောသည်။

သမဝါယမအသင်းဆိုင်များမှ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များရောင်းချရာတွင် ဝယ်ယူသူများအား ရောဂါကူးစက်မှုအန္တရာယ်ကင်းဝေးစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ



ဆောင်ရွက်ပေးလျက်ရှိပြီး ယခုကဲ့သို့ ဆောင်ရွက်ပေးရခြင်းမှာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းမရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန်ရည်ရွယ်ကာ သမဝါယမအသင်းများကလည်း ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တာမွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်အိတ်များ ထောက်ပံ့လှူဒါန်း

**ရန်ကုန် မေ ၇**

ကိုရိုနာဗိုင်းရပ်စ် အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်ရောင်ရောဂါ ကူးစက်ပျံ့နှံ့နေမှုကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၆ ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်၊ သံဃာတော်များ၏ ဆွမ်းကိစ္စ အဆင်ပြေစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် တာမွေလေးရပ်ကွက်မှ အလှူရှင် ဦးခင်မောင်ထွေးမိသားစုက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆန်အိတ် ၅၀ ကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီသို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဘုန်းတော်ကြီးကျောင်းများသို့ ဆက်လက်လှူဒါန်း ပေးခဲ့ကြောင်း သိရသည်။



**နိုင်လင်းအောင်(ပြန်/ဆက်)**

## ရွှေဘိုမြို့နှင့် ရေဦးမြို့တို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအရှိန်အဟုန်ဖြင့် ဆောင်ရွက်

**ရွှေဘို မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် နံနက် ၁၀ နာရီက ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအေးမြင့် ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ ရွှေဘိုမြို့ ဝေယံဘုံကျော် ဘုန်းတော်ကြီးကျောင်း၊ မစိုးရိမ်အရှေ့တိုက် ဘုန်းတော်ကြီးကျောင်း၊ စတုဘုမ္မိကဘုန်းတော်ကြီးကျောင်း၊ ရွှေမြိုင်ဗိုလ်ဘုန်းတော်ကြီးကျောင်း၊ သုဇာတာရာမကျောင်းတိုက်နှင့် ဆုတောင်းပြည့်ဘုရားတွင် သံဃာတော်များနှင့် ရှင်သာမဏေများအား ကိုယ်အပူချိန်တိုင်းခြင်း၊ ကျောင်းတိုက်များအတွင်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ရေဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် နံနက် ၉ နာရီခွဲက ရေဦးမြို့ရှိ မစိုးရိမ်ကျောင်းတိုက်၊ ဘုံပျံကျောင်းတိုက်၊ ချမ်းသာဦးကျောင်းတိုက်၊ ရတနာပုံ Mobile၊ အေးချမ်းသာဆေးရုံ၊ ZONE ကားဝပ်ရှော့၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ရေဦးမြို့ပန်းခြံများတွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေဦးမြို့နယ် မီးသတ်ဦးစီးမှူး (ဦးစီးအရာရှိ) ဦးရန်ပိုင်ဖြိုး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်က ပြောသည်။

**မိုးသောက်(ရွှေဘို)**



## မင်းလှမြို့ ဇေယျာသီရိဈေးကြီးအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေး ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

**မင်းလှ မေ ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဇေယျာသီရိဈေးကြီးအား မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်စေရန်နှင့် ကာကွယ်တားဆီး ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်ပြီး မေ ၆ ရက် ညနေ ၃ နာရီက နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက ဈေးအတွင်းအပြင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**ပညာပေးသရုပ်ပြသ**

မြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေးအတွက် မင်းလှမြို့ ဇေယျာသီရိဈေးကြီးအား ပိုးသတ်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်ငြွေးနှင့် ကော်မတီအဖွဲ့ဝင်များ၊ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒေါ်နွယ်နွယ်အေးနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်ကော်မတီ အဖွဲ့ဝင်များက လိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်း ပေါင်း ၂၇၇ ခန်းအား ပိုးသတ်ဆေးများ စုပေါင်းပက်ဖျန်း၍ သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများက ဈေးသူဈေးသားများနှင့် ဈေးဝယ်လာပြည်သူများ ကိုဗစ်-၁၉ရောဂါ ကင်းဝေးစေရေး လက်ဆေးရန်အတွက် စီစဉ်ထားရှိသည့် လက်ဆေးကန်များတွင် ပြည်သူများ ရောဂါကြိုတင်ကာကွယ်နိုင်ရေး စနစ်တကျ လက်ဆေးနည်းများကို ပညာပေးသရုပ်ပြသခဲ့ကြောင်း သိရသည်။

**အသိပေးနှိုးဆော်**

ဆက်လက်၍ တပ်ဖွဲ့ဝင်များသည် မင်းလှမြို့ပေါ်ရှိ လူစည်ကားရာနေရာများဖြစ်သည့် ရွှေဘုန်းသာဘုရား ပုရိဝုဏ်၊ မင်းလှခံတပ် ၊ မော်တော်ယာဉ်ရပ်နားစခန်းနှင့် ရထားဘူတာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကင်းဝေးစေရန် ပိုးသတ်ဆေးများ ပက်ဖျန်းဆောင်ရွက်ပြီး ပြည်သူများ သိရှိလိုက်နာရန် ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နွယ်နွယ်အေးထံမှ သိရသည်။

**ရဲဝင်းနိုင်**

## ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

**ကျောက်ပန်းတောင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူရှင်များက ကျန်းမာရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီသို့ လာရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့ နံနက်ပိုင်းတွင် လိုအပ်လျက်ရှိသည့် အထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ရန်ကုန်မြို့နေ ဦးတင်စိုးလင်း(ရွှေပုဇွန်မုန့်မျိုးစုံနှင့်အအေး) ရောင်းဝယ်ရေးမိသားစုက အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ကိုဖိုးကျော် (ထွန်းကုန်မာဆိုင်) မိသားစုက နှာခေါင်းစည်း အခုရေ ၁၀၀၀ ကိုလည်းကောင်း၊ ညောင်ဦးခရိုင် လမ်းဦးစီးဌာန(EE)မှ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀ စုံကိုလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထိန်နှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခုရေ ၁၀၀၀ နှင့် ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ လက်ဆေးရည်ပုလင်း ၁၀၀ ကိုလည်းကောင်း၊ မြို့မိမြို့ဖများပါဝင်သည့် သဘာဝဘေးရန်ပုံငွေအဖွဲ့က ငွေကျပ် ၁၁၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀ နှင့် ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ အပူချိန်တိုင်းကိရိယာ အခုရေ ၂၀ တို့ကိုလည်းကောင်း၊ စံပြရပ်ကွက်နေ ကိုမင်းဇော်ဦးမိသားစုက အလှူငွေကျပ် သုံးသောင်းနှင့် ယူနိုက်တက်အမရာဘဏ်က အလှူငွေကျပ် သုံးသောင်းတို့ကို လာရောက်ပေးအပ် လှူဒါန်းကြရာ မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။



**ကိုနေ(ကျောက်ပန်းတောင်း)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေး ပြည်သူ့စာကြည့်တိုက်အား ပိုးသတ်ဆေးဖျန်း



**ဒေးဒရဲ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့ ညနေ ၆ နာရီက ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များငှားရမ်းနိုင်ရန် ဝင်-ထွက်သွားလာလျက်ရှိသည့် စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များအားလုံး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာန၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်အခန်း၊ ရုံးတွင်း/ရုံးပြင်၊ ရုံးရှေ့ မြေစိုက်ဘုတ်နှင့် လူဝင်-လူထွက်များသော နေရာများအား မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း မြို့နယ်အဆင့်ကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

■

## ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ပိုးသတ်ဆေးဖျန်း

**မိုင်းယောင်း မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးနှင့် ရောဂါပိုးကင်းစင်မှုရှိစေရေးအတွက် ဌာနဆိုင်ရာရုံးများ၌ ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့တွင် ကျန်းမာရေးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုက်လံဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဗလမင်းထင်လမ်းဆုံ၌ သွားလာနေကြသည့် ပြည်သူများကို အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ရန် ပညာပေးပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်သန့်ဆေးရည်များဖြင့် လက်ဆေးကြောပေးခြင်း၊ ယာဉ်များအား ပိုးသတ်ဆေးရည်များ ပက်ဖျန်းပေးခြင်းများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေး ရောဝတီဖောင်ဒေးရှင်းမှ ဆန်အိတ် ၁၀၀၀ လာရောက်လှူဒါန်း

**ပဲခူး ဧပြီ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေးအတွက် ရောဝတီဖောင်ဒေးရှင်းမှ ဆန်အိတ် ၁၀၀၀ လှူဒါန်းပွဲကို ဧပြီ ၆ ရက် ညနေ ၃ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ပြုလုပ်ခဲ့သည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကတည်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့ပြီး ယခုအချိန်ထိလည်း အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများမှ ပြန်လာသော မြန်မာနိုင်ငံသားများအား ကန့်သတ်စောင့်ကြည့်စခန်းတွင် ၁၄ ရက် စောင့်ကြည့်နေထိုင်စေလျက်ရှိပြီး အစိုးရအဖွဲ့ ၏ အစီအစဉ်ဖြင့် လည်းကောင်း၊ ပရဟိတအစီအစဉ်ဖြင့်လည်းကောင်း ကျွေးမွေးခြင်း၊ ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုလာရောက်လှူဒါန်းသည့် ဆန်အိတ်များကိုလည်း လိုအပ်သည့် ကန့်သတ်စောင့်ကြည့်စခန်းများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့လာရောက်လှူဒါန်းပေးမှုအပေါ် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရောဝတီဖောင်ဒေးရှင်းများ ဒါရိုက်တာ ဦးဆန်းလင်းဝင်းက လှူဒါန်းရသည့်အကြောင်းအရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးတို့ထံ ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေး ဆန်အိတ် ၁၀၀၀ အား ပေးအပ်လှူဒါန်းရာ အစိုးရအဖွဲ့က ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။

ရောဝတီဘဏ်နှင့် Max Myanmar Group တို့ ပူးပေါင်း၍ ရောဝတီဖောင်ဒေးရှင်းအဖြစ် ထူထောင်ကာ မြန်မာနိုင်ငံအတွင်း ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကို အထူးအလေးပေး ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယခုဖြစ်ပွားနေသည့် ကူးစက်မြန် အဆုတ်ရောင်ရောဂါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးနှင့် စပ်လျဉ်း၍ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ရောဝတီဖောင်ဒေးရှင်းနှင့် AYA SOMPO အာမခံကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေကျပ်သိန်း ၅၀၀၀ အား အာမခံအဖြစ်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ဆန်အိတ်ပေါင်း ၁၅၀၀၀ ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ကြီး ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် စည်ပင်ဈေးအတွင်းနှင့် ကျောက်ကြီးမြို့အဝင် ဆိပ်ကြီးကျေးရွာ တာဇုန်တို့တွင် ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာကပ်ခြင်းလုပ်ငန်းများကို ဧပြီ ၆ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျောက်ကြီးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဈေးရောင်း ဈေးဝယ်များ၊ အနေ့းယာဉ်လုပ်သားများနှင့် ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အများပြည်သူမြင်သာသည့်နေရာများတွင် ကြိုတင်ကာကွယ်ရေး ဗီနိုင်းပိုစတာများကပ်ခဲ့ကြကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အခုလို ဆောင်ရွက်ပေးတာပါ။ တစ်ဦးတစ်ယောက်ကစပြီး မိမိတို့ရဲ့ မိသားစုဝင်တွေကို လက်ဆင့်ကမ်းအသိပညာ ဖြန့်ဝေနိုင်စေဖို့ ရည်ရွယ်ပြီး လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးရခြင်းဖြစ်ပါတယ်" ဟု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်တင်စန်းလေးက ပြောသည်။

**ကိုသားကြီး(ကျောက်ကြီး)**

# သနပ်ပင်မြို့နယ်ရှိ သောက်ရေအခက်အခဲဖြစ်ပေါ်နေသော ကျွဲတဲကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**သနပ်ပင် ဧပြီ ၇**

သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသော ကျွဲတဲကျေးရွာသို့ ယနေ့ နံနက် ၁၀ နာရီက သောက်သုံးရေ လှူဒါန်းခဲ့ကြောင်း သိရသည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီတွင် သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် မြေသားရေကန်များ တူးဖော်ခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်းလုပ်ငန်းများအပြင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နိုင်သည့် ကျေးရွာများအား သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လာပါက အချိန်နဲ့တစ်ပြေးညီ ဖြန့်ဝေနိုင်စေရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်သည်။ ယခုလက်ရှိ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် ကျွဲတဲကျေးရွာအတွင်းရှိ အိမ်ခြေ ၄၈၁ အိမ်၊ လူဦးရေ ၂၄၅၅ ဦးတို့အတွက် ရေဂါလန် ၁၆၀၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# လယ်ဝေးမြို့နယ်ရှိ စနစ်တကျလယ်ယာမြေများတွင် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးလျက်ရှိ

**လယ်ဝေး ဧပြီ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူလယ်သမားကြီးများ လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးမှုကြောင့် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် လယ်ယာသုံးစက်ကိရိယာများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ဝေးမြို့အမှတ်(၄၇)စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ဝေးမြို့နယ်အတွင်း စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်း၊ တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာပြင်ဆင်ခြင်း၊ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၆ ရက် နံနက်ပိုင်းက မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးစန်းမျိုးထက်နှင့်ဝန်ထမ်းများက ညောင်ပင်အိုင်ကျေးရွာ စနစ်တကျလယ်ယာမြေရှိ တောင်သူ ဦးသိန်းလွင်၏ လယ်မြေ ၂ ဒသမ ၅ ဧကနှင့် ဦးကျောက်ခဲ၏လယ်မြေ ၂ ဒသမ ၅ ဧကတို့တွင် ဌာနပိုင် ကူဘိုတာကောက်စိုက်စက်နှစ်စီးဖြင့် စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထန်တလန်မြို့၌ ရေရှားပါးသော ဒေသနေပြည်သူများထံသို့ သောက်သုံးရေများ လှူဒါန်း

**ထန်တလန် ဧပြီ ၇**

ချင်းပြည်နယ် ထန်တလန်မြို့၌ နွေရာသီကာလ သောက်သုံးရေများ ရှားပါးလာသဖြင့် အမှတ် (၁) ရပ်ကွက်ရှိ ကားကြီးဝင်းဂိတ်၌ ပြည်သူများ သောက်သုံးရေ မလုံလောက်ခြင်းကြောင့် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်စခန်းမှူး ဦးမှုန်နှင်းဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀ နာရီခွဲက သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါသောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် အမှတ် (၁) ရပ်ကွက်ရှိ အိမ်ထောင်စု ၆၀ အတွက် ရေပြတ်လပ်မှုမရှိစေရန် သောက်သုံးရေ ဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနထံမှ သိရသည်။

**ဝေယာန(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်ဆေးကန်များ လိုက်လံတပ်ဆင်

**ရန်ကုန် မေ ၇**

ရန်ကုန်မြို့ရှိ လူစည်ကားသည့် ဘတ်စ်ကားမှတ်တိုင်များတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်ဆေးဘေစင်များကို မြို့နယ်များရှိ ဘတ်စ်ကားမှတ်တိုင် ၂၀ ကျော်တွင် မရွေးလူမှုကူညီရေးအဖွဲ့နှင့် ဒေါင်းသွေးနီလူမှုအကျိုးပြုကွန်ရက်တို့ ပူးပေါင်းတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အသီးသီးရှိ ဘတ်စ်ကားမှတ်တိုင်များဖြစ်သည့် သဃ်ာန်းကျွန်းမြို့နယ် သံသုမာလမ်း စံပြဈေးမှတ်တိုင်၊ လေးထောင့်ကန်လမ်း စံပြဈေးမှတ်တိုင်၊ မြောက်ဒဂုံ ကုန်ပဒေသာမှတ်တိုင်၊ တောင်ဥက္ကလာပမြို့နယ် ဘေလီမှတ်တိုင်၊ မေတ္တာလမ်းမှတ်တိုင်၊ သုမင်္ဂလာပန်းခြံမှတ်တိုင်၊ ပဒေသာလမ်းဆုံမှတ်တိုင်၊ ပုဏ္ဏမီမှတ်တိုင်၊ နန္ဒဝန်ဈေးမှတ်တိုင်၊ ညောင်ပင်ဂိတ် မှတ်တိုင်၊ စီမံကိန်းမှတ်တိုင်၊ ၃၁ ဘတ်စ်ကားဂိတ်ဟောင်း မှတ်တိုင်၊ မြင်သာဈေးမှတ်တိုင်၊ တာမွေဈေးမှတ်တိုင်၊ ပုဇွန်တောင်ဈေးမှတ်တိုင်တို့ပါဝင်ပြီး နေရာပေါင်း ၂၀ ကျော်တွင် လက်ဆေးကန်များ တပ်ဆင်ပြီးဖြစ်သည်။

ကျန်းမာရေးအတွက် လက်ဆေးခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ပေးရုံသာမက တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါပိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ လက်ကိုမကြာခဏဆေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ တိုက်တွန်းနှိုးဆော်ထားသည်။ ထို့ကြောင့် မရွေးလူမှုကူညီရေးအဖွဲ့အနေဖြင့် လူစည်ကားသည့် ဘတ်စ်ကားမှတ်တိုင်များတွင် အများပြည်သူ လက်ဆေးနိုင်ရန် လက်ဆေးဘေစင်များထားရှိပေးခြင်းဖြစ်သည်။ ထိုသို့ထားရှိနိုင်ရန်အတွက် ရေထောက်ပံ့ပေးနိုင်မည့် အိမ်များနှင့် ချိတ်ဆက်ကာ ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် လက်ဆေးကန်နှစ်ခုကို ပိုက်များဖြင့် သွယ်တန်းကာ ရေရရှိရန်ဆောင်ရွက်ခဲ့ပြီး လက်ဆေးဆပ်ပြာရည်များကို ထားရှိပေးကြောင်း မရွေးလူမှုကူညီရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်းသို့ နေ့စဉ် အလုပ်တက်အလုပ်ဆင်းသွားနေရသည့် ဝန်ထမ်းခရီးသည်တစ်ဦးကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့ရှိ ဘတ်စ်ကားမှတ်တိုင်၊ ဆူးလေဘုရားလမ်း မြို့တော်ခန်းမဘေးရှိ ဘတ်စ်ကားမှတ်တိုင်နှင့် ဆူးလေဘုရားလမ်း Sule Square Mall ရှေ့ရှိ ဘတ်စ်ကားမှတ်တိုင်များတွင် နေ့စဉ်ခရီးသည်များ အတက်အဆင်းများပြားသဖြင့် လက်ဆေးဘေစင်များ ထားရှိပေးစေလိုကြောင်း၊ ထောက်ပံ့ပေးမည့်ရေ ရရှိနိုင်စေအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဦးဆောင် စီမံပေးစေလိုကြောင်း ပြောသည်။

**အောင်သူရ**

■



# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးရည်ဖျန်း

**ရန်ကုန် မေ ၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန(ဗဟာန်း) ၌ ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် ပိုးသတ်ဆေးရည်ဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ရုံးအနေဖြင့် ပြည်သူများကိုဝန်ဆောင်မှုပေးနေသောရုံးဖြစ်သည့်အတွက် ပြည်သူများအသုံးပြု ဝင်ထွက်သွားလာလျက်ရှိသည့်အပြင် စာကြည့်တိုက်ရှိစာအုပ်များကိုလည်း လာရောက်ငှားရမ်းလျက်ရှိသောကြောင့် စာပေချစ်မြတ်နိုးသူ ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများ၊ အများပြည်သူများအားလုံး ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာနခန်းမအတွင်းရှိ ခေတ်မီကလေးကစားကွင်း၊ ကလေးစာဖတ်ခန်း၊ ကိုယ်လက်ကြံ့ခိုင်ရေးသုံးစက်ကိရိယာအခန်း၊ ပြတိုက်ငယ်အခန်း၊ အစည်းအဝေးခန်းမ၊ ပင်မစာကြည့်တိုက်၊ ကွန်ပျူတာသုံးသင်တန်းခန်းမ၊ ဘက်စုံသုံးခန်းမကြီး၊ အပေါ်ဆုံးထပ်ဘယ်ညာတွင်စာပေစကားဝိုင်းများကျင်းပမည့်နေရာ၊ လူထုအားကစားလှုပ်ရှားမှုများလုပ်ဆောင်ရန် လသာဆောင်နေရာများ၊ ရုံးအတွင်းအပြင်၊ ရုံးရှေ့မြေစိုက်ဘုတ်နေရာ၊ လူဝင်လူထွက်များသောနေရာများကိုမြို့နယ်ကျန်းမာရေးအဖွဲ့၏ကူညီပံ့ပိုးမှုဖြင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် ပိုးသတ်ဆေးရည်ဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်**

**(ပြန်/ဆက်)**

# ကိုဗစ် - ၁၉ ရောဂါ ပြန့်ပွားမှု ကာကွယ်နိုင်ရေးအတွက် မြို့အဝင်အထွက်ဂိတ်၌ စောင့်ကြည့်စစ်ဆေး

**လောက်ကိုင် မေ ၇**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ကာကွယ်နိုင်ရေးအတွက် မြို့အဝင်အထွက် ဂိတ်၌ စောင့်ကြည့်စစ်ဆေးမှုများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က မေ ၆ ရက် နံနက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

လောက်ကိုင်မြို့ အဝင်အထွက်ဂိတ်၌ စောင့်ကြည့်စစ်ဆေးမှုကို မတ်လ စတုတ္ထပတ်အတွင်းက စတင်ဆောင်ရွက်ထားရှိပြီး ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသော နေရပ်ပြန်ပြည်သူများ၏အမည်နှင့် သွားရောက်မည့်နေရပ်လိပ်စာ အချက်အလက်များကို ပြုစုကောက်ယူထားရှိပြီး ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လောက်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ပေါက် ရန်လုံကျိုင်း နယ်စပ်ဖြတ်တံတား၊ လောက်ကိုင်မြို့ဝင်ဂိတ်၊ တောင်ညီနောင် မြို့အဝင်ဂိတ်များတွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**ဇော်ဇော်အောင်**

**(ပြန်/ဆက်)**

## ကျန်းမာရေးစစ်ဆေးမှုနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**မိုးကောင်း မေ ၇**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ယနေ့ နံနက်ပိုင်းက ကန့်သတ်စောင့်ကြည့်ခံထားသူများအား ကျန်းမာရေးစစ်ဆေးခြင်းများနှင့် အခန်းအတွင်းအပြင်တို့ကို ပိုးသတ်ဆေးပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မိုးကောင်းမြို့ဈေးကုန်းရပ်ကွက်ရှိ အထက(၂)ကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းတွင် တရုတ်ပြည်မှ ပြန်လည်ရောက်ရှိလာသူ ခုနစ်ဦးနှင့် ရန်ကုန်မြို့မှ ပြန်လည်ရောက်ရှိလာသူ နှစ်ဦးအား ၁၄ ရက်စောင့်ကြည့်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းခြင်း၊ ချောင်းဆိုးခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးမှုများဆောင်ရွက်ကာ အချိန်ပိုင်းကူညီပေးနေကြသည့် စေတနာ့ဝန်ထမ်းများက အဆောင်အတွင်းအပြင်နှင့် ရေချိုးခန်း၊ အိမ်သာတို့ကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးရည်ဖျန်းပေး

**လက်ပံတန်း မေ ၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့ ညနေ ၃ နာရီက လူအဝင်အထွက် အသွားအလာ ထူထပ်သောနေရာများ၌ ပိုးသတ်ဆေးရည်များ ပက်ဖျန်းခဲ့ သည်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီများပူးပေါင်း၍ မြို့မဈေး၊ အာရုံဈေး၊ ကားဂိတ်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တို့အား ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ဝင့်နန္ဒာငွေး**

# အနေ့းယာဉ်လုပ်သား ၄၀၀ကျော်အား ဆန်၊ ဆီနှင့် ကြက်ဥများလှူဒါန်း

**ရန်ကုန် မေ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကာလအတွင်း အခြေခံပြည်သူများ စားရေးသောက်ရေးအခက်အခဲမဖြစ်စေရန်ရည်ရွယ်လျက် စေတနာရှင် ပရဟိတအဖွဲ့အစည်းတစ်ခုက အနေ့းယာဉ်လုပ်သား ၄၀၀ ကျော်အား ဆန်၊ ဆီနှင့် ကြက်ဥများလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေး ကော်မတီရုံး၌ ပြုလုပ်ခဲ့သည်။

"ဒီကနေ့ လှူဒါန်းတာကတော့ အနေ့းယာဉ်လုပ်သားတွေကို သီးသန့်လှူဒါန်းတဲ့ ပရဟိတအဖွဲ့အစည်းဖြစ်ပါတယ်။ သူတိုက အနေ့းယာဉ်လုပ်သားတွေကို လှူချင်တယ်ပြောတဲ့အတွက် ကျန်းမာရေးနဲ့အညီ စည်းကမ်းတကျဖြစ်အောင်လို့ စီစဉ်ပေးပါတယ်။ တောင်ဥက္ကလာပမြို့နယ်မှာ တရားဝင်လိုင်စင်ဆိုက်ကားက ၁၂၅၀ ရှိပါတယ်။ ဒီထဲကမှ ၁ ကနေ ၄၀၀အထိ နံပါတ်တွေကို အလှူခံခွင့်ပေးခဲ့ပါတယ်။ ကျန်တဲ့ အနေ့းယာဉ်တွေကိုတော့ နောက်အလှူရှင်ပေါ်မှဆက်လက်ပေးနိုင်မှာဖြစ်ပါတယ်" ဟု တောင်ဥက္ကလာပမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက ပြောသည်။



အဆိုပါ လှူဒါန်းမှုသည် နိုင်ငံတော်အစိုးရက ပံ့မှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအတွက်ဆန်၊ ဆီ၊ ပဲနှင့် ကြက်သွန်တို့အပါအဝင် ထောက်ပံ့ပစ္စည်းငါးမျိုး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပြီးနောက် တစ်ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"အရင်တုန်းကဆိုရင် ဆိုက်ကားဆရာတွေက သူတို့မိသားစုတွေအတွက် တစ်နေ့ကိုကျပ် ၈၀၀၀ ကနေ ၁၀၀၀၀ လောက်ရှာပေးနိုင်တယ်။ ခုတော့ ၃၀၀၀ / ၄၀၀၀၊ အချို့ဆိုရင် ညနေအထိ ဈေးဦးမပေါက်ကြသေးဘူး။ ဒီအတွက် အလှူရှင် ၇၀ ကျော်က စုပေါင်းထည့်ဝင်ပြီးတော့ အနေ့းယာဉ်လုပ်သားတစ်ဦးကို အခြေခံစားကုန်တွေဖြစ်တဲ့ ဆန်ခြောက်ပြည်၊ ဆီတစ်ပိဿာ၊ ကြက်ဥတစ်ဒါဇင်၊ ငါးခြောက်၊ ငါးသေတ္တာ၊ ကော်ဖီမှုန့်၊ ငရုတ်သီးမှုန့်စတဲ့အခြေခံစားကုန်တွေကိုလှူဒါန်းပေးရခြင်းဖြစ်ပါတယ် " ပြည်သူမှပြည်သူမျှဝေပေးခြင်းအဖွဲ့၏ ဖွဲ့စည်းထူထောင်သူတစ်ဦးဖြစ်သူ ဦးဇော်နိုင်က ပြောကြားသည်။

အဆိုပါ အဖွဲ့အစည်းအနေဖြင့် မေ ၈ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ်မှ အနေ့းယာဉ်လုပ်သား ၆၀၀၊ ညနေပိုင်းတွင်မြောက်ဥက္ကလာပမှအနေ့းယာဉ်လုပ်သား၄၀၀နှင့်နောက်တစ်နေ့တွင် လှိုင်သာယာမြို့နယ်မှ အနေ့းယာဉ်လုပ်သား၄၀၀ တို့အားအထက်ပါအတိုင်း ဆန်၊ ဆီနှင့် အခြေခံစားကုန်များ ဆက်လက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ခုလိုခက်ခဲနေချိန်မှာ လှူဒါန်းပေးတဲ့အတွက် ဝမ်းလည်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒီအခြေခံစားကုန်တွေက သိပ်မများပေမယ့် လတ်တလော အခြေအနေမှာတော့ စားရေး သောက်ရေးအတွက်တော့ အဆင်ပြေပါတယ်"ဟု တောင်ဥက္ကလာ (၇) ရပ်ကွက်မှ ဆိုက်ကားဆရာ ဦးမျိုးဝင်းက ပြောသည်။

**မြင့်မောင်စိုး**

# အလုပ်နားနေရတဲ့ စားသောက်ဆိုင်အလုပ်သမားတွေအတွက် တေလာပါရီက အမေရိကန်ဒေါ်လာ နှစ်သောင်းကျော်ထောက်ပံ့




ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်နဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ တေလာပါရီက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်ကာလအတွင်း အလုပ်နားနေရတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှ အလုပ်သမား ၄၂ ဦးအတွက် အမေရိကန်ဒေါ်လာ နှစ်သောင်းတစ်ထောင်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**အမေရိကန်ဒေါ်လာ ၅၀၀ စီထောက်ပံ့**

အသက် ၅၀ အရွယ် တေလာပါရီဟာ ဧပြီ ၅ ရက်က အတ္တလန္တာမှာရှိတဲ့ သူနှစ်သက်တဲ့ စားသောက်ဆိုင်တစ်ဆိုင်ကို သွားရောက်ခဲ့ပါတယ်။ အဲဒီမှာ အလုပ်သမား ၄၂ ယောက်ဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အလုပ်နားထားရကြောင်း သိခဲ့ရတာကြောင့် ၎င်းတို့အတွက် အမေရိကန်ဒေါ်လာ ၅၀၀ စီထောက်ပံ့ပေးခဲ့ပါတယ်။

# အသွားအလာကန့်သတ်ခံရမှု ပြီးဆုံးပြီးနောက် ဘန်အက်ဖ်လက်ခ် ရင်သွေးများနှင့် ပြန်လည်တွေ့ဆုံ



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဘန်အက်ဖ်လက်ခ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်နေထိုင်ခဲ့ရာ ၁၄ ရက်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုအသွားအလာကန့်သတ်နေထိုင်မှု ပြီးဆုံးပြီးနောက်မှာတော့ ဘန်အက်ဖ်လက်ခ်ဟာ ရင်သွေးလေးတွေနဲ့အတူရှိနေတာကို တွေ့ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၄၇ နှစ်အရွယ် မင်းသား ဘန်အက်ဖ်လက်ခ်ဟာ ဇနီးဟောင်းဖြစ်သူ မင်းသမီး ဂျနီဖာဂါနာရဲ့နေအိမ်ကို အလည်အပတ်ရောက်ရှိခဲ့ပါတယ်။ ဂျနီဖာဂါနာရဲ့ နေအိမ်မှာ ရင်သွေးလေးသုံးဦးနဲ့ တွေ့ဆုံခဲ့ကာ နေအိမ်အတွင်းမှာပင် အချိန်တွေကို အတူကျော်ဖြတ်ခဲ့ကြကြောင်းလည်း သိရပါတယ်။

ဘန်အက်ဖ်လက်ခ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်နှစ်ပတ်အတွင်း ချစ်သူ အာနာဒီအာမက်စ်နဲ့ အတူရှိနေကာ အသွားအလာကန့်သတ်ကာ သီးခြားနေထိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅ သန်း လှူဒါန်းခဲ့တဲ့ လေဒီဂါဂါ

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လေဒီဂါဂါဟာလည်း အခြားသောကြယ်ပွင့်တွေနည်းတူ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ အလှူငွေတွေ ပါဝင်ခဲ့ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့အတွက် လှူဒါန်းခဲ့တဲ့ ငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၃၅ သန်းရှိကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ကမ္ဘာတစ်ဝန်းက လူတွေဟာ ဗိုင်းရပ်စ်တိုက်ဖျက်ရေးမှာ ပါဝင်တဲ့အနေနဲ့ အသွားအလာကန့်သတ်နေထိုင်ခြင်း၊ ခပ်ခွာခွာနေထိုင်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါတယ်။ ငွေကြေးတတ်နိုင်သူတွေက အလှူငွေတွေ ပါဝင်လှူဒါန်းခဲ့ကြပြီး လေဒီဂါဂါကလည်း အဆိုပါ ဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်နေတာ တွေ့ရပါတယ်။

ဧပြီ ၆ ရက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျင်းပတဲ့ ညီလာခံမှာ လေဒီဂါဂါက မိန့်ခွန်းပြောကြားခဲ့ပြီး သူ့ရဲ့ မိန့်ခွန်းမှာ တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅ သန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ပေါ့ပ်ကြယ်ပွင့်က ထည့်သွင်းပြောကြားခဲ့တာပါ။ လေဒီဂါဂါက သူဟာ အဆိုပါအလှူငွေတွေကို Global Citizen နဲ့ ပူးပေါင်းလှူဒါန်းခဲ့တာဖြစ်ကြောင်းလည်း ပြောပါတယ်။

ဒါ့အပြင် လေဒီဂါဂါက ကိုရိုနာတိုက်ဖျက်ရေးအတွက် ရှေ့တန်းကနေ ပါဝင်လုပ်ဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ကြောင်း၊ ၎င်းတို့အတွက် ဂုဏ်ယူကြောင်းနဲ့ ဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း အမြန်ဆုံးပြန်လည်ကျန်းမာလာဖို့ရာ ဆုတောင်းပါကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း အလုပ်ဆုံးရှုံးခဲ့ရသူတွေ၊ အစားအသောက်အတွက် အခက်အခဲဖြစ်နေတဲ့ ကလေးငယ်တွေအတွက်လည်း လေဒီဂါဂါက ရန်ပုံငွေတွေ ထူထောင်နေကြောင်းလည်း သိရပါတယ်။



# ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်အတွင်း စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်သွားမယ့် ရီတာအော်ရာ

တေးသံရှင် ရီတာအော်ရာဟာ ဗြိတိန်ပေါ့ပ်ကြယ်ပွင့်တွေအနက် ကျော်ကြားသူတစ်ဦးဖြစ်ပါတယ်။ သူဟာ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားနေစဉ်ကာလအတွင်း လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်သွားဖို့ရာ လတ်တလောမှာ လက်မှတ်ရေးထိုးအတည်ပြုလိုက်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရီတာအော်ရာဟာ အစ်မဖြစ်သူ အယ်လီနာနဲ့အတူ လူမှုရေးလုပ်ငန်းတွေမှာ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ သူဟာ သက်ကြီးရွယ်အိုတွေနဲ့ ထိခိုက်လွယ်သူတွေကို စောင့်ရှောက်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ တေးသံရှင်ဟာ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးတဲ့ လုပ်ငန်းတွေ၊ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေကာ အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း အထီးကျန်သူတွေအတွက် စကားပြောဖော်အဖြစ်လည်း လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့်အနေနဲ့ ယခုလို စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်းကို သူ့ရဲ့ မိခင်ဖြစ်သူက ဟယ်လိုမဂ္ဂဇင်းကို ပြောကြားခဲ့တာပါ။ မိခင်ရဲ့ပြောကြားချက်အရ ရီတာအော်ရာဟာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်သွားဖို့ရာ အတော်လေးစိတ်အားထက်သန်နေကြောင်းလည်း သိရပါတယ်။

ရီတာအော်ရာနဲ့ အစ်မဖြစ်သူတို့ကဲ့သို့ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်သွားဖို့ရာ လျှောက်ထားခဲ့သူ ခုနစ်သိန်းခွဲခန့်ရှိကြောင်းလည်း သိရပါတယ်။

# ဂျပန်မှာ လူကြိုက်အများဆုံးသော ကြယ်ပွင့် ဗွီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗွီဟာ လတ်တလောမှာ ထုတ်ပြန်ခဲ့တဲ့ စာရင်းတွေအရ ဂျပန်နိုင်ငံမှာ လူကြိုက်အများဆုံးသော ကြယ်ပွင့်အဖြစ် ထိပ်ဆုံးမှာ ရပ်တည်နေကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျပန်နိုင်ငံကထုတ်ပြန်တဲ့ မတ်လအတွက် ကြယ်ပွင့်တွေရဲ့ အဆင့်သတ်မှတ်ချက်စာရင်းမှာ ဗွီက နံပါတ်တစ်နေရာမှာ ရပ်တည်နေတာ တွေ့ရပါတယ်။ သူဟာ ပြည်ပကြယ်ပွင့်တွေအနက် ပရိသတ်အများဆုံး ကြယ်ပွင့်တစ်ဦးဖြစ်သကဲ့သို့ တောင်ကိုရီးယားကြယ်ပွင့်တွေအနက်လည်း ဂျပန်ပရိသတ်တွေ အကြိုက်ဆုံးသော ကြယ်ပွင့်ဖြစ်ကြောင်းလည်း သိရပါတယ်။



# လက်ထပ်လိုက်ပြီဖြစ်တဲ့ ဆိုဂျီဆပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆိုဂျီဆပ်ဟာ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာတဲ့ ဆိုဂျီဆပ်နဲ့ ချိုအွန်ဂျန်တို့ဟာ လတ်တလောမှာ တရားဝင်လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း ကိုရီးယားဘိုး ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ချိုအွန်ဂျန်ဟာ အစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်ပါတယ်။ ယနေ့မှာ ဆိုဂျီဆပ်ရဲ့ အေဂျင်စီက မင်းသားရဲ့ မင်္ဂလာသတင်းကို ထုတ်ဖော် အသိပေးခဲ့တာ ဖြစ်ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဆိုဂျီဆပ်နဲ့ ချိုအွန်ဂျန်တို့ဟာ လတ်တလောမှာ လက်ထပ်မှတ်ပုံတင်လျှောက်ထားခဲ့ပြီး ဖြစ်ကြောင်းလည်း သိရပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ဆိုဂျီဆပ်နဲ့ ချိုအွန်ဂျန်တို့ဟာ သူတို့နှစ်ဦးရဲ့ဘဝမှာ အရေးအကြီးဆုံးသော အချိန်တွေကို တိတ်တဆိတ် ရှိနေဖို့ ဆန္ဒရှိနေကြောင်း၊ နှစ်ဖက်မိဘတွေ တွေ့ဆုံကာ မင်္ဂလာအမှတ်တရအဖြစ် ကိုရီးယားဝမ် သန်း ၅၀ ကို Good Neighbours သို့ လှူဒါန်းခဲ့ကြောင်းလည်း သိရပါတယ်။

၂၀၁၉ ခုနှစ်မေလအတွင်း ဆိုဂျီဆပ်နဲ့ ချိုအွန်ဂျန်တို့ ချစ်သူတွေ ဖြစ်နေကြောင်း သတင်းတွ စတင်ပေါ်ထွက်လာခဲ့ကာ နောက်ပိုင်းမှာ အေဂျင်စီက အဆိုပါသတင်းတွေ မှန်ကန်ကြောင်း အတည်ပြုပြောကြားခဲ့တာပါ။ ဒါကြောင့် သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်းတစ်နှစ်ခန့်မှာ လက်ထပ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

## ကိုဗစ်-၁၉ ရောဂါကြောင့် ပဲစိုက်တောင်သူများ ထိခိုက်မှုမရှိဟုဆို

**မြောင်းမြ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားရေးနှင့် ကာကွယ်ရေးကို ကျေးရွာများ ထိတိုင် ဆောင်ရွက်နေသည့်ကာလအတွင်း ပဲစိုက်တောင်သူများအနေဖြင့် ပဲနုတ်သိမ်းရာသီတွင် ထူးထူးခြားခြား ထိခိုက်မှုမရှိကြောင်း သိရသည်။ အထူးသဖြင့် အိမ်မဲမြို့နယ်အတွင်း မတ်ပဲအများဆုံးစိုက်ပျိုးကြပြီး အိန္ဒိယမှ အဝယ်ရှိလာသည့်အတွက် ယခင်နှစ်ကထက် ဈေးကောင်းရနေကြောင်း သိရသည်။

" မတ်ပဲက ပိဿာချိန် ၃၀ တစ်အိတ်ကို ကျပ် ၃၁၀၀၀ ဈေးအထိရတယ်၊ အရင်နှစ်က ဈေးမရဘူး၊ ၂၀၀၀၀ ကျော်ကျော်လေးပဲရတယ်၊ ဒါပေမယ့် ဒီနှစ်က ဈေးအကောင်းချည်း မဟုတ်ပေမယ့် ပဲသိပ်မထွက်ဘူး၊ အပင်သေတာများတယ်" ဟု အိမ်မဲမြို့နယ် ကွင်းကလေးကျေးရွာနေ ပဲစိုက်တောင်သူ ဒေါ်ရီရီဆွေက ပြောကြားသည်။

"အခုလက်ရှိမှာ မတ်ပဲက ပိဿာ ၃၀ ကို ကျပ် ၃၀၀၀၀၊ ၃၁၀၀၀ဈေးနဲ့ ပဲတီစိမ်းက ငွေကျပ် ၃၃၅၀၀ ဈေးဖွင့်ပါတယ်၊ ကျွန်တော်တို့က ရန်ကုန်က ဒိုင်တွေဆီမှာပဲ ပြန်သွင်းတာ ဆိုတော့ ရန်ကုန်ဈေးကိုပဲမှီခိုပြီး ဝယ်ပါတယ်၊ မနှစ်က ပဲလုပ်တဲ့သူတွေ ရှုံးကြတယ်၊ ဒီနှစ်က ပဲဈေးလေးကောင်း လာပြန်တော့ ပဲအဆုတ်များတယ်၊ မထွက်ဘူး၊ ရာသီဥတုနဲ့ ပိုးမွှားကြောင့်လည်းပါတယ်၊ ပိုးသတ်ဆေးတွေက အာနိသင် လျော့လာလို့လား ဒါမှမဟုတ် ရောဂါပိုးတွေကပဲ ဆေးဒဏ်ယဉ်ပါးလာလို့ကြလို့လားတော့မသိဘူး၊ တောင်သူတွဘက်က ပြောရရင်တော့ အရည်အသွေးမီတဲ့ ပိုးသတ်ဆေးတွေ ထုတ်စေချင်ပါတယ်"ဟု အိမ်မဲမြို့နယ် ချမ်းမြေ့ခိုင် ပဲအဝယ်ဒိုင်မှ ဦးအေးကြည်ကပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် တစ်နယ်လုံး မိုးစပါးအပြီးတွင် ဆောင်းသီးနှံအဖြစ် မတ်ပဲ၊ ပဲတီစိမ်းကို အများဆုံးစိုက်ပျိုးကြပြီး အောင်မြင်ဖြစ်ထွန်းသော မတ်ပဲ တစ်ဧကလျှင် တင်း၂၀ မှ ၂၅ တင်းအထိထွက်ရှိကြောင်း ပဲစိုက်တောင်သူများ၏ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံမှ လာမည့်ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံတန်ချိန် လေးသိန်း၊ ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲနှင့် အခြားပဲအမျိုးမျိုးကိုလည်း တန်ချိန်တစ်သိန်းခွဲ ဝယ်ယူသွားမည်ဟု အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက မတ်လအတွင်းက ပဲတင်သွင်းခွင့် ထုတ်ပြန်ပြီး နောက်ပိုင်း ပဲဈေးအထိုက်အလျောက် တက်လာခဲ့ကာ ဈေးကွက်အတွင်း မတ်ပဲ တစ်တန်လျှင် ငွေကျပ် ၉၈၅၀၀၀ ဈေးနှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၇၁၀၀၀၀ဈေးခန့် ရှိလာကြောင်း ကုန်စည်ဈေးကွက်မှ သိရသည်။

**အောင်မင်း(မြောင်းမြ)**





## ဆီဆိုင်မြို့နယ်၌ တောင်သူအကျိုးပြု ဧက ၁၆၀၀ ကျော်ခန့်ရှိ ရေထိန်းတံခါး ဆည်ရေသောက်စနစ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ဆီဆိုင် မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စုနှင့် တဘက်ကျေးရွာအုပ်စုအတွင်းရှိ နမ့်တဘက်ချောင်းမကြီးကိုအခြေခံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မကောက်ရေထိန်းတံခါး ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် နောင်စကာ ရေလွှဲဆည် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများကို မေ ၄ ရက်က မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲထွန်း၊ တဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းကော်ခမ်းနှင့် ဒေသခံပြည်သူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ကုန်းဆွတ်ကျေးရွာအုပ်စု မကောက်ရေထိန်းတံခါး ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို တူးမြောင်းအရှည်ပေ ၅၆၀၀၊ တူးမြောင်းအောက်ခြေအကျယ် ခြောက်ပေ၊ တူးမြောင်းအမြင့် ငါးပေ၊ တူးမြောင်းအဆောက်အအုံ ခုနစ်ခုဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၅၀ဖြင့် မကောက်အရှေ့ကျေးရွာနှင့် မကောက်အနောက်ကျေးရွာတို့မှ အိမ်ခြေ ၁၃၁ အိမ်ခန့်အတွက် တောင်သူအကျိုးပြု ဧက ၄၀၀ ကိုလည်းကောင်း၊ တဘက်ကျေးရွာအုပ်စု နောင်စကာရေလွှဲဆည် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို တူးမြောင်းအရှည် ပေ ၉၄၀၀၊ တူးမြောင်းအဆောက်အအုံ ခြောက်ခုဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈ သန်းဖြင့် ကျေးရွာကိုးရွာတို့မှ အိမ်ခြေ ၄၅၀ ခန့်အတွက် တောင်သူအကျိုးပြုဧက ၁၂၀၀ ကျော်ခန့်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲထွန်းထံမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## မုံရွာမြို့နယ်၌ ဆောင်းကြက်သွန်များ ယခုနှစ်တွင် ပြည်တွင်းတွင်သာ တင်ပို့ရောင်းချနေရ

**မုံရွာ မေ ၇**

ယခင်နှစ်ကပြည်ပသို့တင်ပို့ရောင်းချခဲ့ရသောမုံရွာမြို့နယ်ထွက်ဆောင်းကြက်သွန်များ ယခုနှစ်တွင် ပြည်တွင်း၌သာတင်ပို့ရောင်းချနေရကြောင်း မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် အောင်ကောင်းပြည့် ကြက်သွန်ပွဲရုံပိုင်ရှင် ကိုဟန်နိုင်ဦးက ပြောကြားသည်။

"မုံရွာမြို့နယ်မှာ ဆောင်းကြက်သွန်နီစိုက်ဧက ၇၃၀၀ လောက်ရှိပါတယ်၊ ထွက်လာတဲ့ ကြက်သွန်တွေကို အရင်နှစ်က အိန္ဒိယနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို တင်ပို့ရောင်းချခဲ့ပေမယ့် အခုနှစ်မှာ ရန်ကုန်၊ မန္တလေးနဲ့ မော်လမြိုင်မြို့တွေကို တင်ပို့ရောင်းချနေရပါတယ်"ဟု ကိုဟန်နိုင်ဦးက ပြောကြားသည်။

မုံရွာမြို့နယ်အတွင်းရှိ ကြက်သွန်ပွဲရုံများအနေဖြင့် ယခုအချိန် ကြက်သွန် တင်ပို့ရောင်းမှုသည် ယခင်နှစ်ကထက် ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း သိရသည်။ ယခင်နှစ်က ယခုလိုဧပြီလဆန်းအချိန်တွင်တစ်ပတ်လျှင် ကြက်သွန်အနည်းဆုံး ကားသုံးစီးခန့်တင်ပို့ရောင်းချရသော်လည်း ယခုနှစ်တွင် ပြည်ပဝယ်လိုအားနည်းပါးခြင်းနှင့် တောင်သူများဈေးကောင်းစောင့်ကာ သိုလှောင်ခြင်းတို့ကြောင့် တစ်ပတ်လျှင် ကားတစ်စီးခန့်သာ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

လက်ရှိအချိန်သည် ကြက်သွန်ပေါ်ချိန်ဖြစ်ကာ ကြက်သွန်စိုက်တောင်သူများ၊ ကုန်သည်ပွဲစားများနှင့် ပွဲရုံများအနေဖြင့် အရောင်းအဝယ်ကောင်းသည့်ကာလဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် အခက်အခဲဖြစ်ပေါ်ကာ ယခင်နှစ်ကထက် အရောင်းအဝယ် ကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။ ကြက်သွန်ပွဲရုံများတွင် လုပ်ကိုင်နေသော အလုပ်သမားများအနေဖြင့် ယခင်နှစ်က တစ်ရက်လျှင် လုပ်အားခ ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ရခဲ့ကြသော်လည်း ယခုနှစ်တွင် တစ်ရက်ကို လုပ်အားခ ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ခန့်သာရရှိကြောင်း သိရသည်။

"ကျွန်တော်တို့အလုပ်လုပ်တာကပိဿာစားနဲ့ လုပ်တာပါ၊ မနှစ်က ဒီအချိန်ဆိုရင် တစ်ရက်ကို အနည်းဆုံး ငွေကျပ် ၂၀၀၀၀ လောက်ရတယ်၊ ဒီနှစ်ကတော့ ငွေကျပ် ၁၀၀၀၀ ပြည့်ဖို့တောင် အတော်ခဲယဉ်းတယ်"ဟု မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်နေ ကြက်သွန်ပွဲရုံအလုပ်သမား ကိုတရုတ်ကြီးက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## ကျောက်ဆည်ခရိုင်တွင် နှမ်းများ GAP နည်းစနစ်ဖြင့် စိုက်ပျိုး

**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘေးကင်းလုံခြုံစိတ်ချရသော အစားအသောက်များအား ပြည်သူများသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ ငါန်းဇွန်၊ မတ္တရာ၊ စဉ့်ကူးမြို့နယ်များတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) နည်းစနစ်ဖြင့် နှမ်းသီးနှံ ဧက ၅၉၃၀ စိုက်ပျိုးရန်လျာထားပြီး ဧပြီလဆန်းအထိ ဧက ၄၁၀၀ စိုက်ပျိုးပြီးဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးတိုးမင်းနှင့်ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများသည် မေ ၅ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာတွင် တောင်သူ ၃၆ဦးတို့၏ နှမ်း (ဆင်းရတနာ-၄) စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)နည်းစနစ်ဖြင့် ဧက ၁၀၀အား ရေပေးစနစ်ဖြင့်စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေး၍ စိုက်ပျိုးမှုအောင်မြင်ရေးအတွက် လိုအပ်သည်များကိုမှာကြားခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**

## သန့်ရှင်းသော သောက်သုံးရေရရှိရေး ရေကန်ပြန်လည် တူးဖော်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာတွင် ပြည်သူများ အားကိုးအားထားပြုနေရသော သောက်သုံးရေကန်မှာ နှစ်ကြာလာသည်နှင့်အမျှ ကန်ကောလာသဖြင့် နောက်နှစ်များတွင် သောက်သုံးရေပိုမိုသိုလှောင်သုံးစွဲနိုင်စေရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Silverwall ကုမ္ပဏီက စက်ယန္တရားအသုံးပြုကာ ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူနှင့်အဖွဲ့သည် မတ် ၆ ရက် မွန်းတည့် ၁၂ နာရီက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်း**

# ရိခေါဒါရ်မြို့ရှိ ပြည်ပမှပြန်လာသူ လူငယ်ငါးဦးတို့အား ကျန်းမာရေးစစ်ဆေး ကန့်သတ်စောင့်ကြည့်ထားရှိမည့်နေရာ ပိုးသတ်ဆေးဖျန်း

**ရိခေါဒါရ် မေ ၇**

ချင်းပြည်နယ် ရိခေါ်ဒါရ်မြို့ အမှတ်(၂)ရပ်ကွက်နေ အမျိုးသားလူငယ် ငါးဦးတို့သည် ပြည်ပနိုင်ငံမှ ပြန်လာပြီး မေ ၅ ရက်က ရိခေါဒါရ်မြို့သို့ ရောက်ရှိလာကြရာ မြို့ရှာဖွေရေးနှင့် စစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကွက်လူငယ်အဖွဲ့များ၏ကြိုတင်စီစဉ်ထားသည့် အထကခွဲ၌ ၁၄ ရက် စောင့်ကြည့်ခြင်းခံယူရန် နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်ပမှပြန်လာသူ လူငယ်ငါးဦးတို့အား စောင့်ကြည့်ထားရှိရာ အထကခွဲနှင့် ကျောင်းပတ်ဝန်းကျင်ကို မေ ၆ ရက်က ရိခေါဒါရ်တိုက်နယ်ဆေးရုံဝန်ထမ်းများက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးဌာနက စောင့်ကြည့်ခံ လူငယ်ငါးဦးတို့၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးခဲ့ရာ လက်ရှိအခြေအနေအထိ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပြည်ပမှပြန်လာသူ စောင့်ကြည့်ခံလူငယ်တို့၏ ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနက နေ့စဉ် စစ်ဆေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ပက်ကာ(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မတ္တရာမြို့နယ်၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**မတ္တရာ မေ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီမှစ၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ပိုးသတ်ဆေးဖျန်းရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မတ္တရာ)၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ မတ္တရာမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့အဝင်လမ်းဆုံမှစတင်ကာ လမ်းတစ်လျှောက်ရှိအများပြည်သူ ဝင်ထွက်သွားလာနေသော နေရာများ၊ ဘူတာရုံ၊ ဆေးရုံနှင့် ဌာနဆိုင်ရာရုံးများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

မတ္တရာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့က ဦးဆောင်၍ ကျေးရွာများသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဝါးခယ်မမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ဝါးခယ်မ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်သည့် အနေဖြင့် မြို့ပေါ်ရပ်ကွက်များအား လူမှုရေးအသင်းအဖွဲ့များက ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ လူမှုရေးအသင်းအဖွဲ့တွေစုပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆေးဖျန်းခြင်းလုပ်ငန်းတွေကို ပြုလုပ်ပေးနေပါတယ်။ မြို့ပေါ်ရပ်ကွက်တွေမှာ လမ်းတွေ၊ နေအိမ်တွေအပါအဝင်ပေါ့၊ ဌာနဆိုင်ရာရုံးတွေ၊ ဘာသာရေးအဆောက်အအုံတွေ၊ ခရီးသွားပြည်သူတွေများတဲ့ ကားဂိတ်တွေ၊ သင်္ဘောဆိပ်တွေ၊ စာသင်ကျောင်းတွေ၊ ဈေးတွေမှာ ပိုးသတ်ဆေးဖျန်းတာတွေ လုပ်ပေးနေပါတယ်။ တခြားကျေးရွာတွေမှာလည်း ကျွန်တော်တို့လိုဆေးဖျန်းတာတွေ လုပ်လာတာတွေ့ရတယ်။ သူတို့တွေအတွက်လည်း ကျွန်တော်တို့ဘက်က လိုအပ်သလို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ဘက်စုံစုပေါင်းကွန်ရက်မှ ဦးကျော်စိုးနိုင်က ပြောသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ဟုမ္မလင်း မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင် ထိန်းချုပ်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို မေ ၆ ရက် ည ၈ နာရီက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းကို ဟုမ္မလင်း ကမ်းနားဈေးနှင့် ဘုန်းတော်ကြီးကျောင်းနှင့် ဟုမ္မလင်းမြို့ မြို့မဈေးတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့သို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်၊ စည်ပင်အမှုဆောင်အရာရှိ ဒေါ်ဆန်းယဉ်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ အလားတူ ယနေ့ ည ၇ နာရီတွင်လည်း ဟုမ္မလင်းမြို့ အားကစားခန်းမနှင့် ဘောလုံးကွင်း ပတ်ပတ်လည်၌ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စည်ပင်အမှုဆောင် အရာရှိ ဒေါ်ဆန်းယဉ်ထံမှ သိရသည်။

**လင်းလင်း (ပြန်/ဆက်)**

# ဝက်လက်မြို့နယ်၌ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ဝက်လက် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမရှိစေရေးအတွက် ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဦးစီးကော်မတီ၏ ဦးဆောင်မှုဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် နံနက် ၈ နာရီက ဝက်လက်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆက်သွယ်ရေးရုံး၊ မြို့နယ်ကြေးနန်းနှင့်စာတိုက်ရုံး၊ ကန့်သတ်စောင့်ကြည့်ခံရသူများထားရှိသည့် အလက (၃)၊ ငွေကမ္ဘာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ရုံး၊ ကြို့ပင်ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးကျောင်းများတွင် ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဝက်လက်မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်းနိုန် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ခြောက်ဦးတို့က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က ပြောသည်။

**မိုးသောက် (ရွှေဘို)**

## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**မိုးနဲ**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအဖြစ် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၆ ရက် ညနေပိုင်းက မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးဖျန်းခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုသက် ဦးဆောင်၍ မြို့နယ်အတွင်း ပြည်သူများအဝင်အထွက်များသောနေရာများနှင့်ဌာနဆိုင်ရာရုံးများတွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**ရွှေကူ**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရွှေကူမြို့ ပရိယတ္တိစာသင်တိုက်ကျောင်းများနှင့် ဌာနဆိုင်ရာရုံးများတွင် ပိုးသတ်ဆေးများဖျန်းခြင်းတို့ကို မေ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ဆောင်ရွက်ခဲ့သည်။

ပိုးသတ်ဆေးဖျန်းခြင်းကို ရွှေကူမြို့ မြို့မပရိယတ္တိစာသင်တိုက်ကျောင်း၊ မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်ကျောင်း၊ ရွှေကူမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်တိုင်းရင်းဆေးကုဌာန၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၊ ပြာဒီးကိတ်မုန့်မျိုးစုံဆိုင်နှင့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတို့တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေကူမြို့ပေါ်ရှိ စေတနာရှင် အလှူရှင်များစုပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**

**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် လတ်တလောဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၆ ရက်က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆေးဖျန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးတွင်းရုံးပြင်၌ ရောဂါကာကွယ်နိုင်ရန် ပိုးသတ်ဆေးများ လိုက်လံဖျန်းခဲ့သည်။

ဆက်လက်၍ ရုံးအဖွဲ့ဝန်ထမ်းများနှင့် ပြင်ပဧည့်သည်များ လက်ဆေးနိုင်ရန်အတွက် ဘေစင်နှင့် လက်သန့်ဆေးရည်များထားရှိပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ကြော်ငြာဆိုင်းဘုတ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့် အသိပညာပေးပိုစတာများကို အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန် ပြသထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

**သာယာဝတီ**

ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သာယာဝတီမြို့နယ် ငဖြူကလေးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးခန်း၊ နယ်မြေမီးသတ်စခန်းနှင့် ကျေးရွာအတွင်းရှိနေအိမ်များ၊ ဈေးဆိုင်ခန်းများအား ကျန်းမာရေးဦးစီးဌာနက သတ်မှတ်ထားသော ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၆ ရက် ညနေပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်လွင်ဦး ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# ကန့်ဘလူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိရေး မြို့အဝင်ဂိတ်တွင် စောင့်ကြည့်စစ်ဆေး

**ကန့်ဘလူ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့အဝင်ဂိတ်တွင် ကျန်းမာရေးစစ်ဆေးရေးစခန်း ဖွင့်လှစ်၍ ကျန်းမာရေး ပူးပေါင်းအဖွဲ့က နေ့စဉ် မွန်းလွဲ ၁ နာရီမှ ည ၈ နာရီအထိ ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် အဖျားရောဂါရှိ-မရှိ၊ ကိုယ်အပူချိန်မြင့်တက်မှု ရှိ-မရှိ ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းစစ်ဆေးလျက်ရှိသည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဌာန၊ မြို့နယ် မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များဖြင့် မြို့အဝင်တွင် ခရီးသွားများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရေးအတွက် အများပြည်သူ အလွယ်တကူ သိရှိလိုက်နာဆောင်ရွက်ရန် များကို အသိပညာပေးပြောကြားသည်။

ကန့်ဘလူမြို့နယ်အတွင်း ပြည်ပနိုင်ငံများနှင့်နယ်စပ် ဒေသများမှ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူ များအား စောင့်ကြည့်စခန်း (အခြေခံပညာကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း) ၆၆ ခုတွင် ၂၄၂ ဦးအနက် စောင့်ကြည့်ကာလပြည့်၍ စခန်းများမှ ပြန်လည်စေလွှတ် သူ ၇၁ ဦးရှိကြောင်း၊ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှု ခံယူနေသည့် စောင့်ကြည့်စခန်း ၄၉ ခုတွင် ဒေသခံပြည်သူ ၁၇၁ ဦးသာကျန်ရှိတော့ကြောင်းနှင့် ကန့်ဘလူမြို့နယ်တွင် မေ ၆ ရက်အထိ သံသယလူနာမရှိသေးကြောင်း မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှသိရသည်။

**အောင်ဝင်းငြိမ်း**

**(ကန့်ဘလူ)**





# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် မြို့ဝင်ဂိတ်၌ ခရီးသွား ပြည်သူများအား နေ့စဉ်ကျန်းမာရေးစစ်ဆေး

**သံတောင်ကြီး မေ ၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် နေ့စဉ် ဆောင်ရွက်လျက်ရှိရာ သံတောင်မြို့ရှိ မြို့အဝင်ဂိတ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ခရစ္စထွန်း ဦးဆောင်မှုနှင့်အတူ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်း များ၊ မြို့မိမြို့ဖများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာ ရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာစေရန်၊ လူစုလူဝေးရှောင်ကြဉ်စေရန်၊ လက်ကိုမကြာခဏ ဆေးကြော စေရန် စသည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပြီး ခရီးသွားပြည်သူများ၏ ယာဉ်၊ ဆိုင်ကယ်များအား စနစ်တကျ သွားလာနိုင်စေရေးအတွက် နေ့စဉ် ကန့်သတ်ဆောင်ရွက် မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**Holy**

**(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မြို့သစ် မေ ၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိပြည်သူ များ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် ယနေ့ နံနက် ၈ နာရီက အသံချဲ့စက်ဖြင့် မြို့တွင်း လှည့်လည်၍ အသိပညာပေးနှိုးဆော် မှုများ ဆောင်ရွက်ခဲ့သည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှကာကွယ်နိုင်ရန်အတွက် မြို့မဈေး၊ ကားဂိတ်၊ ဘူတာ၊ ကုန်စုံ ဆိုင်များတွင် အသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် ဆောင်ရန်၊ ရှောင်ရန် အချက်များကို မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဝင်းအိဇွန်**

**(ပြန်/ဆက်)**

# ထန်းတပင်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးများပက်ဖျန်း

**ထန်းတပင် မေ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မရှိစေရေးအတွက် မေ ၆ ရက် မွန်းလွဲပိုင်းက ကန့်သတ်စောင့်ကြည့်စခန်း အဖြစ် သတ်မှတ်ထားရှိသည့် အ.ထ.က (ထန်းတပင်)နှင့် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိ လမ်းတစ်လျှောက်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပုညပါရမီလူမှုကူညီ ကယ်ဆယ်ရေးအသင်း(ထန်းတပင်)က ဆောင်ရွက်ခဲ့ကြ သည်။

ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် သတ်မှတ်ထား ရှိသည့် အ.ထ.က(ထန်းတပင်)သို့ ပုညပါရမီလူမှုကူညီ ကယ်ဆယ်ရေးအသင်း၏ နာယက ထန်းတပင်ဗုဒ္ဓကောလိပ် ကျောင်းအုပ် ပုညသုခဓမ္မရိပ်သာကျောင်းဆရာတော် ဒေါက်တာ အရှင်ပုညာနန္ဒ၊တိုင်းဒေသကြီး (၁) လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦးနှင့် တာဝန်ရှိ သူများက သီးခြားနေထိုင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကာ သီးခြားစောင့်ကြည့်နေထိုင်သူ ခြောက်ဦးတို့အတွက် အာဟာရ ထမင်းစရိတ် ငွေကျပ် တစ်သိန်းကို တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦးက တာဝန်ရှိသူများထံသို့ပေးအပ် လှူဒါန်းခဲ့ပြီး ပုညပါရမီလူမှု ကူညီကယ်ဆယ်ရေးအသင်းမှ အဖွဲ့ဝင်များက အ.ထ.က (ထန်းတပင်)ဝင်းအတွင်း၌ ပိုးသတ်ဆေးရည်များ လိုက်လံပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက် နေမှုများကို တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် နှင့်လွှတ်တော်ကိုယ်စားလှယ်များရုံးအဖွဲ့မှတာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး များနှင့် အဖွဲ့ဝင်များ၊ လူငယ်အဖွဲ့များက ဝိုင်းဝန်းကာ ကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရွှေလျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် အသိပညာပေး

**ကလော မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး ခရိုင် ကလောမြို့နယ်လူထုအခြေပြု ဗဟိုဌာနရှိ ရွှေလျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် မေ ၆ ရက် နံနက် ၁၀ နာရီက ကျေးရွာများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင် စေရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ဒေါ်ခင်ကြည် ရွှေလျားစာကြည့် တိုက်ပူးပေါင်း၍ ရွှေလျားစာကြည့်တိုက် ယာဉ်ဖြင့်သွားရောက်၍ ရွာငံမြို့နယ် တောင်ပို့ကွဲကျေးရွာတွင် "ကိုဗစ်-၁၉ ရောဂါ မိမိကစ၍ ကာကွယ်ပါ" လက်ကမ်းစာစောင်များကို ဖြန့်ဝေ ပေးခဲ့ပြီး လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောနည်းစနစ် များနှင့် လက်သန့်ဆေးရည်များ စနစ် တကျသုံးစွဲကြရန် ပညာပေးဆောင် ရွက်ခဲ့ကြကြောင်း သိရသည်။

အသိပညာပေးလက်ကမ်းစာစောင် တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါဖြစ်ပွားသောဒေသမှ ပြန်လာသူများ၏ အတူနေမိသားစု ဝင်များ လိုက်နာရန်နှင့် ပြန်လာ သူများ ခွင့်သွားစဉ်၊ အိမ်တွင်နေထိုင်စဉ် လိုက်နာရမည့်အချက်များ၊ ရောဂါကူး စက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်ရမည့် နည်းလမ်းများ၊ ပြည် သူများထံသို့ မေတ္တာရပ်ခံပန်ကြား ချက်အကြောင်းအရာပါ လက်ကမ်း စာစောင်များ အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း (ပြန်/ဆက်)**

ကြေးမုံ



# ဂါရတ်ဘေးလ်ရဲ့ အပြောင်းအရွှေ့အမှားလိုမျိုးမလုပ်မိရေး ဟယ်ရီကိန်းအား စပါးအသင်း သတိပေးပြောကြား

## ဟူဂိုလိုးရစ်နေရာမှာ အစားထိုးဖို့ ပေါလ်ရော်ဘင်ဆင် တောင်းဆို



တိုက်စစ်မှူး ဟယ်ရီကိန်းအနေနဲ့ စပါးအသင်းကနေ ထွက်ခွာဖို့ရှိတယ်ဆိုရင် တိုက်စစ်မှူး ဂါရတ်ဘေးလ် အသင်းကနေ ထွက်ခဲ့သလို အပြောင်းအရွှေ့အမှားမျိုးမလုပ်မိစေဖို့ စပါးအသင်းက ဟယ်ရီကိန်းကို သတိပေးပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ ဆုဖလားတွေရယူနိုင်ဖို့ တောင်းဆိုထားမှုနဲ့အတူ စပါးအသင်းကနေ ထွက်ခွာခွင့်လည်း တောင်းဆိုထားတာကြောင့် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ မန်စီးတီးအသင်း၊ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့က ဟယ်ရီကိန်းကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

စပါးအသင်းဟာ ဟယ်ရီကိန်းရဲ့ အပြောင်းအရွှေ့ကိစ္စနဲ့ပတ်သက်ပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၁၅၀ သတ်မှတ်ထားတာဖြစ်ပြီး ၂၀၁၃ ခုနှစ်က ဂါရတ်ဘေးလ်ကို ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၈၅ ဒသမ ၃ သန်းနဲ့ ရောင်းချခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကတော့ ဂါရတ်ဘေးလ်ရဲ့ ပြောင်းရွှေ့ကြေးဟာ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်ခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ ဂါရတ်ဘေးလ်ကို အသင်းကနေ ထွက်ခွာခွင့်ပြုပြီးနောက် အမှန်တကယ်အစားထိုးနိုင်မယ့် ကစားသမားကို ခေါ်ယူနိုင်ခဲ့ခြင်း မရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ချက်ဒလီ၊ ရောဘတ်တိုဆိုဒါဒို၊ ချီရီချက်စ်၊ အဲရစ်ဆင်၊ အဲရစ်လာမယ်လာနဲ့ ပေါလင်ဟိုတို့ကို စုစုပေါင်း ပြောင်းရွှေ့ကြေး ပေါင် ၁၀၆ သန်းခန့်ပေးပြီး ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီကစားသမားတွေထဲမှာ အဲရစ်ဆင်နဲ့ လာမယ်လာတို့သာ ကာလရှည် အောင်မြင်မှုရရှိခဲ့တာဖြစ်ပြီး နှစ်ရာသီအကြာမှာတော့ ဆိုဒါဒိုနဲ့ ပေါလင်ဟိုတို့ကို ရောင်းချခဲ့ရသလို သုံးရာသီအကြာမှာတော့ ချက်ဒလီကိုလည်း အသင်းကနေ ထွက်ခွာခွင့်ပေးခဲ့ရတာဖြစ်ပါတယ်။

အဲဒါကြောင့် စပါးအသင်းရဲ့ ဂိုးသမားဟောင်းတစ်ဦးဖြစ်တဲ့ ပေါလ်ရော်ဘင်ဆင်က အသက် ၂၆ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကို အသင်းကနေ ထွက်ခွာခွင့်ပြုမယ်ဆိုရင် သူ့နေရာမှာ အမှန်တကယ် အစားထိုးနိုင်မယ့် ခြေစွမ်းပိုင်းကောင်းမွန်တဲ့ ကစားသမားကို ခေါ်ယူနိုင်ဖို့လည်း အသင်းဟောင်းကို သတိပေးထားတာဖြစ်ပါတယ်။

စပါးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲအထိ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး ဗိုလ်လုပွဲမှာ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် အခုဘောလုံးရာသီအစောပိုင်းမှာ နည်းပြပိုချက်တီနိုကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ပြီး အသင်းလက်မဲ့ဖြစ်နေတဲ့ နည်းပြ မော်ရင်ဟိုနဲ့ အစားထိုးခဲ့တာဖြစ်ပါတယ်။

စပါအသင်းအနေနဲ့ မော်ရင်ဟိုကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပေမယ့် အခုဘောလုံးရာသီမှာ ရှုံးထွက်ပြိုင်ပွဲတွေဖြစ်တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ အက်ဖ်အေပြိုင်ပွဲတို့မှာ ရှုန်းကန်ခဲ့ရပြီး ထွက်ခဲ့ရပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားအဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ ခုနစ်မှတ်အကွာနဲ့ အဆင့် ၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဒါ့ကြောင့် ဂိုးသမားပိုင်းမှာ အားနည်းချက်ဖြစ်လို့ ဂိုးသမား ဟူဂိုလိုးရစ်ရဲ့ နေရာမှာ အစားထိုးသင့်တယ်လို့ ဂိုးသမားဟောင်း ပေါလ်ရော်ဘင်ဆင်က သုံးသပ်ထားပါတယ်။ ရော်ဘင်ဆင်ဟာ စပါးအသင်းနဲ့အတူ ၂၀၀၄ ခုနစ်ကနေ ၂၀၀၈ ခုနစ်အထိ ပွဲပေါင်း ၁၇၅ ပွဲပါဝင်ကစားပေးခဲ့ပြီး အင်္ဂလန်အသင်းအတွက် ၄၁ ပွဲ အထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။ ရော်ဘင်ဆင်အနေနဲ့ ပြင်သစ်ဂိုးသမား ဟူဂိုလိုးရစ်နေရာမှာ အစားထိုးဖို့ အခုနွေရာသီမှာ ဘန်လေဂိုးသမား နစ်ပုတ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စပါးအသင်းကို တောင်းဆိုထားတာဖြစ်ပါတယ်။



# ပရီမီယာလိဂ်ချန်ပီယံအဖြစ် လီဗာပူး အောင်ပွဲခံနိုင်မည်ဟု ယူအီးအက်ဖ်အေအကြီးအကဲ စီဖာရင် ပြောကြား



လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ချန်ပီယံအဖြစ် တစ်နည်းမဟုတ်တစ်နည်းနဲ့ အောင်ပွဲခံနိုင်မှာဖြစ်တယ်လို့ ယူအီးအက်ဖ်အေအကြီးအကဲ စီဖာရင်က ပြောကြားလိုက်ပါတယ်။

လီဗာပူးအသင်းဟာ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ဒုတိယနေရာက မန်စီးတီးအသင်းကို ရမှတ် ၂၅ မှတ်ဖြတ်ပြီး ထိပ်ဆုံးကနေ ဦးဆောင်နေတာဖြစ်တဲ့အတွက် နှစ်ပေါင်း ၃၀ ကာလအတွင်းမှာ ပရီမီယာလိဂ်ဖလား ပထမဆုံးအကြိမ်ရရှိဖို့ လက်ကျန်ပွဲတွေထဲက နှစ်ပွဲနိုင်ရင်တောင် ချန်ပီယံဖြစ်မယ့်အသင်းလည်း ဖြစ်ပါတယ်။

လက်ရှိမှာတော့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပြိုင်ပွဲတွေ ရပ်နားထားရတာဖြစ်တဲ့အတွက် ပရီမီယာလိဂ်ပြိုင်ပွဲဟာ ပွဲစဉ်အားလုံးကစားပြီး ရာသီသိမ်းမလား ဒါမှမဟုတ် ဒီအခြေအနေနဲ့ပဲ ရာသီသိမ်းမလားဆိုတာက ဆုံးဖြတ်လို့မရတဲ့ အခြေအနေဖြစ်ပါတယ်။

ဒါပေမယ့် စီဖာရင်ကတော့ လီဗာပူးအသင်း ပရီမီယာလိဂ်ဖလား မရမယ့်အခြေအနေမမြင်ဘူးလို့ ဆိုပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲ ပြန်စမယ်ဆိုရင် လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်ဖို့ ရာနှုန်းပြည့်နီးပါး သေချာမှာဖြစ်သလို ပြိုင်ပွဲပြန်မစဖြစ်ဘူးဆိုရင်လည်း နောက်ဆုံးရလဒ်နဲ့ ချန်ပီယံအသင်းကို ကြေညာဖို့အတွက် နည်းလမ်းတစ်ခု ရှာဖွေနေဆဲဖြစ်တဲ့အတွက် လက်ရှိအနေအထားအရ လီဗာပူးအသင်းဟာ ချန်ပီယံအသင်းဖြစ်လာမှာဖြစ်တယ်လို့ ယူအီးအက်ဖ်အေအကြီးအကဲ စီဖာရင်က ပြောကြားခဲ့ပါတယ်။

# မန်စီးတီးတောင်ပံကစားသမား ဆာနေး ဘိုင်ယန်သို့ ပြောင်းရွှေ့ကစားရန် ရှိနေ

မန်စီးတီးအသင်းတောင်ပံကစားသမား လီရွိုင်းဆာနေးဟာ အခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ရှိနေတယ်လို့ သိရပါတယ်။

ဂျာမန်ဘွန်ဒက်လီဂါရဲ့ အင်အားကြီးကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ လီရွိုင်းဆာနေးကို မွေးရပ်မြေဆီ ပြန်ခေါ်ဖို့ လျှို့ဝှက်ထားတာမရှိဘဲ အတိအလင်းပြောကြားထားတဲ့အပြင် မန်စီးတီးအသင်းကလည်း တောင်ပံကစားသမား လီရွိုင်းဆာနေးရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၉၀ သတ်မှတ်ထားတာဖြစ်ပါတယ်။



ဆာနေးဟာ လီဗာပူးအသင်းကို မန်စီးတီးအသင်းက အနိုင်ရရှိခဲ့တဲ့ ကွန်မြူနတီဒိုင်းပွဲစဉ်မှာ ဒဏ်ရာရခဲ့တာဖြစ်ပြီး မကြာသေးမီကပဲ ဒဏ်ရာကနေ သက်သာလာကာ လေ့ကျင့်ရေးပြန်ဆင်းနေတာ ဖြစ်ပါတယ်။

ဆာနေးဟာ ဒဏ်ရာမရမီက မန်စီးတီးအသင်းအတွက် အဓိကကစားသမားတစ်ဦးဖြစ်ခဲ့သလို ၁၃၄ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၃၉ အထိ သွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဆာနေးအနေနဲ့ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား နှစ်ရာသီဆက်ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

တောင်ပံကစားသမား လီရွိုင်းဆာနေးရဲ့ မန်စီးတီးအသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ လာမယ့်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပြီး မန်စီးတီးအသင်းကလည်း အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ရှိနေတာဖြစ်ပါတယ်။

**ငွေကြယ်-ရေးသားသည်**

☆ ၂၀၂၀ မှ

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာသီဝက်အပြောင်းအရွှေ့ကာလကို ယခင်က ဧပြီ ၆ ရက်မှ မေ ၇ ရက်အထိ သတ်မှတ်ထားသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်တွင်းပွဲအားလုံးရပ်နားထားရာ အပြောင်းအရွှေ့ကာလကိုလည်း ပြောင်းလဲပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ပြောင်းလဲခဲ့သော်လည်း ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်အခြေအနေ ထိန်းချုပ်နိုင်ပြီး ပွဲလမ်းသဘင်များ၊ အားကစားပြိုင်ပွဲများ ကျင်းပနိုင်မှသာ ရာသီဝက်အပြောင်းအရွှေ့ကာလကို ယင်းရက်အတိုင်း သတ်မှတ်မည်ဖြစ်သည့်အပြင် ရောဂါအခြေအနေအပေါ် မူတည်၍ အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာသီဝက်အပြောင်းအရွှေ့ကာလပြောင်းလဲကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အကြောင်းကြားထားပြီးဖြစ်သည်။

MNL စီနီယာလိဂ်ပြိုင်ပွဲမှာ ပွဲစဉ် (၁၀) ကျင်းပနေသည့်ကာလမှာပင် ရပ်နားခဲ့ရခြင်းဖြစ်ပြီး အသင်းအချို့မှာ နိုင်ငံခြားသားကစားသမား လဲလှယ်ခြင်း၊ အသင်းအချို့မှာ နိုင်ငံခြားသားကစားသမား အသစ်ခေါ်ယူခြင်း၊ အသင်းအချို့မှာ ပြည်တွင်းကစားသမားများ ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ ယခုရာသီတွင် လိဂ်ပြိုင်ပွဲလေးခု ကျင်းပလျက်ရှိပြီး MNL-2 (ပထမတန်း) ပြိုင်ပွဲတစ်ခုသာ ပထမအကျော့ ပြီးဆုံးသေးသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine)နှင့် အခြားQuarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေး အသိပေးကြေညာချက်

COVID-19 ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် (၁၄) ရက်တာ အသွားအလာကန့်သတ်ခြင်း(သို့) တားမြစ်ခြင်းတို့ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအနေဖြင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နေ့စဉ်နံနက် ၉ နာရီ ခွဲမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ဤအစီစဉ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသော MPT,Mytel, Telenorနှင့် Ooredooတို့က COVID-19 ကူးစက်ကပ်ရောဂါဘေး ရင်ဆိုင်နေရစဉ်ကာလအတွင်း အခမဲ့ဝန်ဆောင်မှု ပေးမည်ဖြစ်ပါသည်။

နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်ပြီး အခြားလူမှုရေးနည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါက ဆက်လက်ညွှန်းပို့ချိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖော်ပြထားပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေ အပါအဝင်**
**ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| စဉ် | တိုင်း/ပြည်နယ် | MPT | Mytel | Telenor | Ooredoo |
|---|---|---|---|---|---|
| ၁။ | ကချင် | 09-889900011 | 09-661015555 | 09-770771000 | 09980000101 |
| ၂။ | ကယား | 09-889900022 | 09-661025555 | 09-770772000 | 09980000102 |
| ၃။ | ကရင် | 09-889900033 | 09-661035555 | 09-770773000 | 09980000103 |
| ၄။ | ချင်း | 09-889900044 | 09-661045555 | 09-770774000 | 09980000104 |
| ၅။ | စစ်ကိုင်း | 09-889900055 | 09-661055555 | 09-770775000 | 09980000105 |
| ၆။ | တနင်္သာရီ | 09-889900066 | 09-661065555 | 09-770776000 | 09980000106 |
| ၇။ | ပဲခူး | 09-889900077 | 09-661075555 | 09-770777000 | 09980000107 |
| ၈။ | မကွေး | 09-889900088 | 09-661085555 | 09-770778000 | 09980000108 |
| ၉။ | မန္တလေး | 09-889900099 | 09-661095555 | 09-770779000 | 09980000109 |
| ၁၀။ | မွန် | 09-889911177 | 09-661105555 | 09-770771001 | 09980000117 |
| ၁၁။ | ရခိုင် | 09-889911188 | 09-661115555 | 09-770771100 | 09980000118 |
| ၁၂။ | ရန်ကုန် | 09-889911122 | 09-661125555 | 09-770770001 | 09980000112 |
| ၁၃။ | ရှမ်း | 09-889911133 | 09-661135555 | 09-770770010 | 09980000113 |
| ၁၄။ | ဧရာဝတီ | 09-889911144 | 09-661145555 | 09-770770011 | 09980000114 |
| ၁၅။ | နေပြည်တော် | 09-889911155 | 09-661155555 | 09-770770099 | 09980000115 |
| | ရုံးချုပ် | 09-889911166 | 09-661005555 | 09-770770100 | 09980000116 |



## ကြည့်မြင်တိုင်မြို့နယ်မှ အခြေခံလုပ်သားများအား ငွေကျပ် ၁၅၃ သိန်းကျော် လှူဒါန်း

**ရန်ကုန် မေ ၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ အပါအဝင် ဌာနဆိုင်ရာ အခြေခံလုပ်သား ၅၁၃ ဦးတို့အား သင်္ကြန်ကာလအတွင်း စားသောက်ရေး ပိုမိုအဆင်ပြေစေရေးအတွက် မေ ၆ ရက် နံနက် ၁၀ နာရီက ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်းနေ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်မိသားစုက နှစ်စဉ်လှူဒါန်းမြဲဖြစ်သော သင်္ကြန်ဒါနအလှူအဖြစ် အလှူငွေများပေးအပ်ပွဲကို မဏိမေခလာလမ်းရှိ အောင်ရတနာသင်္ကန်းတိုက်၌ ပြုလုပ်သည်။

အလှူငွေများကို ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရုံးဝန်ထမ်းများ၊ သန့်ရှင်းရေးဌာနဝန်ထမ်းများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ဗဟိုစံပြငါးဈေးရုံးဝန်ထမ်းများ၊ လုံခြုံရေးများ၊ ငါးဒိုင်လုပ်သားများ စုစုပေါင်း ၅၁၃ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၃၉၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

**တင်ဝင်းတင်**

## မြစ်သားမြို့နယ်၌ မြို့အဝင်အထွက်နှင့် မြို့နယ်အတွင်း ယာဉ်ဖြတ်သန်းသွားလာမှုများအား စစ်ဆေးကြပ်မတ်ဆောင်ရွက်



**မြစ်သား မေ ၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရမှ တားမြစ်အမိန့် ထုတ်ပြန်ထားရှိခြင်းအပေါ် လိုက်နာမှုရှိစေရေးအတွက် မြစ်သားမြို့အဝင်အထွက်နှင့် မြို့နယ်အတွင်း မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများအား ယနေ့ နံနက် ၆ နာရီမှစတင်ကာ မြို့အဝင်(မန္တလေး-မြင်းခြံ လမ်းမ)ပေါ်ရှိ ဘိုးဘွားရိပ်သာရှေ့နှင့် ကူမဲမြို့(လမ်းခွ-သပြေတောင်းလမ်း) မြစ်သားလမ်းဆုံ ဂိတ်တို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မော်တော်ယာဉ်များ ဝင်ထွက်သွားလာမှုအား မန္တလေးတိုင်းဒေသကြီးအစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)အရ မြစ်သားမြို့နယ်အတွင်းသို့ ကုန်စည်စီးဆင်းမှုအတွက် ဝင်ထွက်သွားလာနေသည့် ကုန်တင်ယာဉ်များနှင့် အိမ်စီးကားများမှအပ ကျန်ရှိသောခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများအားလုံး၊ အလည်အပတ်သွားရောက်သည့်ယာဉ်များအားလုံးနှင့် အိမ်စီးကားများ အနက် (ယာဉ်မောင်းအပါအဝင်ခုနစ်ဦးထက်ပိုသော) မော်တော်ယာဉ်များအားလုံး မြစ်သားမြို့နယ်အတွင်းသို့ မေ ၆ ရက်မှ ၂၁ ရက်အထိ ခေတ္တယာယီပိတ်သိမ်းထားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက ပြောသည်။ အဆိုပါ စစ်ဆေးရေးဂိတ်များတွင် ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆုမွန်(မြစ်သားပြန်/ဆက်)**

ဖျာပုံမြို့နေ ဆန်းဗေဒင်ဆရာကြီး (ဦးဘိုးဆန်း-ဒေါ်စောမြ)တို့၏ မြေး၊ (ဦးဘကြိုင်-ဒေါ်သိန်းမေ)တို့၏ သမီး၊ (ဦးမြ-ဒေါ်ဖွားမြိုင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခွာညို(၆)လမ်း၊ အမှတ်(၄၃) နေ (ဦးကြည်ဝင်း)-ဒေါ်တင်လှိုင်၊ ဒေါ်ခင်သောင်း(ဆန်းဗေဒင်ဆရာမ)၊ ဦးမြတ်ထွန်း-ဒေါ်ခင်ချိုဝင်း၊ ဦးသန်းဆိုင်(တိုင်းရင်းဆေး-ငြိမ်း)-ဒေါ်စန်းစန်းရင်(တိုင်းရင်းဆေး-ငြိမ်း)၊ ဦးဝင်းအောင်-ဒေါ်စန်းစန်းရီ၊ ဦးထွန်းထွန်းဦး (Super Mega Co., Ltd.)-ဒေါ်မိမိလှိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏အဘွား၊ (ဦးမောင်စိန်)၏ ချစ်လှစွာသောဇနီးသည် ၆-၅-၂၀၂၀ (တနင်္လာနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ခွာညို(၆)လမ်း၊ အမှတ်(၄၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမင်းကြည် (ဖြူး)

### အသက် (၈၂) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နေ (ဦးပြူး-ဒေါ်သန်း)တို့၏သား၊ (ဦးဖိုးလင်း-ဒေါ်အေးကြည်)တို့၏သားသမက်၊ (ဦးမြင့်စိုး)-ဒေါ်မြင့်ရီတို့၏ ညီ/မောင်၊ ဦးလှမြင့်သိန်း-ဒေါ်ခင်စန်း၊ (ဦးစိုးဝင်း-ဒေါ်ခင်မြင့်)၊ ဦးခင်မောင်တိုး-ဒေါ်ခင်မြင့်၊ တောင်ငူမြို့နေ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်မြမြဝင်းရီတို့၏ အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ်(၈၃၃-က)နေ ဒေါ်ရွှေမြလင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးသီတာမိုး(မန်နေဂျာ-စာရင်းအင်း၊ UEC Company)၊ ဦးနိုင်ထွန်းဦး-ဒေါ်ကေခိုင်သက်၊ ဦးမင်းသူရလင်း(Viking Cruisc Line)-ဒေါ်ခင်ထားမြင့်၊ ဒုတိယဗိုလ်မှူးကြီးစိုးသူရ(တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး)-ဒေါ်ဝါဝါခိုင်တို့၏ ဖခင်၊ မြေး၄ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးမင်းကြည်သည် ၆-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရုပ်ဝေးရုပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာကြည်

**အလက(၄)၊ ရန်ကင်း (ငြိမ်း)**

### အသက် (၆၆) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အောက်လှည်းဆိပ်ကျေးရွာနေ (ဦးလေးမောင်-ဒေါ်တင်ဥ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ မြို့ပတ်လမ်း၊ (၅/၁၃၅) နေ အောင်မိုးကျော်၊ အမျိုးသားလွှတ်တော်လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး-ဒေါ်ဇွန်စန်းပွင့်၊ ပြည့်စုံအောင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ စုမြတ်ကြယ်စင်ကြည်ကြည်ဝင်း၊ မင်းမြတ်တာရာကျော်တို့၏အဘွား၊(ဦးလှစိန်)၏ ချစ်လှစွာသောဇနီး ဒေါ်အမာကြည်သည် ၅-၅-၂၀၂၀ ရက် ည ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကိုအောင်ကျော်စိုး

### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၄၂)နေ (ဦးအေးကြည်)-ဒေါ်ကြင်ကြူတို့၏ သား၊ ဦးရဲထွန်းဝင်း-မစိုးယဉ်မင်းတို့၏ မောင်၊ ကိုအေးချမ်းအောင်-မဝင်းပပတို့၏ အစ်ကိုသည် ၆-၅-၂၀၂၀ (တနင်္လာနေ့) ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ်(၃၈)၊ ရွှေဝါထွန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငွေးငွေးသောင်း

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း အလယ်၊ အမှတ်(၁၂၂)နေ ဦးမြသောင်း (ခေတ္တရာပုံနှိပ်တိုက်)-(ဒေါ်မြမြသိန်း)တို့၏ ချစ်လှစွာသောသမီး၊ ဦးမျိုးမင်း-ဒေါ်ခင်မေအေးတို့၏ ညီမ၊ မောင်မင်းဟိန်းထက်-မပိုးနန္ဒာမိုးအောင်တို့၏ အဒေါ်၊ မဇူစျာန်မေ၏အဘွားလေး ဒေါ်ငွေးငွေးသောင်းသည် ၆-၅-၂၀၂၀ (တနင်္လာနေ့) ညနေ ၃:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်ဩဝါဒါစရိယ

**ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ကောဒသမဂဏာဓိပတိ**

## ဘဒ္ဒန္တကောလိတမဟာထေရ်(မဟာကမ္မဋ္ဌာနာစရိယ)

### သိက္ခာတော် (၇၅)ဝါ၊ သက်တော်(၉၅)နှစ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းစံပြကျေးရွာ၊ ဝါးတောကျောင်း(ဓမ္မရိပ်သာ)၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ -မဟာရင်ဂိုဏ်း၏ ကောဒသမဂဏာဓိပတိ ဂိုဏ်းချုပ်ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တကောလိတမဟာထေရ် (မဟာကမ္မဋ္ဌာနာစရိယ)သည် (၁၃၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်) ၆-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၉:၄၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီဖြစ်ကြောင်းနှင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်အား သာဓုကီဠနအန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးပါမည်။

**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

**ဝါးတောကျောင်း(ဓမ္မရိပ်သာ)၊ ကော့ဗိန်းစံပြကျေးရွာ**

**ကော့ကရိတ်မြို့နယ်၊ကရင်ပြည်နယ်**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မာကြည် (နတ္တလင်း)

မရမ်းခြံကျောင်းသူဟောင်း

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံအနီး၊ ရွှေထီးအိမ်ရာ (နန္ဒဝန်)၊ တိုက်(၁၂)၊ အခန်း(၀၀၁)နေ [ဦးသန်းတင် (ဒု-အင်/ချုပ်-ငြိမ်း၊ EPC)]၏ ဇနီး၊ (ဦးမောင်မောင်အေး)-ဒေါ်သင်းသင်းနွယ်၊ ဦးမောင်မောင်သန်း-ဒေါ်လွင်လွင်မာ၊ ဒေါ်လွင်မာသန်း၊ (ဦးခင်မောင်ငွေး)-ဒေါ်ချိုချိုလွင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်ခင်မာကြည်သည် ၇-၅-၂၀၂၀ (အင်္ဂါနေ့)နံနက် ၀၀:၂၀ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရုပ်ဝေးရုပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးလွင် (တပ်ကြပ်ကြီး-ငြိမ်း) (၇၈)နှစ်

**အမှတ်-၉၈၁၊ ပစ္စည်းထိန်းအင်ဂျင်နီယာတပ်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ အင်ကြင်းကန် အနောက်ရွာနေ (ဦးဘိုးဦး-ဒေါ်မယ်ရီ)တို့၏ သား၊ (ဦးကျော်-ဒေါ်အေးပို)တို့၏ သားသမက်၊ (ဒေါ်ခင်ကြည်)၊ ဦးကျော်ဟိုး-ဒေါ်တင်ကြည်၊ ဦးပေါ်-(ဒေါ်ခင်မို)တို့၏ ညီ/မောင်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၃/၃၃၅)နေ ဒေါ်တင်မေ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာတင်တင်မျိုး(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏ ချစ်လှစွာသောဖခင် ဦးမျိုးလွင် (တပ်ကြပ်ကြီး-ငြိမ်း)သည် ၆-၅-၂၀၂၀ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်ပြီးပါကြောင်း ရုပ်နီးရုပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Daw Elizabeth Philip(ခ)ဒေါ်မူမူခင်

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင် ပိုင်း၊ ရွှေယင်းမာ(၅)လမ်း၊ အမှတ် (၁၀၀၁/ခ)၊ (၂၄)ရပ်ကွက်နေ (ဦးတင်ဦး-ဒေါ်မြင့်မြင့်)၏ သမီးချွေးမ၊ (ဦးဖီးလစ်-ဒေါ်ခင်)တို့၏ သမီးကြီး၊ (ဦးတင်ညွန့်)၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်ဇော်ဇော်-ဒေါ်သီဂီလွင်၊ (ဦးသန့်ဇင်ထွန်း)-ဒေါ်နီလာဇော်၊ ဦးအာကာဇော်-ဒေါ်ဇွန်ပွင့်ဖြူ၊ဦးအောင်ပြည့်စုံ-ဒေါ်ခိုင်ဝေမွန်အောင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၇-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၃၈ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၅-၂၀၂၀(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရုပ်နီးရုပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးနိုင်(ခ)ဦးဇော်ဦး (MEHS)

### အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးထွန်းရှိန်-ဒေါ်သန်းရီ)တို့၏ သားကြီး၊ ဒေါ်လှလှမြင့်၏ခင်ပွန်း၊ Dr.မောင်မောင်စိုး-Dr.ခင်ခင် (MEHS)၊ ဦးဝင်းဟန်-ဒေါ်အေးအေးသန်း၊ (ဦးသက်တင်-ဒေါ်ခင်သန်းစု)၊ ဦးမောင်မောင်လေး - ဒေါ်စန်းစန်းရှိန်(MEHS)တို့၏အစ်ကို ဦးစိုးနိုင်(ခ)ဦးဇော်ဦး(MEHS)သည် ၆-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MEHS အထက(၁)၊ ဒဂုံကျောင်းသူ/ သားဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်စောဦး

**ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)**

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၂)၊ မြေညီထပ်နေ ဦးအောင်စောဦး (ဒုတိယအင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား) သည် ၄-၅-၂၀၂၀ (စနေနေ့) နံနက် ၃:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Forever Group Co.,Ltd., MRTV-4, Channel 7,**

**Manadalay FM, Teen Radio ဝန်ထမ်းမိသားစုများ**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀)သို့ တက်ရောက်

**နေပြည်တော် မေ ၇**
စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးစိုးဝင်း၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ(၁/၂၀၂၀)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ကိုဗစ်-၁၉ ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် အသေးစားနှင့်အလတ်စား လုပ်ငန်းများသို့ ထုတ်ချေးမည့် ပထမအသုတ် ချေးငွေအား သင်္ကြန်ရုံးပိတ်ရက်မတိုင်မီ ထုတ်ပေးရန်ဆုံးဖြတ်

**နေပြည်တော် မေ ၇**
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၀) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် မတ်လ ၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းမိန့်ထုတ်ပြန်ပြီးနောက် မတ်လ ၁၄ ရက်နေ့တွင် ပထမအစည်းအဝေးကိုလည်းကောင်း၊ မတ်လ ၁၈ ရက်နေ့တွင် ဒုတိယအစည်းအဝေးကိုလည်းကောင်း ကျင်းပ၍ ကိုဗစ်-၁၉ ရန်ပုံငွေ ထူထောင်ကာ ချေးငွေထုတ်ပေးမည့် အစီအစဉ်၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ ပေးဆောင်ရန် ကာလသတ်မှတ်ချက်အား ဖြေလျှော့ပေးသည့် အစီအစဉ်နှင့် ဘဏ်တိုးနှုန်းလျှော့ချပေးသည့် အစီအစဉ်တို့ကို အချိန်နှင့်တစ်ပြေးညီ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○

# ၂၀၂၀ ရာသီအတွက် ရာသီဝက်အပြောင်းအရွှေ့ကာလကို မြန်မာနေရှင်နယ်လိဂ်ကော်မတီ ပြောင်းလဲသတ်မှတ်



၂၀၂၀ ရာသီ MNL ပွဲစဉ်တစ်ခုအား တွေ့ရစဉ်။

**နေပြည်တော် မေ ၇**
မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီ ပြည်တွင်းလိဂ်ပြိုင်ပွဲများအတွက် ရာသီဝက်အပြောင်းအရွှေ့ကာလကို ပြောင်းလဲသတ်မှတ်ခဲ့ပြီး မေ ၇ ရက်တွင် အတည်ပြုသတ်မှတ်ခဲ့သည်။

### အပြောင်းအလဲပြုလုပ်

ရာသီဝက် အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူခြင်း၊ နိုင်ငံခြားသားကစားသမားလဲလှယ်ခြင်း၊ အသစ်ခေါ်ယူခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပြီး ကလပ်အသင်းအများစုမှာ ကစားသမားအပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၅ သို့ ☆

ကြေးမုံ အသွေးအကျ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၇**
စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

မိုး/ဇလ

## ကြေးမုံ ယနေ့ ဖတ်စရာ


**အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်ပါဝင်များ ဝေငှပေးနိုင်ရေးအတွက် ကြိုတင်စာရင်းကောက်ယူရေး ညှိနှိုင်းဆွေးနွေး**
စာမျက်နှာ » ၇

**မြန်မာ့ရိုးရာ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း MRTV-4 နှင့် Channel-7 ရုပ်သံလိုင်းတို့မှ အထူးအစီအစဉ်များ တင်ဆက်သွားမည်**
စာမျက်နှာ » ၉

**အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့သွားမည့် အစီအစဉ်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ကုန်သည်စက်မှုအသင်းချုပ် ပူးပေါင်းပါဝင်သွားမည်**
စာမျက်နှာ » ၁၀

**ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုထိန်းချုပ်ရန် နှစ်သစ်ကူးအခမ်းအနားများ ဖျက်သိမ်းကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ကြေညာ**
စာမျက်နှာ » ၁၂

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၈၊ ၂၀၂၀ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စာတွ (၁) နှစ်တာ

# ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေးထိန်းကျောင်းပေးလျက်ရှိသည့်

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

**ဆောင်းပါး - သူရဇော်၊ ဓာတ်ပုံ - အေးသန်း**


ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း။

"ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်**ကောင်းမွန်စေရေး ထိန်းကျောင်းပေး"** ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဘဏ္ဍာအရင်းအမြစ်များကို လေလွင့်မှုမရှိ အကျိုးရှိစွာစီမံခန့်ခွဲဆောင်ရွက်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးပင်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ ပွင့်လင်းမြင်သာမှုပိုမိုရှိလာစေရန်၊ တာဝန်ခံ/တာဝန်ယူဆောင်ရွက်မှုကို သေချာစွာရရှိစေရန်၊ အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်၊ အများပြည်သူ၏ ယုံကြည်ကိုးစားမှုကို တိုးမြှင့်ရရှိနိုင်စေရန်၊ နိုင်ငံသားများ၏ တန်ဖိုးထားမှုနှင့် အကျိုးစီးပွားအတွက် ပြည်သူ့ဘဏ္ဍာအရင်းအမြစ်များကို စွမ်းဆောင်ရည်ပြည့်ဝပြီး ထိရောက်စွာ ရယူသုံးစွဲခြင်းကို မြှင့်တင်ရန်၊ နိုင်ငံတကာစံနှုန်းနှင့်အညီ ဆောင်ရွက်နိုင်သည့် အရည်အသွေးပြည့်ဝသော ဝန်ထမ်းများဖြင့် နိုင်ငံတော်အစိုးရကို အကူအညီပေးနိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့သည့် ဘဏ္ဍာရေးစာရင်းများစစ်ဆေးခြင်း (Financial Audit)၊ လိုက်နာမှုရှိ/မရှိစစ်ဆေးခြင်း (Compliance Audit)၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit)နှင့် ဘက်စုံစစ်ဆေးခြင်း (Comprehensive Audit) များကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့ပြင် အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးရာတွင် အဆိုပါ အဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်ငွေရေးကြေးရေးဆိုင်ရာ လုပ်ဆောင်ချက်များသည် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စစ်ဆေးခဲ့သည်။

အလားတူ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းအမျိုးအစားဖြစ်သော 3E Audit ဆိုသည့် Economy၊ Efficiency၊ Effectiveness များနှင့်သက်ဆိုင်သော ရှုထောင့်အမြင်မှ စစ်ဆေးခြင်းကို ဌာန၏ဘဏ္ဍာရေးဆိုင်ရာ စာရင်းများ စစ်ဆေးချိန်တွင် တစ်ပါတည်းစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များကို ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (Financial Audit Report) ၌ တစ်ပေါင်းတည်း ဖော်ပြခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သည့် "ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း (Financial Audit)၊ လိုက်နာမှုရှိ/မရှိစစ်ဆေးခြင်း (Compliance Audit) နဲ့ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit) အပါအဝင် ဘက်စုံစစ်ဆေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြောသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်ထံ တင်ပြသည့် အစီရင်ခံစာများတွင် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းအပေါ် အကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၏ စစ်ဆေးတွေ့ရှိချက်များနှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှုဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ၊ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ပြန်လည်ပေးသွင်းရမည့်ငွေများနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် ထူးခြားသော စစ်ဆေးတွေ့ရှိချက်များကိုလည်း တင်ပြနိုင်ခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးအဆင့်ဆင့်တို့သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားသော တာဝန်များနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စစ်ဆေးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းစစ်ဆေးဖော်ထုတ်ပြီး ပြည်သူထံသို့ ပြန်လည်ရှင်းလင်းတင်ပြ အစီရင်ခံသွားမည်ဖြစ်သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများ အလေအလွင့်မရှိစေရေးအတွက် ဌာန၊ အဖွဲ့အစည်းများက တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန် အလို့ငှာ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အစီရင်ခံစာများပေးပို့သည်။

ယင်းအစီရင်ခံစာများထဲတွင် ထူးခြားအရေးပါသော စစ်ဆေးတွေ့ရှိချက်များ၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများက ပေးပို့လာသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအဖြစ် ပြုစုရေးသားကာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (က) နှင့် (ဏ) တို့အရ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်ထံ တစ်ပြိုင်တည်း အစီရင်ခံတင်ပြလျက်ရှိသည်။

ထို့အတူ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များက တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၂၅ (က) နှင့် (ဃ) တို့အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်သို့ တစ်ပြိုင်တည်း အစီရင်ခံတင်ပြဆောင်ရွက်ရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များရှိပါက ဌာနအနေဖြင့် အရေးယူဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁ (ခ) နှင့်အညီ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံ စီမံခန့်ခွဲမှုအကြောင်းကြားစာ (Management Letter) ပေးပို့သည့်အပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံ စီမံခန့်ခွဲမှုအကြောင်းကြားစာပေးပို့ပြီး ဌာနမှ ပြန်ကြားချက်ရရှိပါက ပြန်လည်စိစစ်ပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ

အထူးကဏ္ဍ [ ခ ] သို့ »»


ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ လက်ထောက်ညွှန်ကြားရေးမှူးများ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

> ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး အဆင့်ဆင့်တို့သည် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားသော တာဝန်များနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စစ်ဆေးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းစစ်ဆေးဖော်ထုတ်ပြီး ပြည်သူထံသို့ ပြန်လည်ရှင်းလင်းတင်ပြ အစီရင်ခံသွားမည် ဖြစ်



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ACCA၊ MICPA၊ IFCA မှ ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

»» အထူးကဏ္ဍ [ က ] မှ

မည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြလျက်ရှိသည်။

အစိုးရ၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သဘောထားတောင်းခံလာသည့် ငွေ၊ ပစ္စည်းနှင့် ရရန်ရှိသည်များ ဆုံးရှုံးမှုအတွက် စာရင်းမှ ပယ်ဖျက်ရန်ကိစ္စ၊ အဖွဲ့အစည်းအချင်းချင်း ပုံသေပိုင်ပစ္စည်းများ လွှဲပြောင်းခြင်းအတွက် စာရင်းညှိနှိုင်းရန်ကိစ္စ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များကိစ္စ၊ ပြင်ပစာရင်းစစ်ငှားရမ်းရန်ကိစ္စ၊ ဘဏ္ဍာငွေကြေးကိုင်တွယ်ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စာရင်းကိုင်မူ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက် ၂၅၇ စောင် ပြန်ကြားခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး သဘောထားအကြံပြုချက်များ ပေးပို့ခြင်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံ့အကျိုး၊ ပြည်သူလူထု၏ အကျိုးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၈ - ၂၀၂၂)ကို ရေးဆွဲခဲ့ပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်သွားရန် မဟာဗျူဟာရည်မှန်းချက် (Strategic Goals) ၇ ရပ်ကို ချမှတ်ခဲ့သည်။

**မဟာဗျူဟာရည်မှန်းချက် - ၁** အနေဖြင့် နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့် စံများ (ISSAI) အခြေပြုစစ်ဆေးရေးလက်စွဲနှင့် လမ်းညွှန်များကို ပြုစုထုတ်ပြန်လိုက်နာ ကျင့်သုံးရန်ဖြစ်ပြီး ISSAI Based Financial Audit၊ Performance Audit၊ Compliance Audit တို့နှင့်စပ်လျဉ်းသည့် Workshop များကျင်းပပေးနိုင်ခဲ့ပြီး Financial Audit Practical Guidelines ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး စစ်ဆေးရေးအမျိုးအစားအလိုက် Manual များ ပြုစုရေးသားခြင်းနှင့်လက်စွဲကိုအခြေခံ၍ Practical Guidelines & Tools ပြုစုခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**မဟာဗျူဟာရည်မှန်းချက် - ၂** အနေဖြင့် နိုင်ငံတကာပြည်သူ့ကဏ္ဍစာရင်းစံ-IPSAS ကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးနှင့် လိုက်နာကျင့်သုံးနိုင်စေရေးတို့ကို ဆောင်ရွက်ရန်ဖြစ်ပြီး ကမ္ဘာ့ဘဏ်၊ EU တို့၏ အကူအညီဖြင့် IPSAS နှင့် IFRS လိုက်နာကျင့်သုံးနိုင်စေရေး Transition Plan များနှင့် Roadmap များ ချမှတ်ဆောင်ရွက်လျက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ကာ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဌာနတွင်းနှင့် ဌာနဆိုင်ရာသင်တန်းများတွင် IPSAS ကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားပေးလျက်ရှိသည်။

**မဟာဗျူဟာရည်မှန်းချက် - ၃** အနေဖြင့် စစ်ဆေးရေးလုပ်ငန်းများကို ပိုမိုထိရောက်ကောင်းမွန်စေရန် စစ်ဆေးရေးစွမ်းဆောင်ရည် မြှင့်တင်စေရေး အစီအမံများ၊ အရည်အသွေးတိုးတက်မှုအတွက် Quality Assurance Review လမ်းညွှန်ကို ထုတ်ပြန်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ် နည်းဥပဒေ ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိသည်။ ဌာနတွင်း စစ်ဆေးရေး၊ စီမံရေးရာလုပ်ငန်း ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရေးအတွက်လည်း Internal Audit Division ကို ခိုင်မာအားကောင်းစေရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**မဟာဗျူဟာရည်မှန်းချက် - ၄** အနေဖြင့် ဖွဲ့စည်းပုံ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးရန်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၉ - ၂၀၂၁ အတွက် HR Plan ရေးဆွဲနိုင်ခဲ့ပြီး HR Policy၊ HR Strategy နှင့် Competency Framework တို့ကို ရေးဆွဲနိုင်ရေးစီစဉ်လျက်ရှိသည်။

**မဟာဗျူဟာရည်မှန်းချက် - ၅** အနေဖြင့် e-Government System ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပြီး IT Strategy ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ Mini Data Center ကို အသုံးပြု၍ IT နည်းပညာနှင့် သတင်းအချက်အလက်များကို မျှဝေသုံးစွဲရန်၊ ရုံးချုပ်နှင့် ဒေသရုံးများအကြား video Conferencing ဆောင်ရွက်နိုင်ရန်လည်း စီစဉ်လျက်ရှိသည်။

**မဟာဗျူဟာရည်မှန်းချက် - ၆** သည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်ရန်ဖြစ်ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၄ - ၂၀၂၁) တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာဌာနများ၏ ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းလိုက်နာမှု အားကောင်းခိုင်မာစေရေး စစ်ဆေးရေးလုပ်ငန်းများကို ဘက်လိုက်မှုမရှိဘဲ အဂတိကင်းစွာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လွှတ်တော်သို့ တင်ပြသည့် ပြည်ထောင်စုစာရင်းစစ်ချုပ် အစီရင်ခံစာများကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိသည်။

**မဟာဗျူဟာရည်မှန်းချက် - ၇** အနေဖြင့် အာဆီယံစာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၊ အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASOSAI)နှင့် နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (INTOSAI) တို့၏ Activities များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပြီး ASEANSAI, ASOSAI, INTOSAI အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်၍ အဖွဲ့ဝင်နိုင်ငံများအကြား ကာလရှည်စီမံချက်ဖြင့် Cooperative Audit များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ချမှတ်ထားသည့် မဟာဗျူဟာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ "မဟာဗျူဟာရည်မှန်းချက် ၂၀၁၈ - ၂၀၂၂ ပါ အစီအစဉ်တွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းစစ်ရုံးတွေရဲ့ စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဗျူဟာလုပ်ငန်းစီမံချက်ကို ၆၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆိုသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အစိုးရ၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း EU ၏ အကူအညီဖြင့် နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့် စံများ ISSAI အခြေပြုဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ Financial Audit Practical Guide ရေးဆွဲပြီး Rollout Plan ရေးဆွဲ၍ လက်တွေ့စမ်းသပ်စစ်ဆေးခြင်း၊ Legal ပိုင်းနှင့်စပ်လျဉ်း၍ Independence Mandate နှင့် legislation တို့အတွက် ပြည်သူ့ငွေစာရင်း

> မဟာဗျူဟာရည်မှန်းချက်-၆ သည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်ရန်ဖြစ်ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၄ - ၂၀၂၁)တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာဌာနများ၏ ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းလိုက်နာမှု အားကောင်းခိုင်မာစေရေး စစ်ဆေးရေးလုပ်ငန်းများကို ဘက်လိုက်မှုမရှိဘဲ အဂတိကင်းစွာဖြင့် ဆောင်ရွက်လျက်ရှိ

အထူးကဏ္ဍ [ ဂ ] သို့ »»



၁၇-၂-၂၀၂၀ ရက်နေ့မှ ၂၈-၂-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းဌာနစိတ်ဝန်ထမ်းများအား နော်ဝေနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက သင်တန်းပို့ချစဉ်။

»» အထူးကဏ္ဍ [ ခ ] မှ

ပူးပေါင်းကော်မတီ (JPAC)နှင့် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

"နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးရဲ့ အကူအညီနဲ့ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းလိုက်နာမှု စစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်များ ထုတ်ပြန်နိုင်ရေးတို့ကို အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် GIZ ရဲ့ နည်းပညာအကူအညီနဲ့ ပုဂ္ဂလိကဘဏ်တွေရဲ့ IFRS နဲ့စပ်လျဉ်းတဲ့ သိရှိနားလည်မှုဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ Survey Result ပေါ်မူတည်ပြီး Interview ပြုလုပ်ခြင်း၊ Interview Result ပေါ်မူတည်ပြီး IFRS သို့ အသွင်ကူးပြောင်းရေး ဆောင်ရွက်နိုင်မည့် ဘဏ်များကိုရွေးချယ်ခြင်း၊ IFRS သို့ ပြောင်းလဲရန် အထောက်အကူပြုအလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြောသည်။

ထို့အတူ ကမ္ဘာ့ဘဏ်နှင့် EU တို့၏ အကူအညီဖြင့် Myanmar Public Sector Accounting Conference ကို ကျင်းပခဲ့ခြင်း၊ IPSAS သို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် Transition Plan ရေးဆွဲဆောင်ရွက်ခြင်း၊ IPSAS Implementation Preparatory Committee ဖွဲ့စည်းခြင်း၊ EU ၏ နည်းပညာအကူအညီဖြင့် IPSAS Basic နှင့် Advanced သင်တန်းများ၊ IFRS သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အဆင့်မြင့်စာရင်းပညာရပ်များ ကျွမ်းကျင်သည့် စာရင်းပညာရှင်နှင့် စာရင်းပညာကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးအတွက် မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council – MAC) က ကြီးမှူး၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ဒီပလိုမာစာရင်းကိုင် သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခင်က လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းသို့ စီးပွားရေးတက္ကသိုလ်များမှ B.Com ဘွဲ့ရ အမှတ်များသူ Fresh Graduates များကိုသာ တက်ခွင့်ပြုခဲ့ရာမှ ဝင်ပေါက်ချဲ့ထွင်ပေးသည့်အနေဖြင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း အမှတ်စဉ် ၄၃၊ ၂၀၁၇–၂၀၁၈ ပညာသင်နှစ်မှစတင်ပြီး စီးပွားရေးတက္ကသိုလ်များမှ B.Com , B.Act, BBA ဘွဲ့ရများ၊ မြန်မာနိုင်ငံစာရင်းကောင်စီက ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamental Skills Level ပြီးစီးသူများနှင့် CIMA Diploma in Management Accounting ပြီးစီးသူများကို တက်ရောက်ခွင့်ပြုခဲ့သည်။

ထို့ပြင် လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းအမှတ်စဉ် ၄၅၊ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှစတင်ကာ သမဝါယမ တက္ကသိုလ်မှ ပေးအပ်သော B.BSc (Accounting & Finance) ဘွဲ့ရများကို တိုက်ရိုက်တက်ရောက်ခွင့်ပြုခဲ့ပြီး အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူများကို နှစ်ကန့်သတ်ချက်မရှိဘဲ ဝင်ခွင့်စာမေးပွဲဖြေဆိုပြီး တက်ရောက်ခွင့်ပြုခဲ့သည်။

"အရင်က ဒီပလိုမာစာရင်းကိုင်သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲနဲ့ ရွေးချယ်တက်ရောက်စေခဲ့ပေမယ့် ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်ကစပြီး ဝင်ခွင့်စာမေးပွဲတွေ မလုပ်တော့ဘဲ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူတွေဟာ ဒီပလိုမာစာရင်းကိုင်သင်တန်းကို တိုက်ရိုက်တက်ရောက်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆိုသည်။

၁၉၇၂ ခုနှစ် စတင်ဖွင့်လှစ်ခဲ့သည့် အချိန်မှစ၍ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အထိ လက်မှတ်ရပြည်သူ့စာရင်းကိုင် ပထမပိုင်းသင်တန်းအောင်မြင်ပြီးသူ ၃၈၁၀၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်း သင်တန်းအောင်မြင်ပြီးသူ ၂၆၂၈ ဦး၊ ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်းအောင်မြင်ပြီးသူ ၈၇၄၃ ဦးနှင့် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်း




ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း (၁၂–၈–၂၀၁၉) ရက်နေ့က ကျင်းပသည့် Myanmar Public Sector Accounting Conference တွင် မိန့်ခွန်းပြောကြားစဉ်။

**"၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၉ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ စာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ၂/၂၀၂၀ အစည်းအဝေးက အစိုးရကဏ္ဍစာရင်း လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်ပထမအဆင့် ၈၃ ဦး၊ စာရင်းပညာရှင်ဒုတိယအဆင့် ၁၀၂ ဦးနှင့် စာရင်းကျွမ်းကျင်သူ ၆၆၈၂ ဦးရှိပြီး ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်ရှိ စာရင်းပညာရှင် ပထမအဆင့် ၁၀၉၀ နှင့် စာရင်းပညာဒုတိယအဆင့် ၁၃၅၃ ဦးရှိသည်ကို မှတ်တမ်းတင်ခဲ့**

သင်တန်း အောင်မြင်ပြီးသူ ၄၆၀၇ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၉ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ စာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ၂/၂၀၂၀ အစည်းအဝေးက အစိုးရကဏ္ဍစာရင်း လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်ပထမအဆင့် ၈၃ ဦး၊ စာရင်းပညာရှင်ဒုတိယအဆင့် ၁၀၂ ဦးနှင့် စာရင်းကျွမ်းကျင်သူ ၆၆၈၂ ဦးရှိပြီး ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်ရှိ စာရင်းပညာရှင် ပထမအဆင့် ၁၀၉၀ နှင့် စာရင်းပညာဒုတိယအဆင့် ၁၃၅၃ ဦးရှိသည်ကို မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေအရ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် စာရင်းပညာရှင် အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants – MICPA)ကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)သည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပြဋ္ဌာန်းချက်များအရ ဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ၊ စာရင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ကောင်စီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် စာရင်းပညာ စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သော သို့မဟုတ် ပြင်ဆင်သင့်သော သင်ရိုးညွှန်းတမ်း၊ စည်းမျဉ်း၊ စည်းကမ်း၊ စံ၊ လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီသို့ အကြံပြုတင်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) တို့နှင့်ပူးပေါင်း၍ စာရင်းနှင့်စာရင်းပညာ မြင့်မားတိုးတက်စေရေး ရည်ရွယ်လျက် စာရင်းနှင့်စာရင်းစစ်ပြပွဲ ၂၀၁၆ ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် လည်းကောင်း၊ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် Commerce နယ်ပယ်ရှိ ဆက်စပ်လုပ်ငန်းရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပေါ်မှုတွင် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာဖြင့် ချိတ်ဆက်မိစေရေး၊ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ပြီး မြန်မာ့ကုန်သွယ်စီးပွားပွဲတော် ၂၀၁၈ ကို ရန်ကုန်မြို့ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင်လည်းကောင်း၊ သီရိပစ္စယာ ဟိုတယ်၌ ASEAN Fedration of Accountants ၏ Strategic Meeting ကို အိမ်ရှင်အဖြစ် လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

MICPA ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း New Constitution of MICPA ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် Special General Meeting တွင် အတည်ပြုခဲ့သည်။ ထို့ပြင် IFRS Translation ပြုလုပ်ရန်အတွက် ADB Funding ဖြင့် ဆောင်ရွက်လျက်ရှိရာ IFRS for SMEs အတွက် Translator ခန့်အပ်၍ ဘာသာပြန်ဆိုဆောင်ရွက်လျက်ရှိပြီး Full IFRS ဘာသာပြန်ဆိုရန် Translator ခန့်အပ်ရန်အတွက် Terms of Reference – TOR ကို အတည်ပြုပြီးဖြစ်သည်။ MICPA အနေဖြင့် IFAC Associate Membership ဖြစ်ရေးအတွက် Application Package ကို IFAC သို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ပေးပို့ခဲ့ပြီး ဖြစ်သည်။

၂၀၁၈ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် ASEAN CPA လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ASEAN CPA လက်မှတ်ရ စာရင်းပညာရှင် ၂၉၀ ကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ASEAN CPA လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် ၁၁၃ ဦးကို လည်းကောင်း စုစုပေါင်း ၄၀၃ ဦးကို ASEAN CPA လက်မှတ်များ အပ်နှင်းပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများကို ကွန်ပျူတာအသုံးပြုမှု ရင်းနှီးလာစေရန် ကွန်ပျူတာအခြေခံသင်တန်းများ (Microsoft Word, Microsoft Excel, Microsoft Power Point) ဖွင့်လှစ်ပေးပြီး ဌာနတွင်းလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းများတွင် အရာထမ်း၊ အမှုထမ်းများအား IT Audit နှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများ တိုးတက်စေရန်ရည်ရွယ်ပြီး ပို့ချချက်စာစဉ်များ ပြုစုပို့ချပေးလျက်ရှိသည်။




Performance Audit (PA) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် Mini Data Centre ကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စတင်လည်ပတ်ခဲ့ပြီး ရုံးချုပ်ရှိ ဌာနခွဲများ အချင်းချင်းကြားတွင် လည်းကောင်း၊ ရုံးချုပ်နှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးများ အချင်းချင်းကြားတွင် လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့ကြားတွင်လည်းကောင်း Document sharing ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ထို့ပြင် သက်ဆိုင်ရာဌာနခွဲများရှိ စာရွက်စာတမ်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်နိုင်ရန် File Structure များကို Server ထဲတွင် တည်ဆောက်ပေးပြီး စာရွက်စာတမ်းများအား သက်ဆိုင်ရာ Folder အသီးသီးအောက်တွင် စုစည်းထားခြင်းဖြင့် လွယ်လင့်တကူ ရှာဖွေနိုင်သည့်အပြင် လုပ်ငန်းများကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ ခရိုင်စာရင်းစစ်ရုံးရှိ ဦးစီးအရာရှိနှင့်အထက် အရာထမ်းများကို ရုံး domain ဖြစ်သည့် oagmac.gov.mm ဖြင့် E-mail Accounts များ ဖွင့်လှစ်ပေးခြင်း၊ E-mail Accounts များ လုံခြုံမှုရှိစေရန် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်ခြင်းနှင့် ဝန်ထမ်းများ Security နှင့်ပတ်သက်၍ Awareness ရရှိစေရန် Knowledge Sharing ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် Financial Audit ကို အထောက်အကူပြု Tool တစ်ခုဖြစ်သည့် Data Analytic

အထူးကဏ္ဍ [ ဃ ] သို့ »»



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ စာရင်းစစ်-၃ များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄၉) သင်တန်းသား သင်တန်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

Tools(IDEA) ဝယ်ယူ၍ Pilot Audit Team ၂ ဖွဲ့ဖြင့် စတင်ဆောင်ရွက်နိုင်ရန်၊ ဆောင်ရွက်မည့်အဖွဲ့အစည်းကို ရွေးချယ်ပြီးစာရင်းစစ်ဆေးရန်နှင့် Pilot Audit Team မှ အတွေ့အကြုံနှင့် ဗဟုသုတများကို ထပ်ဆင့်ဖြန့်ဝေပေးရန်ရည်ရွယ်ပြီး Data Analysis လုပ်ခြင်းဖြင့် လုပ်နိုင်စွမ်းအားအပေါ်မူတည်၍ နောင်နှစ်များတွင် လိုအပ်ပါက ထပ်တိုးဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စာရင်းစစ်စာရွက်စာတမ်း အထောက်အထားများကို စနစ်တကျထိန်းသိမ်းထားရှိရန်အတွက် Audit Flow ဖြင့် ဆောင်ရွက်ထားပြီး Performance Audit တွင် စတင်သုံးစွဲရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ယူဆောင်ရွက်ရပြီး မြန်မာနိုင်ငံစာရင်းကောင်စီ၏ ရုံးလုပ်ငန်းတာဝန်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ - ၂၀၁၅ တွင်ပါရှိသည့် ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများကို နိုင်ငံတကာစာရင်းအဖွဲ့အစည်း (IFAC)၏ အသုံးအနှုန်းများနှင့် ကိုက်ညီစေရေး၊ စာရင်းလုပ်ငန်းအမျိုးအစားများ ပိုမိုပြည့်စုံရေး၊ စာရင်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုဖွင့်လှစ်နိုင်ရေး၊ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆိုင်ရာကော်မတီများသို့ လွှဲအပ်ဆောင်ရွက်စေနိုင်ရေး၊ သင်တန်းဆရာများမှတ်ပုံတင်ရေး၊ အခြားသောတည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေရေးစသည့်အချက်များကြောင့် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပြင်ဆင်သည့်ဥပဒေကို ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံစာရင်းကောင်စီနည်းဥပဒေ ရေးဆွဲရေးကော်မတီက နည်းဥပဒေ(မူကြမ်း)ကို အခန်း ၁၆ ခန်းဖြင့်ရေးဆွဲခဲ့ပြီး နည်းဥပဒေရေးဆွဲရေးကော်မတီ၏ အတည်ပြုပြီးဖြစ်သည့် မြန်မာနိုင်ငံစာရင်းကောင်စီနည်းဥပဒေ ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

“အရင်က ပုဂ္ဂလိကကဏ္ဍမှာ စာရင်းလုပ်ကိုင်သူ တစ်ဦးချင်းအနေနဲ့ လုပ်ကိုင်ရေး မှတ်ပုံတင်ခွင့်ပြုခဲ့ရာမှ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ(၂၀၁၅)အရ တစ်ဦးချင်း၊ အစုစပ်လုပ်ငန်းနဲ့ ကုမ္ပဏီအနေနဲ့ မှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။ ဒါ့အပြင် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားသူတွေသာ ဆောင်ရွက်ခွင့်ရှိတဲ့လုပ်ငန်းနဲ့ မြန်မာနိုင်ငံသားတွေသာမက ဘယ်သူမဆို တစ်ဦးချင်းဖြစ်စေ၊ လုပ်ငန်းအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်ခွင့်ရှိတဲ့ လုပ်ငန်းတွေ ခွဲခြား သတ်မှတ်ပြီး မှတ်ပုံတင်ခွင့်ပြုလျက်ရှိပါတယ်”ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြောသည်။

မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (IFRS) ကို လိုက်နာဆောင်ရွက်ရန်အတွက် IFRS Foundation Corporation နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးပြီး IFRS (Up to Date Version)ကို အများပြည်သူ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများတွင် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်မှစ၍လည်းကောင်း၊ ထိုအဖွဲ့အစည်းများသာမက မည်သည့်လုပ်ငန်းမျိုး၌မဆို လိုက်နာကျင့်သုံးလိုပါကလည်း ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်ထက်စော၍လည်းကောင်း လိုက်နာကျင့်သုံးနိုင်ရေးအတွက် အမိန့်ကြော်ငြာစာကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံစာရင်းကောင်စီ၌ မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် တက်ရောက်ခွင့်နှင့် ကိုယ်တိုင် လေ့လာသင်ယူခွင့်ကိုလည်း လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်သင်တန်းအတွက် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှစတင်၍လည်းကောင်း၊ ဒီပလိုမာ စာရင်းကိုင်သင်တန်းအတွက် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှစတင်၍လည်းကောင်း ခွင့်ပြုခဲ့ရာ ယနေ့ထိ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ၁၅ ကျောင်းနှင့် ၂၀၁၉ ခုနှစ်အတွက် သင်တန်းဆရာ ၆၉ ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အရည်အချင်းပြည့်မီသည့် စာရင်းပညာရှင်များ ပိုမိုတိုးမြှင့်မွေးထုတ်ရေး ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာ လက်မှတ်နှင့်ဘွဲ့ရရှိထားသည့် မြန်မာနိုင်ငံသားများကို အရည်အချင်းစစ်စာမေးပွဲကျင်းပ၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် အသိအမှတ်ပြုခြင်း အစီအစဉ်ကို ၂၀၁၅ ခုနှစ်မှစတင်၍ တစ်နှစ်လျှင် နှစ်ကြိမ်ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ စာမေးပွဲ ၁၀ ကြိမ်ကျင်းပခဲ့ပြီး စုစုပေါင်း အောင်မြင်သူ ၇၆ ဦး ရှိခဲ့သည်။

မြန်မာနိုင်ငံ စာရင်းကောင်စီသည် ပုဂ္ဂလိကစာရင်းကဏ္ဍနှင့် စာရင်းပညာရှင်များကို ကြီးကြပ်ထိန်းကျောင်းသည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ခေတ်ကာလနှင့်လျော်ညီသော ပြုပြင်ပြောင်းလဲတိုးတက်မှုများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ မြန်မာ့စီးပွားရေးနယ်ပယ်တွင် နိုင်ငံတကာနှင့်အညီ စာရင်းပညာ၊ အခွန်နှင့်ဘဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကိစ္စရပ်များ ဖြစ်ထွန်းပေါ်ပေါက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ( Myanmar Sustainable Development Program : MSDP) ကို မဏ္ဍိုင် သုံးခု၊ ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၈ ခုဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် Strategy 1.4 Enhance good governance, institutional performance and improve the efficiency of administrative decision making at all levels, 1.4.2 enhancing parliamentary oversight as part of standard budget, planning and Audit Process တွင် ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ MSDP ကို စောင့်ကြည့်အကဲဖြတ်မည့် အမျိုးသားအဆင့်ညွှန်းကိန်းမူဘောင် (National Indicator Framework-NIF)ကို ဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပါဝင်သော Task Team ၁၂ ခုဖြင့် ဖွဲ့စည်းဖော်ထုတ် ဆောင်ရွက်ခဲ့ရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် Rules of Law Team နှင့် Monetary and Investment Team တွင် ပါဝင်၍ ဆောင်ရွက်ခဲ့ကြောင်းနှင့် Strategy 2.5 Enhancing the efficiency and competitiveness of State-owned Economic Enterprises (SEEs) အတွက် Idicator 2.5.3 Number of percentage of SEEs having undergone a full or partial performance audit ဖြင့်တိုင်းတာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး အဆင့်ဆင့်တို့သည် နိုင်ငံတော်၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို တင်ပြရာတွင် အစီရင်ခံစာပါ စစ်ဆေးတွေ့ရှိချက်များအရ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် အသုံးစရိတ်များကို ခြိုးခြံချွေတာသုံးစွဲခြင်း ရှိ/မရှိ၊ လုပ်ငန်းဆောင်ရွက်ချက်များသည် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်ခြင်း ရှိ/မရှိနှင့် ပြည်သူများအတွက် အကျိုးသက်ရောက်မှု ရှိ/မရှိ တို့ကို ပြည်သူတို့အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိခွင့်ရရှိနေပြီးဖြစ်သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဘဏ္ဍာနှစ်အလိုက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြလျက်ရှိသဖြင့် အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် စနစ်တကျလုပ်ငန်းကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းနည်းစနစ်ကျနမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်မှု၊ ငွေကြေးနှင့် ပစ္စည်းများ အကျိုးရှိစွာအသုံးပြုနိုင်မှုတို့ကို တစ်ဖက်တစ်လမ်းမှ အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်ခဲ့သည်။

စာရင်းစစ်ရုံးအဆင့်ဆင့်၏ စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့ခြင်းနှင့် အထက်အဆင့်ဆင့်သို့ တင်ပြခြင်းများ ဆောင်ရွက်ရာတွင် ဌာနအသီးသီးမှ စစ်ဆေးတွေ့ရှိချက်များအပေါ် အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ထိုသို့အချိန်မီလိုက်နာဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်ပြီး နိုင်ငံနှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် စာရင်းစစ်ရုံးများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ဦးစီးအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၁၉) သင်တန်းဖွင့်လှစ်ပို့ချစဉ်။